www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၄ စက်တင်ဘာ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံမောင်း
ကွန်ပျူတာ - မုဒ်ဒီနီဝ(အင်းစိန်)
အတွင်းဖလင် - ADORN
ထုတ်ဝေသူ - ဦးထွန်းထွန်း (၀၀၉၇၅)
စာပေအမှုထောင်
၂၀၉၊ ၁၀၁၄ လမ်း မြို့သစ်
(၁၀+၈)ရပ်ကွက် အင်းစိန်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မင်းနိုင် (မြဝတီ)
မိုးပေါ်ပုံနှိပ်တိုက်
အမှတ် (၂၇)၊ ၅၂ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဖော်ပြချက် | စာ-၂
ပျော်ရွှင်စရာကောင်းလှသော ... နှင့် ဘုန်းကြီးတစ္ဆေ/
စတာန်မင်း၊ ရန်ကုန်
စာပေအမှုထောင် ပထမအကြိမ် ၂၀၁၄
၂၅၆ စာ ၊ ၁၈ စင်တီ


BURMESE CLASSIC .com

ပျော်ရွှင်စရာကောင်းလှသော

# ဝဲဝီ

နှင့်

# ဘုန်းကြီးတစ္ဆေ

စတာန်မင်း

မိတ်ဆွေ စာပေ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပျော်ပွဲစားရောက်လာသောမဖဲဝါနှင့် ဘုန်းကြီးတစ္ဆေ | ၁ |
| ၂။ | နောက်တာလား ခြောက်တာလား | ၁၉ |
| ၃။ | အခေါင်းထွက်သည့်တစ္ဆေနှင့် ထူးဆန်းသည့်လူသူတော် | ၃၆ |
| ၄။ | တံတွေးတစ်စက် ပါးတစ်ချက် | ၅၆ |
| ၅။ | ဖြေးဖြေးဆင်း ဖြေးဖြေးဆင်း | ၇၄ |
| ၆။ | ငါ့ပစ္စည်း ပြန်ပေး | ၉၉ |
| ၇။ | နေရာတောင်းသည့် သရဲရန်ကျော် | ၁၁၇ |
| ၈။ | တရားခံဖမ်းပေးသော မဖဲဝါ | ၁၄၆ |
| ၉။ | မဖဲဝါနှင့် မိုးသည်းည လူကနှစ်ယောက် | ၁၆၁ |
| ၁၀။ | ဥစ္စာမရ တရားရ | ၁၈၃ |
| | အချိန်မတော် လာပင့်တဲ့ အသုဘ | ၂၀၉ |




## ပျော်ပွဲစားရောက်လာသော မဖဲဝါနှင့်ဘုန်းကြီးတစ္ဆေ

မြန်တံဆာမြို့အပိုင်၊ ချောင်းရင်းကျေးရွာသည် ရပ်ကွက်(၁၁)ရပ်ကွက် ရှိကာ အိမ်ခြေတစ်ထောင်ကျော် ရှိသည်မို့ သုဿန်ကလည်း နှစ်ခုရှိသည်။

ရွာအနောက်ပိုင်း ကုက္ကိုနှစ်ပင်သုဿန်နှင့် ရွာတောင်ပိုင်းသုဿန်တို့ ဖြစ်သည်။

ရွာတောင်ပိုင်းသုဿန်က လူနေရပ်ကွက်နှင့် လှည်းလမ်းသာ ခြားပြီး ရဲနွယ်ချောင်းနှင့်လည်း နီးသဖြင့် မြေမြှုပ်သင်္ဂြိုဟ်ခြင်းကိစ္စကို အနီးအပါးရပ်ကွက်များကသာ ပို့ဆောင်သင်္ဂြိုဟ်ကြသည်။

ရွာအနောက်ပိုင်း ကုက္ကိုနှစ်ပင်သုဿန်က လူ



www.burmeseclassic.com

ရပ်ကွက်နှင့် အလှမ်းဝေးသည်။

ရွာနှင့်မီးရထားလမ်းကြားတွင် ရိုးရိုး နွားစာကျက်ကွင်းကလည်း ကျယ်ပြန့်စွာ ရှိသည်။

ထို့ကြောင့် ရွာသန့်ရှင်းမှုကို အလေးထားသော လူအများက ထိုသုသာန်တွင်သာ မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို အများဆုံး ပြုကြသည်။

ကျွန်တော် ကျောင်းပြီး၍ အလုပ်မဝင်ခင် ချောင်းရင်းရွာသို့ပြန်ကာ မိဘလယ်ယာကို ဝိုင်းကူညီခဲ့သည့် တစ်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော သရဲမ မဖဲဝါနှင့် အတူ ပျော်ပွဲစားထွက်ခဲ့သည့်အကြောင်းလေး ပြန်သတိရလိုက်သည်။

ကျောင်းနေဘက်သူငယ်ချင်း ကျော်ကြီး၊ မိုးလွင်၊ သောင်းမြင့်၊ မျိုးသိန်း၊ မြင့်ဦး၊ သိန်းဇော်၊ ကျော်တင်တို့က အလုပ်ခွင် မဝင်ကြသေးပဲ ရွာမှာပင် တစ်စုတစ်ဝေးတည်း ရှိနေကြသည်။

(ယခုမူ တချို့က အလုပ်ခွင် ဝင်ရောက်ပြီး အမြို့မြို့အရွာရွာ ရောက်နေသလို ကျွန်တော်လည်း ရန်ကုန်မှာ အခြေချနေပြီ ဖြစ်သည်။





သူငယ်ချင်းတစ်စု ဆုံမိကြရင်း ညနေ ကျော်ကြီးတို့လယ်တွင် အပျော်ထမင်းဟင်း ချက်စားကြရန် တိုင်ပင်ကြသည်။

ထိုအကြောင်းကို မိုးလွင်က ကျွန်တော့်အား လာပြောသည်။

"ညနေ ငါးနာရီ လူစုံမယ်နော်"

"စားတာတော့ ဟုတ်ပါပြီ၊ ဘာဟင်းချက်မှာလဲ မပြောသေးဘူး"

"ဟင်းကတော့ သိမှာပေါ့ ကြောင်သားလား ခွေးသားလား တစ်ခုခုဖြစ်လိမ့်မယ်"

"ဟာ ခွေးသား ငါ မစားဘူး"

"မင်းကို စတာပါကွာ"

"သောင်းမြင့်တို့အိမ်က ကြောင်ကို ကျော်တင်တို့အိမ်ကခွေးက ကိုက်လို့သေသွားရော၊ သောင်းမြင့်က ကျော်တင်တို့ အိမ်က ကြောင်ဝါကြီးကို မင်းခွေးကိုက်လို့ ငါ့ကြောင်သေရတာ မင်းကြောင်ကို ပြန်သတ်မယ် ဆိုပြီး လေးခွနဲ့ပစ်တာ"

"သေသွားရောလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်တွေက အဲဒီကြောင်တော့ကို လွှင့်ပစ်ရမှာ နှမြောတာနဲ့"

"သဘောပေါက်ပြီ"

"အဲဒီကြောင်ကိုဖျက်ပြီး ပြွန်တန်ဆာက ဦးမောင်မောင် ခေါက်ဆွဲဆိုင် အခေါက်ကင်တဲ့ဖိုထဲမှာ မီးကင်ခိုင်းထားတယ်လို့ ပြောတယ်"

"ဦးမောင်မောင်ဆိုင်မှာ တောင်ကြီးက ပို့လိုက်တဲ့ သံပုရာအရက်ရှိတယ်ဆိုလို့ လေးပုလင်း ယူခဲ့ခိုင်းထားတယ်"

"ကုန်ကျတာအားလုံး စုပေါင်းမျှခံရမှာပေါ့"

"အေး ညနေ လယ်ထဲက စောစောပြန်ပြီး ကျော်ကြီးတို့တဲ ဝင်ခဲ့မယ်"

"ငါးနာရီထက် နောက်မကျစေနဲ့နော်၊ မင်းအတွက် စရိတ်တော့ပါပစေ"

"ဘယ်လောက်ပါရင် ရမလဲ"

"တို့အားလုံး နှစ်ကျပ်စီ သတ်မှတ်ထားတယ်"

"အေး အေး ငါအချိန်မီ လာခဲ့မယ်"

မျိုးလွင်ပြန်သွားတော့ ကျွန်တော်လည်း ညနေ





ပိုင်း ဖရဲစိုက်ခင်းထဲဆင်းပြီး ဖရဲပင်များ ရေထမ်းလောင်းနေလိုက်သည်။

* * * * *

ကျွန်တော် ကျော်ကြီးတို့ လယ်ထဲရောက်သွားတော့ ကျော်ကြီး ထမင်းအိုးတည် ဆန်ဆေးနေသည်။

ဟင်းအတွက် ဆီ၊ ဆား၊ ငြုတ်၊ ကြက်သွန် အားလုံးအဆင်သင့် ဖြစ်နေသော်လည်း အသားက ရောက်မလာသေး။

"မြင့်ဦးနဲ့မျိုးသိန်းတို့ အသားကင်ထားတာ သွားယူနေတယ်"။

'ငါဘာကူညီပေးရမလဲ'

'အားလုံးအဆင်သင့်လုပ်ထားတယ်'

ထင်းတုံးမီးစွဲအောင်ယပ်ခပ်ပေးပါလား ကျွန်တော်လည်း ယပ်တောင်ရှာရှာ မတွေ့သဖြင့် ဒန်အိုးအဖုံးတစ်ခုယူပြီး ယပ်ခပ်ပေးလိုက်သည်။

မကြာခင်မှာပင် အသားကင်နှင့် အရက်သွားယူသော မြင့်ဦးတို့အုပ်စု ပြန်ရောက်လာကြသည်။

အသားများကို သောင်းမြင့်က ခုတ်ထစ်ပြီး ဆီ



www.burmeseclassic.com

www.burmeseclassic.com



အားပြတ်ကြက်သွန်ဂျင်း စပါးလင်တို့ဖြင့် နယ်ကာ စတင် ချက်တော့သည်။

ကျွန်တော်တို့လူစု ချက်ပြုတ်သောနေရာက တာလမ်းနှင့် ပေသုံးဆယ်ခန့်သာ ကွာသဖြင့် ညနေ လယ်ကွင်းမှ အိမ်သို့ပြန်လာကြသော အသိမိတ်ဆွေများ က စကြ နောက်ကြသည်။

'ငါတို့ကောလာစားလို့မရဘူးလား'

'ဟာရတာပေါ့ ခင်ဗျားပဲလာလာ ဘယ်သူပဲ လာ လာ ဝင်စားသွားလို့ရပါတယ်'

ပျော်ပွဲစားတာ ကိုတိုးနီရေ . အိမ်ပြန်မနေနဲ့ တော့ ဝင်စားသွားလေ။

"စားကြပါကွာ ငါတို့ဝင်စားလိုက်လို့ မင်းတို့မစား ရပဲဖြစ်သွားမယ်"

"ကုန်သွားတော့လဲ အရိုးကိုက်ရရင်တော်ပါပြီ"

"ကျေးဇူးပဲဟေ့ မစားပါဘူးကွာ မင်းတို့အုပ်စုကို မြင်ပြီး မဝင်ရဲတော့ဘူး"

"ငါတို့လူစုကိုကြည့်ပြီး ကိုတိုးနီတို့ လန့်သွားပြီး" ခရီးသွားဟန်လွှဲစားမည်သောက်မည်ပြောသော်လည်း





မည်သူမျှထဲအတွင်းဝင်မလာကြပါ။

ထမင်းအိုးဟင်းအိုးတည်ထားရင်း ကျွန်တော်တို့ လည်း အရက်ကိုဝိုင်းဖွဲ့သောက်နေကြသည်။

အရက်နှစ်ပုလင်းကုန်သွားတော့ ဟင်းက ကျက် ပြီဖြစ်သည်။

ဟင်းကျက်ပြီဆိုရင် အမြည်းလုပ်ဖို့ တစ်ပုဂံ သွား ခပ်ကွာ။

သိန်းဇော်က ဟင်းတစ်ပုဂံသွား၍ခပ်လာသည်။

ကျွန်တော်တို့လည်း အသား တစ်တုံးစီ ပုဂံထဲမှ ခပ်ယူလိုက်ပြီး အရက်ကိုဆက်၍ သောက်နေလိုက်ကြ သည်။

"ဗျို့သူငယ်ချင်းတို့"

"ဗျို့သူငယ်ချင်းတို့"

"ဟေ့ မျိုးလွင် တဲရှေ့မှာ အဖိုးအိုတစ်ယောက်နဲ့ အမျိုး သမီးတစ်ယောက်လှမ်းခေါ်နေတယ်"

"ဗျာ အဘ ဒီထဲဝင်ခဲ့လေ ကျွန်တော်တို့တော့ ရေချိန်ကိုက်နေလို့ မထနိုင်တော့ဘူး"

"အေး အေး ဝင်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးအို အသက်(၇၀)ခန့် ပင်နီတိုက်ပုံ အဟောင်းတစ်ထည် ခေါင်းက ဆံပင်မရှိ ဂတုံးဖြစ်သည်"

အမျိုးသမီးကလည်း၊ ပုဆိုးအဟောင်းတစ်ထည် ခေါင်းပေါင်းထားသည်၊ အသက် (၃၀)ခန့် ရှိမည်၊ သားအဖဖြစ်ဟန်တူသည်။

"အဘိုးတို့က ဘယ်ကလာပြီး ဘယ်ကိုသွားကြမှာလဲ"

"အဘိုးတို့က ရွာထဲသွားမလို့ ငါ့မြေးတို့အသံကြားလို့ဝင်လာတာ၊ အဘိုးတို့က ကုက္ကိုနှစ်ပင်က လာခဲ့တာ. ရွာထဲသွားတဲ့လမ်းကို ညွှန်းခိုင်းမလို့"

"ဒီအနီးနားမှာ ကညင်နှစ်မင်ရွာ၊ မအူတန်းရွာ သစ်ပင်အမည်နဲ့ခေါ် တဲ့ရွာနှစ်ရွာပဲရှိပါတယ်၊ ကုက္ကိုနှစ်ပင်ရွာလို့ မကြားဘူးပါဘူး"

"သားတို့က ငယ်သေးလို့ ဗဟုသုတနည်းသေးတယ် ကုက္ကိုနှစ်ပင်ရွာရှိပါတယ်"

"အဘိုးကလည်း သားတို့က မွေးကတည်းက ဒီရွာမှာနေခဲ့တာ၊ ဒီရွာရဲ့ အနီး အဝေးရွာတွေကိုရွက်ပြလို့ရတယ် ကုက္ကိုနှစ်ပင်တော့ မကြားမိဘူး"





မိုးလွင်က မူးမူးနှင့် ကုက္ကိုနှစ်ပင်ရွာမရှိပါ အတင်းငြင်းနေသဖြင့်

"ကဲပါ မိုးလွင်ရာ လူကြီးကရှိတယ်ဆိုလည်း ရှိလိုက်ပေါ့"

သောက်မြင့်က မိုးလွင်ပါးစပ်ပိတ်အောင် ပြောလိုက်ရင်း အဘိုးအိုနှင့် အမျိုးသမီးတို့အား

"ဒါနဲ့ အဘိုးရွာကိုမသွားခင် ဗိုက်ဆာရင် ကျွန်တော်တို့ ထမင်းဟင်းကျွေးပြီးဒါနပြုလိုက်ပါရစေ၊ စားပြီးမှ သွားကြပါလား"

"အေး အေး လူလေးတို့ကျွေးတော့လည်း စားရတာပေါ့"

"ကဲကဲ အဘိုးတို့က ဒီမှာထိုင်မယ် လူလေးတို့က တဲပေါ်မှာပဲထိုင်ကြပေါ့"

"အို ဘယ်ဟုတ်မလဲ အဘိုးတို့ အမကြီးတို့က ကျွန်တော်တို့ထက် အသက်ပိုကြီးတယ် တဲပေါ်မှာ သွားထိုင်ပါလား"

"ကျွန်တော်တို့ ထမင်းဟင်းခူးခပ်ပေးပါမယ်"

"ရပါတယ် အဘိုးတို့က အရက်ဝိုင်းနဲ့ ဝေးဝေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပါရစေ လူလေးတို့ ငရဲမကြီးပါဘူး ဒီမှာပဲထိုင်စားပြီး ရွာကိုသွားတာပေါ့"

"ဒါဆို ကျွန်တော်ထမင်းနဲ့ ဟင်း ခူးခပ်ထည့်ပေးပါ့မယ်"

မျိုးလွင်နှင့် မြင့်ဦးတို့နှစ်ယောက် ထမင်းပွဲပြင်ပေးနေကြသည်။

" အစ်မကြီး ဟင်းလိုရင် ထပ်ထည့်စား ကျွန်တော်တို့တော့ အမြည်းနဲ့ အရက်သွားပြီး ကြိတ်လိုက်အုံးမယ်။

သောင်းမြင့် မျိုးလွင် မြင့်ဦးတို့ တဲပေါ်ပြန်ရောက်လာသည်နှင့် ကျွန်တော်တို့ လူစုလည်း စကားလုပြောရင်း၊ အမြည်းစားရင်း အရက်သောက်ရင်း အပြင်က အဖိုးအိုနှင့် အမျိုးသမီးတို့အား ဂရုမပြုမိကြတော့ပေ။

"ကဲ မျိုးသိန်းရေ. . အမြည်းတစ်ပုဂံကုန်သွားပြီ၊ သွားထပ်ထည့်အုံး"

"ထမင်းနဲ့စားဖို့ မကျန်ပဲနေအုံးမယ်"

အရက်သောက် အမြည်းစားလို့ ဗိုက်တင်းတော့လဲ ထမင်းမစားတော့ဘူးကွာ. . အမြည်းလုပ်ဖို့ ဟင်းသာ ထပ်ထည့်။





ကျွန်တော်လည်း နည်းနည်းမူးလာပြီမို့ အမြည်းသာ အတင်းထည့်ခိုင်းနေသည်။

မျိုးသိန်းလည်း ဟင်းပန်းကန်ကိုဆွဲပြီး ဆင်းသွားသည်

ဟင်းထည့်ရန် အိုး အဖုံးဖွင့်လိုက်သည်

"ဟာ ဟော့ကောင်တွေ"

"ဘာလဲ ဘာဖြစ်လို့လဲ အလန့်တကြား အော်လိုက်တာ ဟင်း. . ဟင်းအိုးထဲမှာ တစ်ဖတ်မှ မရှိတော့ဘူး"

"ဟေ. . ဟုတ်ရဲ့လား"

ဟော့ကောင် မျိုးသိန်း ဟင်းကအိုးရဲ့တစ်ဝက်လောက် ရှိသေးတာ ငါတို့ တစ်ပုဂံပဲခပ်ရသေးတယ်လေ မင်းညာလို့ကတော့ အသေပဲ"

အရက်မူးနေကြပေမယ့် အားလုံးထိုင်နေရာက ထရပ်ဖြစ်သွားကြသည်။

"ဟုတ်တယ် ညာလို့ကတော့ အသေပဲ"

"လာပဲလာကြည့်ပါအုံး"

အားလုံးတဲပေါ်မှ ဟင်းအိုးရှိရာသို့ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အိုး အတွင်း၌ ဟင်းတစ်ဖတ်မျှမရှိတော့ကြောင်း တွေ့လိုက်ကြသည်။

ထိုအချိန်မှ အဘိုးအိုသားအဖတို့လှည့်ကြည့်မိကြသည်။

သူတို့စားလည်း ဟင်းတစ်ပုဂံအပြင် အပို မယူနိုင်ပါဘူး။

သူတို့လူစု ရုတ်ရုတ်သဲသဲ ဖြစ်နေပေမယ့် သူတို့ကို ကျောပေးအနေအထားနှင့်ထိုင်နေသော အဘိုးအိုနှင့် အမျိုးသမီးတို့မှာ ဘာမျှ ပင်မပြော။ ငြိမ်၍ စားနေကြသည်။

အရိုးကိုက်သံပင် တကျွတ်ကျွတ်ကြားနေရသည်။

"အဘိုး၊ အဘိုး ထမင်းဝရဲ့လား၊ ဒီမှာ ထမင်းက မရှော့ပဲ၊ ဟင်းတွေက ကုန်ပြီ"

"ကုန်ဆို မင်းတို့စားခိုင်းလို့ ငါတို့စားပစ်လိုက်ပြီ"

"ဗျာ အဘိုးတို့ စားပစ်လိုက်ပြီ ဟုတ်လား"

ထိုအခါမှ အဘိုးနှင့် အသက်သုံးဆယ်ဝန်းကျင်





အမျိုးသမီးတို့မှာ လာတုံးကနှင့်မတူ။ ပုံပျက်နေသည်ကို တွေ့လိုက်ကြရသည်။

လာတုံးက အမျိုးသမီးခေါင်းမှာ ပုဆိုးအဟောင်း တစ်ထည် ရှိနေသည်။ ယခုမူ ပုဆိုးမရှိတော့ဘဲ ဆံပင်ဖားလျားချလျက် ရှိနေသည်။

သူတို့လူစုအား လှည့်ကြည့်လိုက်သောရုပ်မှာ လူသေမျက်နှာအား လောက်များ ကိုက်စားထားသည့်နှယ်၊ အရိုးတခြား၊ အသားတစ်ဝက်စီ ဖြစ်နေသည်။

"ဟာ၊ သရဲ သရဲ"

"ဝုန်း . . ဝုန်း"

အားလုံး အလဲလဲ အပြိုပြို ဖြစ်ကုန်သည်။

"မကြောက်ပါနဲ့ မင်းတို့က ညနေထဲက လာစားပါ။ လာစားပါလို့ ရွာသားတွေကို ခေါ်နေတာ မဟုတ်လား"။

"ဒါနဲ့ ငါ့တူမရှိတဲ့ ရွာအနောက်သုသာန်ကုက္ကိုနှစ်ပင်မှာနေတဲ့ မဖဲဝါကို သွားခေါ်ပြီးလာခဲ့တာပဲ"

"ဗျာ . . မဖဲဝါ"

"ဟုတ်တယ် ကုက္ကိုနှစ်ပင်က လူတွေရဲ့ရွာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုပေမယ့် ငါတို့ရဲ့ ရွာပဲပေါ့"

"ငါက လူ့ဘဝတုန်းက ဦးပဉ္စင်းကြီးဘေးပေါ့"

"ဟာ ဦးပဉ္စင်းကြီးဘေးတဲ့၊ ဒါဆို ဖိုးဦးကျော်က ပျံလွန်တော်မူသွားလို့ ကျောက်ကြီးလာသယ်အစဉ်၊ ဟာ ဒီက လင်းဝေါင့်မှာ သင်္ဂြိုဟ်ခဲ့တာပဲ"

"ဟုတ်တယ် ကောင်လေး"

"ငါတို့ ဗိုက်တင်းသွားပြီ ပြန်တော့မယ်"

မဖဲဝါ က -

"နင်တို့ရဲ့ဟင်း အရမ်းစားလို့ကောင်းတယ်။ ပီး ပီး၊ နင်တို့ ကုက္ကိုနှစ်ပင်ရောက်ရင် ငါ့ကိုခေါ်လိုက်၊ ဟုတ်လား၊ ငါ အဲဒီမှာ နေတယ်။ မဖဲဝါဆိုရင် ငါလာခဲ့မယ်"

"ဟာ .. ဟာ မခေါ်ပါရစေနဲ့"

"ဗိုက်ဝပြီဆိုရင်လဲ ပြန်ပါတော့ဗျာ"

"ငါ ဗိုက်ဝသွားလို့ စိတ်ကောင်းနည်းနည်း ဝင်သွားတယ်။ ဒီအဘက ဂိရွာအဝင်က ကုက္ကိုနှစ်ပင်မှာ နေတာ၊ ကဲ ငါတို့သွားပြီ"

"ကဲ အဘ၊ ဟာ - ဦးပဉ္စင်းကြီးဘေး ဗိုက်ဝရင် သွားပါတော့ဗျာ"





"အေး .. မအေး သွားပြီဟေ့"

"တောက် သွားပါပြီကွာ သရဲကိုမှ ထမင်းဟင်း ခေါ်ကျွေးလိုက်မိတယ်"

"ကိုတောင် ပါးစပ်သရမ်းပြီး တွေ့သမျှလူ လျှောက်ခေါ်နေတာကိုး။ ညဘက် အစာစားနေရင်း အပြင်က ဘယ်သူတွေ့တွေ့ စားစားပါတဲ့လို့ မခေါ်လေနဲ့"

"အဲဒီအချိန် နာနာဘာဝ၊ သရဲတစ္ဆေတွေ အနီး ပတ်ဝန်းကျင်မှာရှိရင် အိမ်ရှင်ကခေါ်လိုက်လို့ ခွင့်ပြုချက်ရပြီး ဝင်ပူးကာစားကြတယ်"

"ဟုတ်တယ် ငါကြားဖူးတယ်"

ကျွန်တော်က ကျွန်တော့်အတွေ့အကြုံကို ပြောပြလိုက်သည်။

"ငါ အကြီးဦးစံကျွန်အိမ်မှာ ငါတို့လူငယ်တစ်စု အိမ်ဝိုင်းပေးကြတုန်း ညဘက်ကို ကြက်သားချက်ပြီး စားကြတယ်ဆိုပါတော့"

"ညဘက် ဝိုင်းဖွဲ့ပြီး ထမင်းဝိုင်းဖွဲ့စားနေကြတုန်း လမ်းမက အဖိုးလေးဖိုးမောင်က လှမ်းပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဝိုင်းက လူတယ်စည်ပါလား"

"ဟုတ်တယ် အဘရေ အိမ်မိုးလို့ကြက်သားဟင်းနဲ့ ဘကြီးက ချက်ကျွေးတာ။ အဘလဲ ဝင်စားသွားပါအုံးလား"

"မဝင်တော့ဘူးဟေ့ လှဖေတို့အိမ် သွားမလို့"

စကားဆိုရုံ ရှိသေးသည်။ အဘဦးစံကွန့် မြေးနှစ်နှစ်သမီးလေး လူးလှိမ့်ငိုပါလေရော့။ မည်သို့ပင် ချော့ချော့ ဟင်းခွက်ကိုသာ လက်ညှိုးထိုးပြီး ငိုနေပါတော့သည်။

ထိုအချိန် ဘကြီးစံကွန့်ကထပြီး ဘုရားစင်ရှေ့သွားကာ ပဌာန်းကိုရွတ်ဖတ်နေသည်။ ပဌာန်းဆုံးတော့ မေတ္တာသုတ်ရွတ်ကာ ဘုရားစင်ပေါ်မှ သောက်တော်ရေဖန်ခွက်ကို ယူ၍ ကလေး၏ မျက်နှာအား ပက်ဖျန်းလိုက်ရာ ချက်ချင်းအငိုတိတ်သွားသည်။

"အဲဒါ ဘာကြောင့်လဲ"

"ဟာ . . ညကြီးလမ်းပေါ်က လူကို ထမင်းစားခေါ်လိုက်တာမဟုတ်လား။ လူက မလာပေမယ့် အနားရောက်နေတဲ့ နာနာဘာဝကောင်က အဲဒီခွင့်ပြုချက်နဲ့





အိမ်ထဲက ဝင်ပူးကပ်လို့ရမယ်။ ကလေး၊ လူကြီးဝင်ပူးပြီး စားဖို့ကြံတာပေါ့"

"အဘစံကွန့်ရဲ့ ပဌာန်းရေကြောင့် နာနာဘဝ ပြန်ထွက်သွားတာ"

"ငါတို့လဲ ညနေက လမ်းသွားလမ်းလာတွေကို ဝင်စားပါအုံးလို့ ခေါ်လိုက်တယ်မဟုတ်လား"

"နောက်ကို ဆင်ခြင် . . ဆင်ခြင်"

"အခုမှပဲ မဖဲဝါကို မြင်ဖူးတော့တယ်"

"သူတို့က ပုံစံအမျိုးမျိုးဖန်တီးနိုင်တယ်၊ အခု မြင်လိုက်တာ သူ့ရုပ်အမှန်ပဲ ဖြစ်မယ်"

ထိုစဉ် သောင်းမြင့်က -

"တောက် . . အိမ်ကခွေး . . လူကိုက်လို့ သတ်ပစ်လိုက်တာပဲ။ အဖတ်တင်တယ်။ မစားလိုက်ရဘူး"

သောင်းမြင့်စကားကြောင့် ကျွန်တော်ရော သိန်းဇော်ပါ မျက်လုံးပြူးသွားပြီး -

"မင်းတို့ ပြောတော့ ကြောင်သားဆို"

"ခွေးသားဆို မင်းတို့ မစားမှာစိုးလို့ ကြောင်သားလို့ ဇာတ်လမ်းဆင်ပြီး ပြောခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးက မျိုးလှိုင်စကားကို ထောက်ခံပြီး-

"ဆွေးသားက ဥလာကောင်းတယ်ကွ"

"ပေါ့ . . မပေါ့ . . ပေါ့"

ကျွန်တော်ရော သိန်းဇော်ပါ သောက်ထားသော အရက်မူးသည့်အရှိန်ပါ ပျောက်ပြီး တပေါ့ပေါ့ဖြင့် ပါး စပ်ထဲမှ တချို့တစ်ဝက် ပြန်ထွက်သွားတော့သည်။



## မနှောက်တာလေး ခြောက်တာလေး

မတူတန်းတဲရ အရှေ့တွင် မတူတန်းမိုးကလေး ရှိသည်။

မတူပင်များစိုးတစ်လျှောက် စီတန်းပေါက် ရောက်နေသည့်အတွက် မတူတန်းဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

မတူတန်းတဲစုအနီးတွင် ငါးကျိုတိုင်တဲစု၊ ထို့မှ ကညင်နှစ်ပင်ရွာ၊ ဆိပ်ကူးရွာတို့ တစ်ဆက်တည်းရှိနေ သည်။

ထိုတဲစုတို့ကို နေ့အခါ ဆက်သွယ်သည့် လမ်း ကြောင်းမှာ လှည်းလမ်းဖြစ်သည်။ လှည်းလမ်းနှင့် အတူ လူသွားလမ်းကလေးလည်းတွဲရှိနေသည်။

ထိုလမ်းသည် လယ်ကွင်းထဲမှ ချောင်းရိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုမှတဆင့် ပြွန်တန်ဆာမြို့သို့၊ ဆက်သွယ်သွားလာသည့်လမ်းကြောင်းလည်းဖြစ်သည်။

ထိုလမ်းကြောင်းကောင်းလှသော်လည်း ညနေငါးနာရီကျော်လျှင် သွားလာသူအပေါင်း ဘုရားစာရွတ်ပြီးမှသော်လည်းကောင်း၊ သွားလာဝန့်သည့်နေရာတစ်နေရာရှိသည်။

အခန့်မသင့်လျှင်၊ သရဲတစ်ကောင်မက နှစ်ကောင် သုံးကောင်ခန့်နှင့်ပင် ကြုံရတတ်သည်။

အချို့ကတော့ အသံဖြင့် အခြောက်ခံရတတ်သည်။

အချို့ကတော့ ခဲလုံးများ အပစ်ခံရ၍ အခြောက်အလှန့်ခံရတတ်သည်။

အချို့ကတော့ အကောင်အထည်မမြင်ရပဲ အနံ့ပေးခြင်း၊ အကောင်သတ္တဝါတစ်ကောင်ကောင်ဖန်ဆင်း၍ ခြောက်လှန့်ခြင်းမျိုးကြုံရသည်။

ယခု . . ငါးကျီအိုင်တဲစုသို့ ချောင်းရင်းရွာမှ ပြန်လာကြသော မောင်နှမနှစ်ယောက်လည်း ထူးထူးဆန်းဆန်း အခြောက်အလှန့်ခံရသည်။





ဖြစ်ပုံကသည်လို. .

ချောင်းရင်းရွာသူ မယ်ခတစ်ယောက် ငါးကျီအိုင်တဲစုမှ ကျော်မျိုးနှင့် နဖူးစာရွာလည်ပြီး ပေါင်းဖက်မိကြသည်။

ကျော်မျိုးနှင့်အတူ၊ ငါးကျီအိုင်တဲစုမှာ အတူနေ၍ လယ်ယာလုပ်ငန်းဖြင့်၊ အသက်မွေးနေထိုင်ကြသည်။

မိဘနှစ်ပါးက သက်ရှိထင်ရှား ရှိနေသော်လည်း အသက်(၆၀)ကျော်ကြပြီမို့ ကျန်းမာရေးချူခြာကာ လူကြီးရောဂါ၊ မကြာခဏဖြစ်လေသည်။

ထို့ကြောင့် မယ်ခလည်း အလုပ်ကိစ္စပါးသည်နှင့် ငါးကျီအိုင်မှ၊ ချောင်းရင်းရွာသို့ မကြာခဏလာဖြစ်နေသည်။

လာသည့်အခါတိုင်း ခရီးကြုံအဖော်နှင့်လည်းကောင်း၊ ကျော်မျိုးနှင့်လည်းကောင်း၊ လာနေကြ။

ယခုအခါက် ကျော်မျိုးအလုပ်မအား၍ ပြွန်တန်ဆာမြို့သို့ စပါးကြိတ်ရန်လာသောလှည်းကြုံနှင့် လိုက်ခဲ့သည်။

အပြန်ကြတော့ ချောင်းရင်းရွာကဝယ်လာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



စားစရာ၊ ငါးခြောက်။ ပဲပုတ်၊ လက်ဘက်ခြောက်၊ ဆီ၊ ကြက်သွန် အမယ်မျိုးစုံ တောင်းတစ်လုံးနှင့်ထည့်ခွက် လာခဲ့သည်။

မောင်အငယ်ဆုံး လှတင်အား လိုက်ပို့ခိုင်း၍ ပြန်ခဲ့သည်။

မအူတန်းရိုးနားအရောက် ခေါင်းပေါ်မှတောင်းက လေးသည်ထက် လေးလာသည်မို့

"လှတင် ငါ့တောင်းထဲကို ဘာတွေကောက်ထည့်နေတာလဲ ပဲပုတ်တွေ၊ ငါးခြောက်တွေ၊ ထန်းညက်ခဲတွေ၊ ဖုံသဲတွေကပ်ကုန်မှဖြင့်"

"ဟာ . . အစ်မကလဲ . . တောက်တီးတောက်တဲ့ . . ကျွန်တော်နဲ့ အစ်မ ဒီလောက်ကွာနေတာ ဘယ်လိုလုပ် တောင်းထဲထည့်လို့ရမှာလဲ"

"ကျုပ် ဘာမှမထည့်ဘူး . . အစ်မတောင်းထဲမှာလဲ ဘာမှမရှိဘူး"

"ဒါဖြင့် ဘာကြောင့်လေးသွားတာလဲ"

"လာကျုပ်ပြီးတောင်းကို ချပေးစမ်းကြည့်ရအောင် နင်လုပ်တာဆိုရင် နင်ခေါင်းကိုဘုထွက်အောင် ငါခေါက်





မယ်"

"ကဲ ကြည့်ဗျာကြည့် . . မထည့်ပါဘူးဆိုတာ မယုံဘူး"

ခေါင်းပေါ်ကတောင်းပင် မြေပေါ်မရောက်သေး လှတင်ရော, မယ်ခပါ ပါးစပ်အဟောင်းသားဖြစ်ကာ တောင်းကို ကြောက်ကြောက်လန့်လန့်နှင့် အဝေးသို့ ပြင်တူလွှင့်ပစ်လိုက်မိသည်။

သူတို့မောင်နှမမြင်လိုက်ရသည်က လောက်ကောင်တွေ အဖွေးသားနှင့် ခပ်ရှည်ရှည်ခွေးသေကောင်ပုတ် တစ်ကောင် တောင်းထဲရောက်နေခြင်းပင်။

"သေခြင်းဆိုး တစ္ဆေကောင်တွေလုပ်တာ ငါပယ်လာတဲ့ တစ်ပတ်စာတော့ အလကားဖြစ်ကုန်ပြီ"

"မနေနိုင်မထိုင်နိုင်တဲ့ တစ္ဆေ နေ့ခင်းကြောင်တောင် လမ်းသွားနေတဲ့လူကို အလွတ်မပေးဘူး။ အကောင်းတွေ့လို့ကတော့ လေးဂွစာ အမိပဲ"

လှတင်က ပါလာသော လေးဂွအားကိုးနှင့် မမြင်ရသော သရဲကို ခြိမ်းခြောက်နေသည်။

ဝိုး



www.burmeseclassic.com

www.burmeseclassic.com



ဒုက်

အား . . လား . . လား

ပါးစပ်သရမ်းလိုက်သော လှတင် လယ်ကြက်စာခဲတစ်လုံး ခေါင်းကိုလာမှန်သဖြင့် မူးမူးမိုက်မိုက် ဖြစ်သွားသည်။

ခဲကျက်စာခဲများ ဖွာကနဲ ကျွေထွက်သွားသည်။

"ဒုက္ခပါပဲ လှတင်ရယ် ဘာမှမမြင်ရတဲ့သရဲကို ရမ်းသမ်းပြီး ပြောမနေနဲ့"

"ဒီမှာ ကျုပ်ခေါင်း ဆူထွက်သွားပြီဗျ။ တောက် မမြင်ရလို့ပေါ့ကွာ"

ပါးစပ်ကလည်းပြော၊ လောက်စာလုံးနှင့် လေးဂွကို အသင့်ပစ်ရန် ချိန်ရွယ်လိုက်သည်။

ဝိုး

ဖြို

သွားလေရာ ဆောင်သွားသော လေးဂွနှင့် လောက်စာလုံးတည့်သည့်အိတ်ကို ဆောင့်ဆွဲ၍ ရမ်းလိုက်သဖြင့် လှတင် ချာလပတ်လည်သွားသည်။

ဝုန်း





အား . . ကျွတ် . . ကျွတ်

ပခုံးမှ လွယ်အိတ်လွတ်သွားသည်နှင့် လူက တစ်ဖက်သို့ လွင့်စင်လဲကျသွားသည်။

လောက်စာလုံးများ၊ ကျဲပြန့်သွားသည်၊ လွယ်အိတ်ကိုလည်း၊ အကောင်မမြင်ရပဲဆွဲဆုတ်ဖြဲလိုက်ရာ ဖြိကနဲ . . ပြဲဆုတ်သွားသည်ကို တွေ့ကြရသည်။

လှတင်လဲ နေရာမှတော်တော်နှင့် မထနိုင် မယ်ခလည်း မောင်ဖြစ်သူ လှတင်အား ဆွဲထူပေးရင်း -

"တောင်ပန်လိုက်ပါ လှတင်ရယ် ဒီထက်ဆိုးလာရင် . . ငါတို့ရွာပြန်ရောက်တော့မှာမဟုတ်ဘူး"

"ခင်ဗျားလည်းပါးစပ်ပါတာပဲ တောင်းပန် လိုက်ပါလား"

"ငါက နင့်လိုပါးစပ်သောင်းကျန်းတာမဟုတ်ဘူး"

ယခင်က . . ညှိနေရာ . . မအူတန်းရိုးကိုဖြတ်သော လှည်းလမ်းဝန်းကျင် . . အေးချမ်းသာယာမှုအတိ။

လူသွားလူလာက တစ်နေ့လုံးမပြတ် သရဲအခြောက်ခံကြရပြီးနောက်ပိုင်း . . ထိုလမ်းမှ အသွားနည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အရဲစွန့်ပြီး မည်သူမှ မသွား ဝန့် မနက်လယ်ကွင်းထဲသို့ စုပေါင်းလာကြသလို ညနေ အလုပ်ပြန်လျှင်လည်း လူအများစု၍ပြန်ကြသည်။

တစ်ခါတစ်ရံ လူအများသွားလာနေသည့်ကြား သို့ ဖုံ၊ သဲ၊ ဂဲများ ပစ်ထည့်ခြင်း ရေနှင့်ပက်ခြင်းတို့ဖြင့် ခြောက်လှန့်ပြသည်။

ထိုသရဲများ မအူတန်းသို့ ရောက်လာရခြင်း အကြောင်းက ဤသို့ဖြစ်သည်။

သမဝါယမအသင်းမှ ထွန်စက်နှစ်စီးဝယ်ထားပြီး လယ်သမားတို့၊ ထယ်ထိုး၊ ထယ်ထွန် စပါးနယ်၊ အငှား လိုက်သည်။

အချိန်က စပါးရိတ်သိမ်းပြီးချိန် တစ်စီးက ကိုင်း အတွက် ထယ်ထိုးအငှါးလိုက်ပြီး တစ်စီးက စပါးနယ် ရန် အငှါးလိုက်နေသည်။

အချို့က နွားဖြင့်နယ်ကြသည်။ အမြန်လိုသူများ က၊ ထွန်စက်ငှါး၍ စပါးနယ်ကြသည်။

စက်နှင့်နယ်ပါက ကောအနည်းအများအပေါ် မူတည်၍ အချိန်အနည်းအများကွာသည်။





အချို့က တစ်နာရီ အချို့က နာရီဝက် အချို့တ လင်းက တစ်နာရီခွဲ။

လုပ်ငန်းဝင်ပြီဆိုလျှင် တစ်နေကုန် တလင်းတစ် ခုပြီး တစ်ခု၊ ခရီးစဉ်ဆွဲပြီး စပါးလိုက်နယ်သည်။

ထိုကဲ့သို့ စပါးနယ်ပေးသော စက်မောင်းနှင့် နောက်လိုက်တို့ကို လယ်သမားတို့က စားသောက်ဖွယ် ရာ မျိုးစုံ ကျွေးခံကြသည်။

မိမိတို့ တလင်းမှာ စပါးကောင်းကောင်းနယ်ပေး ရန် စက်မောင်းနှင့် စာရင်းကိုင်ကျေနပ်ရန် ပြုစုကြသည်။

များသောအားဖြင့် နေ့ရာဟင်းမပါမဖြစ် ပါသည် ကတော့ တောအရက်နှင့် ကြက်သား သို့မဟုတ် ကြက် သားဟင်း။

သို့ကြောင့် စက်မောင်းစရာ. နောက်လိုက်စာ ရင်းကိုင်ပါ နေ့စဉ်ရေချိန်မှန်နေတတ်သည်။

စက်ဆရာ ရေချိန်မှန်၍ လဲနေလျှင် အကြောင်း ပေါင်းသင့်သည့် လယ်သမားတို့ ထွန်စက်မောင်းတတ် လျှင် တက်သာမောင်းပေတော့။

ယခု . . မအူတန်းတဲစု . . ဆံရှည်ကို တင်စေ



www.burmeseclassic.com

www.burmeseclassic.com



၏ ဆယ်ဧကရှိသော တလင်းမှာ စပါးနယ်ပြီး ဆံရှည် ကိုတင်အေး၏ကောင်းမှုကြောင့် ရေချိန်မှန်လာသော စက်မောင်းလည်း ထိုတဲမှအပြန် ပေးသီချင်းတကျော် ကျော်ဖြင့်. . ဆူညံအော်ဟစ်လာကြသည်။

ထိုစက်ပေါ်တွင် နောက်တလင်းမှလာကြိုခေါ် သူနှင့် လမ်းကြုံလိုက်သူတို့က ဘီး အဖုံးပေါ် ထိုင်ပြီး လိုက် လာသည်။

ထိုပြင် ထွန်သွားချိတ်သော ဂျိတ်လက်တံနှစ် ချောင်းပေါ် ကန့်လန့်ဖြတ်တင်လာသော ဒီဇယ်ဆီထည့် သည့်ပေပါပေါ်တွင် လူကြုံလိုက်သူ နှစ်ယောက် အား လုံးစုစုပေါင်း ခြောက်ယောက်ပါလာသည်။

မအူတန်းရိုးက ပေသုံးဆယ်ခန့်သာ ကျယ်သည်၊ အနက်က ဆယ်ပေခန့်သာနက်သည်။

ရိုးကို ကန့်လန့်ဖြတ်ထားသော လှည်းလမ်းကို အရှိန်ဖြင့် ဆင်းပြီး အရှိန်ဖြင့် လီဗာနင်းကာ မောင်းတက် လိုက်စဉ်။

နောက်ဂိတ်များပြီး ထွန်စက် နောက်သို့ လန်ကျ ကာ လိုက်ပါလာသောလူများပေါ်သို့ ဖိမိတော့သည်။





ခရီးကြုံလိုက်လာသူ လူငယ်နှစ်ယောက် ထွန် စက်ပိပြီး ပြားချပ်သွားသလို စက်မောင်းသူက ဇက်ကြိုး ကာ သုံးယောက်က နေရာမှာတင် ပွဲချင်းပြီး သေဆုံး သွားသည်။

ကျန်သုံးယောက်မှာ တစ်ယောက်က ဆေးရုံ ရောက်မှ အသက်ဆုံးသွားရသည်။

အစိမ်းသေသေခဲ့ရသော လူငယ်လူရွယ်များ လည်း မကျွတ်မလွတ်ပဲ သရဲတစ္ဆေဘဝသို့ ရောက်သွား ပုံရသည်။

သရဲဘဝသို့ပြောင်းသွားသူများ၏ ခြောက်လှန့် မှုကြောင့် ထိုနေရာဝန်ကျင်တွင် နေခင်းရော ညပါမကျန် အခြောက်အလှန့်ခံနေကြရသည်။

လူငယ်လူရွယ်များ အပျော်လွန်ပြီး သေဆုံးသည် ကြောင့်လားမသိ၊ ခြောက်တာထက် နောက်တာက ပိုများသည်။

သစ်ရွက်များချွေချခြင်း၊ သစ်ကိုင်းများလှုပ်ပြခြင်း နှင့် အခြားနည်းမျိုးစုံဖြင့် ခြောက်လှန့်ခြင်းတို့ မကြာခဏ ကြုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကူးရွာ၊ ကညင်းနှစ်ပင်ရွာ ဘုန်းကြီးကျောင်းတို့မှ ဆရာတော်များပင့်ပြီး ပရိတ်တရားနာသော်လည်း သရဲများ ထိုနေရာက ပျောက်မသွား။

မကြာခဏ တစ်မျိုးမဟုတ်တစ်မျိုး ကြုံကြရသည်။

ယခု . . လှတင်တို့ မောင်နှမလည်း ခွေးသေကောင်ပုတ် တောင်းထဲထည့်၍ ခြောက်လှန့်ခြင်းခံလိုက်ရသည်။

လှတင်လည်း မခံချင်အောင်ပြောပါသဖြင့် ခဲဖြင့် အပစ်ခံလိုက်ရသည်။

"ကဲကဲ . . နင် မပြောတက်မဆိုတက်နဲ့ တောင်းပန်လိုက် မကျေနပ်ရင် တပ်ခံရအုံးမယ်. ငါပဲတောင်းပန်လိုက်ပါ့မယ်" .

"ပြောမှားဆိုမှားရှိခဲ့လျှင် ခွင့်လွှတ်ပေးကြပါ၊ နောက်ပြောင်သည့်အနေနှင့် ခြောက်လှန့်ခဲ့သည်ဆိုပါက လဲ သည်းခံသည်မျှနှင့်ပင် ကျေနပ်ပါတော့၊ ကျွန်မတို့ကိုလည်း သွားခွင့်ပြုပါတော့"

မယ်ခစကားဆုံးသည်နှင့် သူတို့ အနီးက မော့





ပင်ကြီးများ အကိုင်းအခက် အရွက်များ တလှုပ်လှုပ်လှုပ်ခါသွားလေသည်။

ထို့နောက် ငှက်ပျောပင်များ၊ ကိုင်းပင်များ၊ လေမတိုက်ပဲ သွပ်သွပ်ခါ လှုပ်ရမ်းပြီး သူတို့အနီးမှ အဝေးသို့ လှုပ်ခတ်သွားသည်ကို တွေ့လိုက်ရသည်။

"တစ္ဆေသရဲ အကောင်တွေ . . အများကြီးရှိတယ်နဲ့တူတယ်"

"ဒီနားမှာ ထွန်စက်ပါပြီးသေတာသုံးယောက် ခေါ်ရုံမှာသေတာ တစ်ယောက် အားလုံးဒီနားမှ အကုရှိနေကြတယ်နဲ့တူတယ်"

တောင်းပန်လိုက်တာ ကျေနပ်သွားပုံရတယ် ကဲလှတင် နင့်ပစ္စည်းတွေ ကောက်မနေနဲ့တော့ သွားကြမယ်။

သောက်စာလုံးက အရေးမကြီးဘူးလေးဂွက ကျွဲချိုလေးဂွ နမြောလို့ရှာနေတာ။

လှတင်လည်း လေးဂွကို ပြန်တွေ့သည်နှင့် ထိုနေရာမှ အမြန်ဆုံး ထွက်ခွါလာခဲ့တော့သည်။

ဖရဲပွဲစား ကမာဖရုံရွာသားနှစ်ယောက် လှည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးနှင့် ငါးကျီအိုင်တဲစု ဖရဲခင်းများရှိရာသို့ နေ့ခင်းဘက် ထွက်လာခဲ့ကြသည်။

မအူတန်းမရောက်ခင်၊ ဝိုင်တဲစုရှိ ဦးကျော်သိန်းတဲစုမှာ ဖရဲခင်းဝင်ကြည့်ကြသည်။

(ဝိုင်. ဆိုသည်က၊ မိုးအခါ၊ ရေများပြည့်နေပြီး စပါးစိုက်၍မရ။ အင်းလည်းမဟုတ်၊ ရေနက်ကွင်းဖြစ်နေသည်။ နွေအခါ ရေခမ်းမှ၊ နှမ်းမြေပဲ၊ ဖရဲဖြူပ်ပဲပြောင်း၊ ရာသီပေါ် သီးနှံများစိုက်ကြရသည်)

ထိုဝိုင်တဲရှိ တဲစုတွင် ဖရဲခင်းများ ဝင်ကြည့်ရင်း၊ အရက်ရောင်းသော တဲဆီရောက်သွားသည်။

အရက်နှစ်ပုလင်းနှင့် ကြွက်ကြော်များကို ဝယ်လိုက်သည်။

ငါးကျီအိုင်တဲစုဆီ ခရီးဆက်ရာလမ်း တဝက်လျှောက် လှည်းပေါ်တွင် ကြွက်ကြော်မြီးရင်း ပွဲစား နှစ်ယောက်နှင့် လှည်းမောင်းသူတို့ အရက်ဝိုင်းဖွဲ့၍ သွားကြသည်။

သူတို့လှည်း မအူတန်းတဲစု အလွန် မအူပင်တွေစီတန်းပေါက်ရောက်နေသော ရိုးအနီးသို့ ရောက်လာ





သည်နှင့် ဖရဲပွဲစားတစ်ယောက် ကိုင်ထားသော အရက်ပုလင်း လက်ထဲမှ ဆွဲယူခြင်းခံလိုက်ရသည်။

ထို့အတူ လှည်းပေါ်တွင် ငှက်ပျောဖက်များ ဖြန့်ခင်းပြီး ထည့်ထားသော ကြွက်ကြော်များလည်း ငှက်ပျောဖက်များနှင့်အတူ အပေါ်သို့ မြောက်သွားသည်။

"ဟာ . . ဘာလဲဟ"

"ပုလင်းလဲ ဘယ်ကောင်ဆွဲယူသွားလဲ မသိဘူး"

"အမယ်လေးဗျ။ . . ကြည့်ကြည့် . . ပါအုံး။ ငှက်ပျောဖက်နဲ့အတူ ကြွက်ကြော်တွေ အကုန်လုံး ပါသွားပြီ"

သူတို့ မျက်စေ့အောက်မှာပင် လှည်းပေါ်မှ ကြွက်ကြော်များ၊ အရက်ပုလင်းများ အကောင်မမြင်ရဘဲ သစ်ပင်ကြီးပေါ် ယူသွားခြင်း ခံလိုက်ရသည်။

"အဲ . . အဲဒါ သ . . သရဲ . . ယူသွားတာ"

"ဟာ ဒီအချိန်ကြီး . . သရဲ မဖြစ်နိုင်ပါဘူး"

"သရဲ . . မဟုတ်ရင် . . ဘာလဲ။ အကောင်အထည်မှ မမြင်ရတာ။ သရဲပဲ ဖြစ်မှာပေါ့"

"သရဲက အရက်ကြိုက်တဲ့သရဲပဲ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရက်ပုလင်း ယူသွားတာများ အရက်တစ်စက်မှ ဖိတ်စင်မကျဘူး"

ထိုစဉ် သူတို့လှည်းပေါ်မှ ကြည့်နေစဉ်မှာပင် အရက်ပုလင်းကို မော့သောက်နေသည့်သဏ္ဍာန် တွေ့လိုက်ကြရသည်။

"ဟာ . . ကြည့်ကြည့် အရက်ပုလင်းကို လုသောက်နေကြတယ်နဲ့ တူတယ်"

"ဟုတ်တယ် ပုလင်းကို လုနေတယ်"

"ဟော . . ဟော ပါသွားပြီ။ တက်ဖက်အကိုင်းပေါ် ရောက်သွားပြီ"

အမြည်းတည့်ထားသော ငှက်ပျောဖက်များ သစ်ပင်ပေါ်က လွင့်ကျလာသည်။

"ဟာ . . ကြွက်ကြော်တွေ တစ်ဖတ်မှ ပြန်ကျမလာဘူး"

သူတို့ကြည့်ပြီး ဝေဖန်နေစဉ်မှာပင် -

ဗြိုး

"ဟာ . . ပစ်ပြီ။ လှည်းကို မောင်းမောင်း"

ခွမ်း





သစ်ပင်ပေါ်မှ အရက်ပုလင်း လွင့်စင်ထွက်လာသည်ကို မြင်လိုက်သဖြင့် လှည်းကိုမောင်းနိုင်းလိုက်ရာ ပုလင်းနှင့် နဖူး သီသီလေး လွတ်သွားသည်။

ပုလင်းက လူကိုမထိဘဲ လှည်းဘီကို မှန်ပြီး အစိပ်စိပ်အမွှာမွှာ ကွဲသွားသည်။

ထို့နောက် မအူပင်ကြီးမှာ အကိုင်းများက ဝုန်းဝုန်း လှုပ်ပြလာသဖြင့် -

ဝုန်း ဝုန်း ဝုန်း

ပွဲစားနှစ်ယောက်လည်း လှည်းကို ထိုနေရာက အမြန်မောင်းထွက်ခိုင်းလိုက်သည်။

"ဟဲ့ နွား သွားစမ်း"

ရွမ်း . . ရွမ်း

နွားနှစ်ကောင်လည်း ကြိမ်လုံးဖြင့် ခပ်နာနာ အရိုက်ခံလိုက်ရသောကြောင့် ထိုနေရာမှ အပြေးရုန်းသွားတော့သည်။

လှည်းနောက်မှ မအူပင်ကြီးက အရွက်များ ကြွေကျသည်အထိ လှုပ်ခါရမ်းပြီး ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အစခါင်းရှက်သည့်တစ္ဆေနှင့်
## ထူးဆန်းသည့်လူသူတော်

နဘဲပင်ရွာကြီး မရောက်ခင် နှစ်မိုင်ခန့်အလိုတွင် ခင်တန်းလေးတစ်ခု ရှိသည်။

ထိုခင်တန်းလေးအတွင်း၌ ဘုရား၊ စေတီပျက် နှစ်ဆူ၊ ဘုန်းကြီးကျောင်းပျက်တို့ ရှိသည်။

အနောက်ဘက်ရှိ ရွာများမှ မြို့သို့ နွေအခါ လာသည့် လှည်းလမ်းမှာ ထိုခင်တန်းနှင့် ကိုက်တစ်ရာမျှ ဝေးသည်။

ယခင် သုံးနှစ်ခန့်ကအထိ လှည်းလမ်းလူသွားလမ်းက ခင်တန်းဘေး ဘုရားစေတီပျက်များအနီးမှ လှည်းလမ်း၊ လူသွားလမ်း ရှိသည်။

တစ်ချိန်တုန်းက ဤနေရာမှာ သရဲအခြောက်





အလွန်ကြမ်းသည်။ ထိုဘုရားစေတီပျက်များကြားမှ လမ်းသွားလမ်းလာ လူများကို ညနေ နေဝင်ရီတရော အချိန် သဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းပြီး ခြောက်လှန့်တတ်သည့် နာနာဘာဝ သရဲကြီး မရှိတော့၍လား မသိ။ အခြောက်အလှန့် မခံရသည်မှာ နှစ်ကာလပင် ကြာခဲ့ပြီ။

သရဲခြောက်လှန့်ခြင်းသတင်း မကြားရသည်မှာ ကြာလာပြီဆိုတော့ သရဲကို ကြောက်ရမှန်း မသိတော့။ ထိုနေရာအနီးအဝိုက် သွားရဲလာရဲ ရှိလာသည်။

တစ်ခုတော့ ရှိသည်။ သရဲနှင့် မဆုံကြပေမယ့် လပြည့်လကွယ် ရောက်သည်နှင့် ညနေပိုင်းကစပြီး လူသူတော်တစ်ယောက်ကို မြင်သူ ရှိကြသည်။

တခါတရံ တရားထိုင်နေသည်ကို တွေ့ရပြီး တခါတရံ လမ်းလျှောက်နေသည်ကို တွေ့ရသည်။

တစ္ဆေသရဲ နာနာဘာဝတွေ မရှိတော့ဘူးဆိုမှတော့ ရသေ့၊ ရဟန်း သူတော်စင်တွေ ဘုရားရိပ်၊ တရားရိပ် ခိုဝင်ပြီး အဓိဋ္ဌာန်လာလုပ်ကြသည်ဟု ထင်ကြေးပေးသူက ပေးကြသည်။

တချို့ကတော့ ဥစ္စာစောင့်က လူယောင်ဖန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ထားတာဟု ဆိုကြသည်။

သိုက်ရှိရင် သိုက်စောင့်သရဲတစ္ဆေတွေလည်း ရှိတတ်သည်။

ဘယ်သူဘာပြောပြော ဘယ်လိုပဲ ထင်ကြေးပေးပေး ခေါင်းတလားကြီး ခေါင်းပေါ် ရွက် လမ်းလျှောက်ပြတတ်တဲ့ သရဲကြီး မရှိတော့၍ အနီးအပါးရွာသားတို့ တစ်ရွာနှင့်တစ်ရွာ ပေလီပေလင်း မှောင်ရီပိုးတဝါး အချိန် မရွေး လိုလိမ်းက ဖြတ်သွားဖြတ်လာနိုင်ကြပြီ ဖြစ်သည်။

နဘဲပင်ရွာသား စိုးညွန့်တစ်ယောက် လွန်ခဲ့သော သုံးနှစ်ခန့်က အခြောက်ကြမ်းသော တစ္ဆေကြီး အခြောက်ခံလိုက်ရ၍ ရူးပင် ရူးသွားခဲ့သည်။

အရာမျိုးစုံနှင့် ကုသည့်တိုင် ယခုထိ ပြန်ကောင်း မလာတော့ချေ။

ဖြစ်ပုံက ဤသို့တည်း။

နဘဲပင်ရွာသား စိုးညွန့် မဒေါက်မြို့မှအပြန် ရထားနောက်ကျသဖြင့် ပြွန်တဲဘေဘူတာသို့ ည(၆)နာရီမှ ရထားဆိုက်သည်။

ပုံမှန်ဆိုလျှင် ငါးနာရီကျော်သည်နှင့် ရထား





ဆိုက်နေကျ။

ရွာအပြန် ခရီးဖော်လည်း တစ်ယောက်မှ မရှိ။ သို့သော် ဤအရပ်ဤဒေသ သွားလာနေကျ ကြောက်လန့်စရာ ဘာမှ မရှိ။

စိုးညွန့် သီချင်းလေးတစ်ပုဒ်ပြီးတစ်ပုဒ် အော်ဟစ်ဆိုရင်း ရွာသို့ ပြန်ခဲ့သည်။ လေးမိုင်ခန့်ဝေးသော ရွာသို့ တစ်နာရီခွဲခန့် လျှောက်ရပေလိမ့်မည်။

မကြာခင် ခင်တန်းစပ်သို့ ရောက်လာသည်။ ဘုရားပျက်များအနီးသို့အရောက် အနီးတပိုက်သို့ မျက်လုံးအကြည့်က ရောက်သွားသည်။

ထိုစေတီပျက် နှစ်ဆူကြားမှ အခေါင်းတလားကြီး တမ်း၍ လူတစ်ယောက် ထွက်လာနေသည်ကို တွေ့ရသည်။

စိုးညွန့် သီချင်းသံ တစ်ပိုင်းတစ်စနှင့် ကြက်သေသေပြီး ရပ်နေမိသည်။

ပြေးလွှားရန် ခြောက်ထောက်နှစ်ချောင်းက လှုပ်မရ။ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်ကာ ရပ်မြဲ နေမြဲ ကြည့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အခေါင်းထမ်လာသော လူကြီးက ဆံပင်ဖားလျားချထားသည်မို့ မျက်နှာကို မမြင်ရ။ တဖြည်းဖြည်းလျှောက်လာနေဆဲ။ သူနှင့် ဝါနှစ်ပြန်ခန့်အရောက် အခေါင်းကြီးကို ချလိုက်သည်။

ထို့နောက် အခေါင်းကြီးထဲမှ လူသေအလောင်းကောင်ကြီးကို ဆွဲမလိုက်ပြီး ခါးစောင်းတင်လိုက်သည်။

သရဲကြီးလည်း စိုးညွှန့်ရှိရာတက်သို့ လှည့်၍ မတ်တပ်ရပ်လိုက်သည်။ ထိုအခါမှ ဆံပင်ဖားလျားချထားသော သရဲ၏မျက်နှာကို အသေအချာ မြင်လိုက်ရသည်။

သွေးမရှိသော မျက်နှာကြီးပေါ် မျက်ကွင်းများက ဟောက်ပက်၊ မျက်လုံးများက နောက်စေ့ကပ်နေသည့်သဖွယ် မျက်တွင်းထဲ ရောက်နေသည်။

နှာခေါင်းနှစ်ပေါက်က အပေါ် လန်နေသည်။ ပါးစပ်က အသားမရှိ။ သွားများက အချောင်းလိုက် ငေါ်ထွက်နေသည်။

ကျိခွဲခွဲအရည်များက ပါးစပ်အတွင်းမှ စီးကျနေသည်။





"လာခဲ့ . . မင်း ဒီအခေါင်းထဲ ဝင်ရမယ်။ ဟီး . . ဟီး . . ဟီး . . မင်း ဒီအခေါင်းထဲ ဝင်ရမယ်။ ဟီး . . ဟီး . . ဟား . . ဟား"

ထိုသရဲကြီးက ထိုမျှသာပြောပြီး ခွေးဖင်သီသကဲ့သို့ မလှုပ်မရှားနိုင်ပဲ ရပ်နေသော စိုးညွှန့်အား ကျောပေး၍ လှမ်းကာ ထွက်သွားသည်။

ခါးစောင်းပေါ် ပါသွားသော အလောင်းကောင်ကြီးက ပါးစပ်ကြီး ဖြဲပြ၊ လျှာကြီးထုတ်ပြ လုပ်သွားသည်။

အခေါင်းထမ်းထားသော သရဲကြီးလည်း ဘုရားပျက်များအကြား ဝင်ရောက်ပျောက်ကွယ်သွားပါတော့သည်။

ထိုအခါမှ စိုးညွှန့် သတိဝင်လာသည်။ ချက်ချင်းပင် တစ်ကိုယ်လုံး တုန်ယင်လာကာ ဟီးတိုက်၍ ငိုချလိုက်သည်။

ခန္ဓာကိုယ်ကလည်း မြေပေါ်သို့ ခွေကနဲ လဲကျ၍ သွားတော့သည်။

နဘဲပင်ရွာသားတို့ စိုးညွှန့် ပြန်ရောက်မလာ၍ မီးတုတ်ကိုယ်စီစွဲပြီး လိုက်လာခဲ့ရာ ခင်တန်းအစပ်



www.burmeseclassic.com

www.burmeseclassic.com



လဲနေသည်ကို တွေ့ကြရသည်။

အိမ်သို့ ပြန်သယ်သွားပြီး အကျိုးအကြောင်း မေးရာ တစ်ခါတစ်ရံ ဖြစ်ပျက်သမျှကို ပြောပြသည်။

တခါတရံ သူ့အား အခေါင်းထဲ ဝင်ဖို့လာခေါ် နေပြီဆိုကာ နေစရာမရှိအောင် လျှောက်ပုန်းနေတတ်သည်။

တခါတရံ အခေါင်းကြီးကို ကြိုးနှင့်ဆွဲပြီး ဘုရားပျက်များကြားက ထွက်လာကာ အခေါင်းထဲ ဝင်ထိုင်နေတတ်သည်။

ခြောက်နည်းမျိုးစုံစွာ အခြောက်ခံကြရသည်။ သရဲအခြောက်ကြမ်းလွန်းသည့်အတွက် ရွာသားများက ထိုနေရာမှ လမ်းအဖြစ် အသုံးပြုသွားလာခြင်း မရှိတော့ဘဲ ကွင်းရှောင်သွားတော့သည်။

ထို့ကြောင့် သရဲခြောက်ခံရသည့် သတင်းလည်း မကြားရတော့။

တစ်နှစ်မှ နှစ်နှစ် သုံးနှစ်ခန့်ကြာလာသည်။ သရဲသတင်းပျောက်သွားသည်။

ကျွတ်သွားပြီလား။ လူတွေ ကွင်းရှောင်သွားသ





ဖြင့် မခြောက်လှန့်တော့သည်လား။ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်သွားလာသူများက သရဲကြီး အခြောက်အလှန့် မခံကြရတော့၍ ဝမ်းသာနေကြသည်။

ထိုအတူ မကောင်းသည့်အကြံအစည်ရှိသူများကလည်း ထိုအခွင့်အရေးကို လက်လွှတ်မခံပဲ အကောင်အထည်ဖော်ရန် စီစဉ်ကြတော့သည်။

ထိုသူများက အနယ်နယ်က ရောက်လာသူ သုံးဦးနှင့် ဆပ်ပြန်ကြီးရွာသား ဖိုးတောက်တို့ လေးဦး ဖြစ်သည်။

သူတို့လေးဦး ငါးထပ်ကြီးဘုရားအနီး ထန်းရည်ဆိုင်မှာ ထန်းရည်သောက်ရင်း တိုင်ပင်နေကြသည်။

"ဖိုးတောက် မင်း စုံစမ်းတာ ဘာထူးခြားလဲ"

"ထူးခြားဆို စေတီပျက်တွေကြားမှ တရားလာထိုင်တဲ့ ဖိုးသူတော်ကြီးက ဒီအနီးအနားရွာတွေက မဟုတ်ဘူး"

"စုံစမ်းရသရွေ့ကတော့ လပြည့်နဲ့ လကွယ်နေ့ဆိုရင် ညနေငါးနာရီလောက်ကစပြီး တစ်ညလုံး တရား ထိုင်နေတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရက်တွေမှာ ဦးသူတော်ကြီး ရောက်မလာဘူး"

"အဲဒီသတင်း အမှန်ဆိုရင် ဒို့အတွက် အခွင့်အရေးပဲ။ အခု လပြည့်ကျော်(၁၀)ရက်ဆိုတော့ လကသန်းခေါင်ကျော်မှ ထွက်တာ"

"ဘယ်အချိန် စမလဲ"

"မနက်ဖြန် နေ့ခင်းကတည်းက အခြေအနေကြည့်ပြီး ဝင်နေကြမယ်။ ညကြမှ အခြေအနေကြည့် ပြီးလုပ်ငန်းစမယ်"

"ဒါနဲ့ ဖိုးတောက် အဲဒီစေတီပျက်နှစ်ဆူက ရှေးဟောင်းစေတီဆိုတာ သေချာတယ်နော်"

"ရာဇဝင်စာအုပ်တော့ မဖတ်မိလို့ သေချာတော့ မသိဘူး။ ငါ့အဖိုး ပြောတာကတော့ မွန်ဘုရင်ရဲ့ မိဖုရားတစ်ပါးတည်ခဲ့တာလို့ ပြောတာပဲ"

"မင်းညီမင်းသား မင်းမျိုးနွယ်တွေတည်တဲ့ စေတီမှန်လို့ကတော့ အချိုကြီးပဲ"

"လူသွားလူလာ မရှိရင် မှောင်နေတာနဲ့ ဒို့ကိစ္စအမြန်အကောင်အထည်ဖော်မှပဲ"





သူတို့ အစီအစဉ်ချပြီး ကျေနပ်နေကြသည်။

ထိုနေ့တစ်နေ့လုံး ထန်းရည်အဝ ထိုင်သောက်နေကြသည်။

စိတ်ကူးနှင့်ပင် ပျော်ရွှင်နေကြသည်။

သူတို့ ကြံစည်နေသည်က မကြံအပ် မစည်အပ်သောအရာ၊ ရှေးဟောင်းစေတီပျက်အတွင်းရှိနေသော ဘုရားဌာပနာများကို ဖောက်ထွင်းယူငင်ကြရန် တိုင်ပင်နေကြခြင်းဖြစ်သည်။

နောက်နေ့ နေ့ခင်းတစ်နာရီခန့် ကျောင်းပျက်ကြီးအတွင်း လူဆိုးလေးယောက် ရောက်ရှိနေခဲ့ပြီ။

ပတ်ဝန်းကျင် အခြေအနေကြည့်၍ လူသွားလူလာမရှိသည် သေချာတော့ သူတို့ဖောက်ထွင်းမည့်နေရာကို ရွေးချယ်သတ်မှတ်လိုက်သည်။

သူတို့လေးယောက် ပေါင်းပြီး ဓားပြနှစ်ခါ တိုက်ဖူးသည်။ ဘုရားပစ္စည်း ဖောက်ထွင်းယူခြင်းကိုတော့ တစ်ခါမျှ သူတို့ မလုပ်ဖူးသေး။

ယခုတလော တဖက်နိုင်ငံမှ ကုန်သည်များက ဆင်းတုတော်များ၊ ရှေးဟောင်းပစ္စည်းမှန်လျှင် ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေးဝယ်နေသည်။

ဝယ်လက်နှင့်လည်း အဆင်ပြေစွာ ဆက်သွယ်မိသည်မို့ တစ်ခါမှ မလုပ်ဖူးသည့်အလုပ်ကို လုပ်ရန် လူစုပြီး ရောက်လာကြခြင်း ဖြစ်သည်။

နေလုံးပျောက်သွားပြီ။ ဖိုးတောက်နှင့် အဖော်တစ်ယောက် တူနှင့် သံဆောက်ကို ယူလိုက်သည်။ ထို့နောက် ကျောင်းပျက်ကြီးမှ စေတီရှိရာ ထွက်သွားကြသည်။

ညရှစ်နာရီခန့်ရောက်သည်အထိ ထုရိုက်ခြင်းကို မပြုသေးပဲ အရာပေးခြစ်ကြောင်း ပေးနေခဲ့သည်။

ရှစ်နာရီကျော်တော့ အားလုံးငြိမ်သက်သွားပြီး အဝေးမှ လှည်းသံလူသံလည်း မကြားရတော့ သူတို့လည်း လုပ်ငန်းကို စပြီ။

အထက်ပစ္စယံအတက် စေတီ၏ခေါင်းလောင်းနေရာမှ အုပ်ချပ်များကို ဖွဲ့ခွာထုတ်ရသော အလုပ်သည် မလွယ်လှ။ လိုချင်တပ်မက်မောသော လောဘကြောင့်သာ ခက်ခက်ခဲခဲ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

လူအနေအထား သက်သောင့်သက်သာ မရှိသ





ဖြင့် လူနှစ်ယောက်ပြိုင်တူ တူးသော်လည်း ကင်သလောက်ခရီးမပေါက်သေး။

"မင်းတို့မဖြစ်သေးပါဘူး၊ လာဆင်းခဲ့၊ ငါဟက်ပြီးတူးအုံးမယ်"

သို့ဖြင့် နားလိုက် တူးလိုက်နှင့် ည ၁၀ နာရီခန့် ရောက်ခဲ့ပြီ။

လေးရောက်စလုံး ညောင်းလွန်းလှသဖြင့် အထက်ပစ္စယံမှာ အညောင်းအညာဖြေနေကြသည်။

လူဆိုးနှစ်ယောက်လည်း အညောင်းပြေသည်နှင့် လုပ်ငန်းပြန်စရန် အထက် ပစ္စယံသို့ တက်သွားသည်။ .

အောက်မှာကျန်ခဲ့သော၊ မှတ်ကြီးနှင့် ဖိုးကောက်တို့လည်း မိုးမလင်းမီ လက်စသိမ်းနိုင်ရန် တိုင်ပင်နေကြသည်။

ထိုစဉ်မှာပင်၊ ကိုင်းပင်များကြားမှ "ဝတ်ကရိန်း" "ဝတ်ကရိန်း" "ဝတ်ကရိန်း"

ရှူး . . ရှူး . . ရှူး

နွားသိုးကြီးနှစ်ကောင်၊ နှာမှုတ်သံများ ကျိုးနွှေး



www.burmeseclassic.com

www.burmeseclassic.com



သံများ။ ခွါယက်သံများ၊ အတိုင်းသားကြားလိုက်ရသည်။

"ဟာ ဒီအချိန်ကြီး . . ဘယ်သူ့နွားသိုး လွတ်လာပါလိမ့်"

"တစ်ကောင်နဲ့ တစ်ကောင် ငှေ့မလို့ရန်စောင်နေတဲ့အသံပဲဗျို့"

"ဝတ်ကရိန်း၊ ဝတ်ကရိန်း"

နွားကြီးက အချင်းချင်း ငှေ့ရန်၊ ရန်စောင်နေခြင်း မဟုတ်မှန်း သိလိုက်ချိန်မတော့ . .

မှတ်ကြီး ထပြေးရန်၊ ထိုင်ရာမှ ကုန်းထလိုက်သော်လည်း နောက်ကျသွားခဲ့ပြီ။

"ဝတ်ကရိန်း"

ရှူး . . ရှူး

နှာမှုတ်သံနှင့်အတူ မီးရထားခေါင်းတွဲကြီး အရှိန်တိုး ဝင်တိုက်ခံရလိုက်သည့်အလား မှတ်ကြီးလွင့်ထွက်သွားသည်။

ဘုန်း . .

အား . .

သွေးပျက်စဖွယ် အော်သံကြီးက တစ်တောလုံး





ဟိန်းထွက်သွားသည်။

ဖိုးကောက်လည်း၊ နွားကြီး မိမိဘက်ပြန်လှည့်မလာခင်၊ ထ၍ပြေးတော့သည်။

ဝုန်း . . .

ဗြို

အား . . .

ဖိုးတောက်တစ်ယောက် နွားကြီး၏ ဂျိုဖျားမှာ ချိတ်ပါသွားပြီး အဝေးသို့ လွင့်ထွက်အောင် ခါထုတ်ခြင်း ခံလိုက်ရသည်။

ချိုနှင့် အချိတ်ခံလိုက်ရ၍ ဗိုက်ကပေါက်ထွက်သွားသည့်အပြင် ခါလိုက်သော အရှိန်ကြောင့် သစ်ပင်ရိုက်မိကာ ခါးရိုးက ဖျောင်းကနဲမည်ပြီး ကျိုးထွက်သွားသည်။

ပစ္စယ် အပေါ်မှနေ၍ အဖေါ်နှစ်ယောက်၏ သွေးပျက်ဖွယ်မြင်ကွင်းကို ကြည့်ပြီး အောက်မဆင်းရဲဘဲ ဒူးတဆတ်ဆတ် တုန်နေကြသည်။

ထိုစဉ် သူတို့ ထုရိုက်ခွာချထားသော အုတ်ချပ်အကျိုးအပျက်များကြားမှ မဲမဲပြောင်ပြောင် သတ္တဝါတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် လူးလွန့်ထိုးထွက်လာသည်ကို မြင်လိုက်သည့် အခါမှာတော့ -

"အား . . မြွေ . . မြွေဟောက်ကြီး"

မြွေကြီးက လူဆိုးတစ်ယောက်၏ လည်ပင်းကို လှမ်းပေါက်လိုက်စဉ် -

"အား . ."

မြွေရန်မှလွတ်ရန် ရှောက်လိုက်ရာ အားလွန်ပြီး အပေါ်မှအောက်သို့ ပြုတ်ကျသွားတော့သည်။

"အား . ."

ဒွပ်

ခေါင်းနှင့်အုတ်ခုံရိုက်မိပြီး ဇက်ကျိုးသွားကာ ငြိမ်ကျသွားတော့သည်။

လူဆိုးလေးယောက်မှာ တစ်ယောက်သာ ကျန်တော့သည်။

မြွေကြီးလည်း ဘယ်ရောက်သွားသည် မသိ။ ထိုလူဆိုးလည်း ပစ္စယံပေါ်မှ အောက်မဆင်းဝံ့။ တစ်ကိုယ်လုံး တုန်ယင်ကာ ကြောက်လန့်မှု အထွတ်အထိပ်သို့ ရောက်ရှိနေသည်။





ထိုစဉ် သူ့အနားသို့ ဦးသူတော်တစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရသည်။

"ဟင် . . ဦးသူတော်"

"မကြောက်ပါနဲ့။ မင်း မသေနိုင်တော့ပါဘူး။ အသက်မသေပေမယ့် မင်းဘဝကတော့ ဒီနေ့ဒီရက်ကစပြီး သေလူ ဖြစ်သွားပြီ"

"မကြာခင် မင်း ဥပဒေဘောင်အတွင်း ရောက်ပြီး အပြစ်ကျွေးတွေ ပေးဆပ်ရတော့မယ်"

"နောင်ဘဝ အဆက်ဆက် ဘာသာသာသနာကို ဖျက်ဆီးခဲ့တဲ့ အပြစ်ကိုလည်း ပေးဆပ်ရပေအုံးတော့မယ်"

"မင်းအတွက်ကတော့ လောကငရဲနဲ့ သံသရာငရဲပဲ ရှိတော့တယ်"

"ကျွန်တော် ကြောက်ပါပြီ။ နောင်တရပါပြီ"

"အင်း အပြစ်လုပ်ပြီးမှ နောင်တရတာထက် မလုပ်ခင်က စဉ်းစားသင့်တယ်။ လုပ်သင့်လား၊ မလုပ်သင့်လား။ ပိုင်းခြားဝေဖန်နိုင်ရမယ်"

"တဲ ဒီကိစ္စ ငါးလည်း မကယ်နိုင်ဘူး။ ငါ့ . . လူ



www.burmeseclassic.com

www.burmeseclassic.com



သားစင်စစ် မဟုတ်ဘူး။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီနားမှာ အခြောက်ကြမ်းတဲ့ သရဲက ငါပဲ"

"တိုက်တိုက်ဆိုင်ဆိုင် သရဲအခြောက်ကြမ်းလို့ ဆိုပြီး ခရီးသွားဘုန်းကြီးသုံးပါး တစ်ညဝင်တည်းခိုပြီး တစ်ညလုံး ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ်၊ မေတ္တာသုတ်တွေ ရွတ်နေကြတယ်"

"ငါက အဝေးထွက်မသွားပဲ တရားကို အာရုံသွင်းပြီး တစ်ညလုံး နေခဲ့တယ်။ နောက်တော့ ငါ့ရဲ့ တရားနာယူချင်တဲ့စိတ်၊ စေတသိက်ကြောင့် အကျိုးထူး ခံစားရတယ် ထင်ပ"

"သရဲ တစ္ဆေအဖြစ်က အဆင့်တက်ပြီး အခုလို သူတော်ယောင်ဆောင်လိုက်၊ တရားကျင့်လိုက် နေလို့ ရတာပေါ့"

"ငါတို့ သရဲတစ္ဆေဘဝကနေပြီး လူဖြစ်ချင်လို့ ကြိုးစားပေမယ့် ရချင်မှရမှာ။ ဘယ်ဘဝကို ကူးပြောင်း ရောက်ရှိအုံးမယ် မသိဘူး"

"မင်းတို့ အခုလူဖြစ်နေရက်က လူလို မကျင့်ကြံနိုင်တာ ငါ စိတ်မကောင်းဘူး"





"မင်းရဲ့အဖော်တွေကို ဘုရားပစ္စည်းတွေ မခိုးဖြစ်အောင် ငါန္တွားသိုးအဖြစ် ဖန်ဆင်းပြီး ဆုံးမလိုက်တာပဲ"

"မကြာခင် ငါသွားခေါ်ထားတဲ့ ရွာလူကြီးတွေ၊ ရဲတွေ ရောက်လာတော့မယ်"

"ဗျာ ရဲတွေနဲ့ လူတွေ ရောက်တော့မယ် ဟုတ်လား"

"ဟော ပြောရင်းဆိုရင်း ဟိုမှာ လာနေကြပြီ။ ငါ သွားတော့မယ် ကောင်လေး"

ဦးသူတော်ကြီးပြောသည့်အတိုင်း ဘုရားများ အနီးသို့ မီးတုတ်များ၊ ဓာတ်မီးရောင်များ၏ အလင်းရောင်က ဖြာ၍ ကျလာတော့သည်။

ရွာသားများနှင့် ရဲများ ရောက်လာတော့ လူဆိုးသုံးယောက်က အသက်ကင်းမဲ့နေပြီး တစ်ယောက်ကတော့ ဘာဒဏ်ရာမှ မရှိပဲ ဖမ်းဆီးရမိသည်။

လူဆိုးဖမ်းမိရန် လာကြသော ရဲသားအုပ်စုမှာ မြို့မှလာ၍ ရွာသားများက နဘဲပင်ရွာမှ လာခြင်း အရှေ့နှင့် အနောက် တစ်ချိန်ထဲ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို၍ထူးဆန်းသည်မှာ ခေါင်းဆောင်လာသူ နယ်ထိမ်းစကားနှင့် ရွာလူကြီးတို့စကားကြောင့်ပင်တည်း။

ရွာလူကြီးက ညကိုးနာရီလောက် ဦးသူတော်ကြီးတစ်ယောက် ရောက်လာပြီး ဘုရားဌာပနာဖောက်နေတဲ့ ယူဆိုးတွေကို လူစုပြီး လာဖမ်းဖို့ လာပြောတယ်။

နယ်ထိမ်း တက်ကြပ်ကြီး ကျော်ဝင်းကလည်း လူကြီးဦးတင်မောင်အား -

"တိုက်ပဲတိုက်ဆိုင်တယ်။ ညကိုးနာရီဆယ့်ငါးမှာ စခန်းရှေ့မှာ ဦးသူတော်တစ်ယောက်က ဘုရားဌာပနာဖောက်နေတဲ့ လူဆိုးတွေရောက်ပြီး ဌာပနာဖောက်နေတယ်။ လာဖမ်းပေးပါဆိုတာနဲ့ ကျုပ်ရဲဘော်ငါးယောက်စုပြီး လာခဲ့တာ"

"အဲဒီ ဦးသူတော်ကြီး ပါမလာဘူးလား"

"ကျုပ်တို့ရဲဘော်တွေကို မင်းတို့က လူငယ်တွေ ရှေ့ကသွား။ ငါနောက်က တဖြည်းဖြည်း လိုက်ခဲ့မယ်ပြောရင်း နောက်ပါလာတယ်"

"ကျွန်တော်တို့ရွာသားတွေကိုလဲ လူဆိုးတွေမိအောင် ရှေ့ကသွားနှင့်။ ငါနောက်က လိုက်ခဲ့မယ်လို့





ပြောခဲ့တယ်"

အခုအချိန်ထိ ဦးသူတော်ကြီး ရောက်မလာပုံထောက်ရင် ထူးဆန်းတာတော့ အမှန်ပဲ။

ထိုစဉ် ရွာသားတစ်ယောက်က ဒီစေတီနဲ့ ကျောင်းပျက်ကြီးကြားမှာ လပြည့်လကွယ် တရားလာထိုင်တဲ့ ဦးသူတော်ကြီးပဲ ဖြစ်မှာပဲ။

ဦးသူတော်က တကယ်ရှိမရှိ ငြင်းခုံမနေကြတော့ပဲ သာသနာဖျက်ဆီးရန် ကြံရွယ်သူ လူဆိုးများကို ရွာမှလှည်းပြန်ယူ၍ ရွာလူကြီးဦးဆောင်ပြီး ရဲစခန်းသို့ ပို့လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တံတွေးတစ်စက် ပါးတစ်ချက်

မကျွင်လှတစ်ယောက် အလုပ်ကပြန်လာသော လင်ယောက်ျား၏ ထမင်းချိုင့်နှင့်၊ အိတ်ကို အိမ်ဝက ဆီးကြို၍ လှမ်းယူလိုက်သည်။

ကိုကျော်တင့်က၊ စက်မှု(၂)မှ ဝန်ထမ်းတစ်ယောက်ဖြစ်သည်။

အရက်မသောက်၊ ဆေးလိပ်မသောက်ပေမယ့် ကွမ်းကတော့ တစ်ယာနှင့် တစ်ယာ အဆက်မပြတ် အောင်ပင် ကြိုက်လေသည်။

အလုပ်သွားလျှင် လမ်းထိပ်ကွမ်းယာဆိုင်က၊ ကွမ်းဆယ်ယာကို ဘူးနှင့်ထည့်သွားသည်။ ညနေပြန်လာလျှင် တစ်ညလုံးစားရန်အတွက် ကွမ်းယာ





ငါးယာ အမြဲ ဝယ်လာတတ်သည်။

တစ်နေ့ကို ဆယ့်ငါးယာနှင့်ပင်မပြီး။ နေ့ခင်းရုံးတွင် အလွတ်ဝယ်စားသေးသည်။စားဖေါ်စားဖက်များနှင့် တွေ့လျှင် တောင်း၍စားလိုက်သေးသည်။

ကွမ်းစားသည်ဆိုတော့ ကွမ်းတံတွေးက တပျစ်ပျစ်။

ရုံးမှာတော့ ခဏခဏ အဆူခံရ၍ ကျွတ်ကျွတ် အိတ်ထဲထွေးထည့်ကာ အမှိုက်ပုံးမှာသွားပစ်သည်။

လမ်းရောက်လျှင် ကြုံသလိုထွေးတတ်သည်။ ယနေ့ရုံးမှအပြန် ကိုကျော်တင့်မည်သူ့ကိုမှ စကားမပြော။

ဝယ်နေကျကွမ်းငါးယာကိုလည်း ဝင်မဝယ်တော။

အိမ်ပေါ်သို့သာတန်းတက်လာသည်။

"ကိုကျော်တင့် ရေချိုးလိုက်လေ. ပြီးရင်ထမင်းစားကြမယ်။ ဇော်သားက. စောစောကဆာတယ်လို့ ပြောနေတယ်"

"ခဏနေရင်ဖေကြီးပြန်လာတော့မယ်. လို့ ပြောထားတာ။ အခုဘယ်ကိုထွက်သွားပြီး. . ကစားနေပြန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လဲမသိဘူး"

"မင်းတို့ဆာရင်စား . . ငါမစားသေးဘူး"

ကိုကျော်တင့်လည်း အပေါ်အင်္ကျီကိုချွတ်ပြီး ကုတင်ပေါ် တုံးလုံးလှဲနေလိုက်သည်။

"ထိုစဉ် မကျင်လှ အိပ်ခန်းထဲဝင်လာသည်။ ကိုကျော်တင့် ရှင်ဘာဖြစ်လာတာလဲ ရုံးမှာတစ်ခုခုဖြစ်လာလို့လား"

"ဘာမှ မဖြစ်ပါဘူးကွာ"

"ဟင် . . ရှင့်ပါးကြီးတစ်ဖက်နီလို့ပါလား"

"ဘာဖြစ်လာတာလဲ . . တစ်ခုခုနဲ့ ဆောင့်မိလာလို့လား"

"မဆောင့်မိပါဘူး"

"မဟုတ်ဘူး ရှင်တစ်ခုခုဖြစ်လာတယ် . ကျုပ်ကို မှန်မှန်ပြောစမ်းပါ . . ရှင့်ပါးကြီးက တဖြည်းဖြည်း ယောင်ကိုင်းလာသလိုပဲ"

"အပြင်သွားနေစမ်းပါကွာ စိတ်ရှုပ်လွန်းလို့"

မကျင်လှလည်း ဘာမှမေးမရသဖြင့် မကျေမနပ်နှင့် အခန်းပြင်သို့ ထွက်သွားရသည်။





ထိုအချိန် သားဖြစ်သူ အပြင်ကပြန်ရောက်လာသည်၊ "မေကြီး ဖေကြီးပြန်ရောက်ပြီလား . . မောလို့အိပ်ယာထဲလှဲနေတယ် . . သား ဆာရင် စားလိုက်တဲ့"

"သား စားတော့မယ် ထည့်ပေး"

တစ်ယောက်တည်း မွေးထားသော သားလေးက အသက်လေးနှစ်ရှိပြီ၊ မူကြိုကျောင်းမှာထားသည်။

ထိုအချိန်တွင် ယောက္ခမဖြစ်သူ၊ ဦးသက်တင် စက်ဘီးတစ်စီးနှင့်၊ အိမ်သို့ရောက်လာသည်။

"အဖေ ဘယ်ကလှည့်လာတာလဲ"

"ဒီကောင့်ကို . . ဘွားဘွားကြီးက လာခေါ်ခိုင်းလို့ ဘာကျွေးချင်လို့လဲမသိဘူး"

"အဖေ့မြေးက ထမင်းစားမယ်ဆိုလို့ ခူးကျွေးမလို့"

"ကဲ ထမင်းစားမယ်ဆို . မြန်မြန်စား . ပြီးရင် ဘိုးဘိုးနဲ့ အိမ်လိုက်ခဲ့အုံး၊ ဘွားဘွားကြီးက မုန့်ကျွေးမလို့၊ ခေါ်ခိုင်းလိုက်တာ"

ကိုကျော်တင့်၏ အဖေနဲ့ အမေက တစ်လမ်းကျော်မှာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်ကျော်တင့် အလုပ်က ပြန်ရောက်ပြီလား"

"ရောက်ပြီအဖေ. . ရုံးကပြန်လာတာ ပါးတစ်ဖက်က ဘာဖြစ်တာလဲမသိဘူး။ ရဲပြီးယောင်နေတယ်"

"ဘယ်မှာလဲ ခေါ်လိုက်စမ်း"

"အိပ်ခန်းထဲမှာပဲ ကိုကျော်တင့် တော့အဖေ ရောက်နေတယ်"

"ကျော်တင့် အပြင်ထွက်ခဲ့စမ်း"

ခဏကြာတော့ ကိုကျော်တင့် ခေါင်းငိုက်စိုက်ပြီး အခန်းထဲက အပြင်ထွက်လာသည်။

မင်းကွမ်းတွေစားလွန်းလို့ ထုံးပေါက်ပြီး ပါးမှာ အနာဖြစ်တာလား။

"မဟုတ်ပါဘူး. ဘာအနာမှလဲမပေါက်ပါဘူး"

"ကဲ. မင်းရုံးမှာ ရန်ဖြစ်ပြီး ထိုးတာကြိတ်တာများ ဖြစ်ခဲ့သေးလား"

"ရုံးမှာလဲ ရန်မဖြစ်ဘူး. လမ်းမှာလဲရန်မဖြစ်ဘူး"

"ကဲပါကွာ ဒီလိုဖြစ်ရတာ အကြောင်းတစ်ခုခုတော့ ရှိရမှာပဲ၊ အကျိုးအကြောင်းသိရမှ အဖြေရှာနိုင်





မှာပေါ့၊ မင်းဘာဖြစ်လာတာလဲ ငါ့ကိုမှန်မှန်ပြောစမ်း"

"ဒီလိုပါအဖေ သားရုံးကအပြန် ကွမ်းကုန်နေတာနဲ့ ကားမှတ်တိုင်မှာ ကွမ်းဝယ်ပြီး စားလိုက်တယ်၊ ပြီးတော့ လိုင်းကားရောက်မလာခင် ကွမ်းကိုငုံလိုက်တယ်"

"မကြာခင် ကားရောက်လာတယ် ကားကလမ်းကဖြတ်ပြီး စီးရတာဆိုတော့ ရုံးဆင်းချိန်ကလည်း ဖြစ်ပြန် ခြေနင်းခုံမှာ တွယ်ပြီးလိုက်ခဲ့ရတယ်"

ကားထွက်လို့အရှိန်မရခင်. ကျွန်တော်ဒေါ့ကို ကွမ်းတံ တွေးတစ်ချက်၊ ဗျစ်ခနဲ လှမ်းထွေးလိုက်တယ်"

"အဲဒီလိုထွေးပြီး ခေါင်းပြန်အလှည့်မှာ အပြင်ဘက်က ပါးကို၊ ဘယ်ကမှန်းမသိပဲ. ဗျန်းကနဲ. တစ်ချက် ရိုက်လိုက်တာ ခံလိုက်ရတယ်"

"အနီးအပါး ကားတွယ်စီးနေသူတွေကို ကြည့်တော့လဲ. အားလုံးလက်နှစ်ဘက်လုံးတွယ်ထားကြသူ တွေကိုပဲမြင်ရတယ်"

"လက်လွှတ်ပြီးရိုက်နိုင်တဲ့ အခြေအနေမရှိကြဘူး"



www.burmeseclassic.com

"ကျွန်တော် ကွမ်းတံတွေးထွေးလိုက်တာနဲ့ ချက်ချင်း ပါးတစ်ဘက် ဗျန်းကနဲ အရိုက်ခံလိုက်ရတာပဲ"

"ကျွန်တော်ထွေးတဲ့ တံတွေးက မမြင်နိုင်တဲ့သူ ကျွန်တော်တို့လိုပဲ ကားတွယ်စီးလာတဲ့. မမြင်နိုင်တဲ့ သူကို ကွမ်းတံတွေး ထွေးမိလို့ ပါးရိုက်ခံလိုက်ရတယ်လို့ပဲ မှတ်ယူပါတယ်"

"ဒါကြောင့် စိတ်ထဲမရှင်းပဲ. . စိတ်ရှုပ်ပြီး အိပ်ယာထဲ ဝင်လှဲနေတာ"

"အေး အဲဒါ. . ဒီလောက်နဲ့ပြီးသွားလို့တော်သေးတာပေါ့ကွာ"

မင်းပါးစပ်က ဖွင့်ပြီးတော့ပဲ ဖြစ်ဖြစ် စိတ်ထဲက ဖြစ်ဖြစ်. ကွမ်းတံတွေးနဲ့ အထွေးခံလိုက်ရတဲ့ မမြင်ရတဲ့ နယ်ပယ်က ပုဂ္ဂိုလ်ကို တောင်းပန်လိုက်ပေါ့ကွာ။

မင်းရဲ့တံတွေးတစ်စက်. ပါးတစ်ချက်လိုအဖြစ်မျိုးနဲ့ ဆင်တူတယ်။

နာနာဘာဝ တစ္ဆေကို တံတွေးနဲ့ ထွေးမိခဲ့တဲ့ ကျောင်းသားလေး တစ်ယောက် အကြောင်း ငါပြောပြမယ်. .





ငါတို့ ဇာတိရွာက. . ဘုန်းကြီးကျောင်းမှာ တိတိကျကျပြောရရင်. .

ရွာတောင်ဘက် သုဿန်နဲ့ကပ်ရက် သုဿန်ကျောင်းလို့ခေါ်တဲ့ ဘုန်းကြီးကျောင်းမှာပေါ့ကွာ။

အချိန်က ညဘက် ဘုန်းကြီးကျောင်းတွင် ထုံးစံအတိုင်း ဘုရားဝတ်တက်ချိန်ဖြစ်သည်။

ဆရာတော်က ရှေ့ဆုံးမှနေရာယူ၍ ဦးပဉ္စင်းများ ကိုရင်များ၊ ကျောင်းသားများက အစဉ်လိုက် ရှေ့နောက် နေရာယူပြီး ထိုင်လိုက်ကြသည်။

ထို့နောက် ဘုရားရှိခိုးကြသည်၊ ဘုရားရှိခိုးပြီးသည်နှင့်. ဆရာတော်ထံမှောက်တွင်. ဦးပဉ္စင်းများက အာပတ်ဖြေ ရှိခိုးဩဝါဒခံယူသည်။

ပြီးနောက် ဦးပဉ္စင်းများ ထိုင်ရာမှ ထသွားကြသည်။

ကိုရင်ငယ်များနှင့် ကျောင်းသားများ ဆရာတော်၏ ဩဝါဒခံယူရန် ထိုင်နေကြသည်။ ဆရာတော်က ညစဉ် ပြောနေကျ ဆုံးမနေကျအတိုင်း ဆုံးမဩဝါဒပေးနေလေသည်။

www.burmeseclassic.com



ဆရာတော်ဆုံးမစကားနာယူရန် ထိုင်နေကြပေမယ့် ကျောင်းသားအများစု မျက်လုံးများက ဆရာတော်ထံမှာမရှိ။

ကျောင်းပြူတင်းပေါက်မှ အပြင်သို့သာ မကြာခဏ လှည့်ကြည့် လှည့်ကြည့်လုပ်နေ၏။

"မောင်ကျောင်းသားတွေ ဆရာတော်ပြောစကား စိတ်မဝင်စားဘူး၊ အပြင်ပဲငေးကြည့်နေတယ် ကြိမ်လုံးစာမိချင်ပြီထင်တယ်"

ကျောင်းသားကိုလည်း ဆရာတော်ကို ကြောက်၍ ဆရာတော်ဘက် မျက်နှာလှည့်လာသော်လည်း ချက်ချင်းပင်ပြူတင်းပေါက်မှ အပြင်သို့သာ ကြည့်မြဲ။

"ကဲ. အပြင်မှာ ဘာရှိနေလို့ ဒီလောက်တောင် ကြည့်နေတာလဲ"

"ဘုန်းဘုန်း ဟိုဘက်ကျောင်း ခေါင်းမိုးပေါ်မှာ မျက်လုံးကြီးနှစ်လုံး"

"ဟာ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေကြတယ်"

ကိုရင်နှစ်ပါးသုံးပါးကလည်း ကျောင်းသားများ





၏စကားကို ထောက်ခံသည်။

"တပည့်တော်တို့လဲ မြင်ရတယ်ဘုရား၊ ဒန်အိုးကြီး အဖုံးပေါက်ကြီးတဲ့ မျက်လုံးက နှစ်လုံး အရောင်က အလယ်က ရဲရဲကြီး"

ဆရာတော် မမြင်ရပေမယ့် ငယ်ရွယ်သူ ကိုရင် ကျောင်းသားလေးများသာ မြင်ရအောင် လုပ်ထားပုံရသည် ဟု ထင်လိုက်ရသည်။

ထိုမြင် သချိုင်းက တစ်ကောင်ကောင်တော့ လာနှောက်ယှက်နေပြီဟု သိလိုက်သည်။

ဆရာတော်လည်း ထိုင်ရာကထပြီး ပြူတင်းမှာ ရပ်လိုက်သည်။

"ကဲ အကြောင်းကိစ္စမရှိပဲ . . ကိုယ်အရပ်ဒေ ကိုယ့်ဒေသမှာနေ ကျောင်းကိုလာ အနှောက်အယှက်မပေးနဲ့ ကျောင်းမှာက ကိုရင်နဲ့ ကျောင်းသားလေးတွေက ငယ်သေးတယ်။

"သွား ကျောင်းသထွက်သွား"

ကိုရင်လေးတစ်ပါးက

"ဆရာတော် ကျောင်းပေါ်မှာရှိသေးတယ် မ



www.burmeseclassic.com

www.burmeseclassic.com



သွားသေးဘူး"

ဆရာတော်လည်း အမျိုးမျိုး မေတ္တာရပ်ခံပေမယ့် မျက်လုံးကြီးနှစ်လုံးက ထိုနေရာမှာပင် ရှိမြဲ ရှိနေ၏။

ဘယ်လိုမှ တောင်းပန်သော်လည်း မရသည့်အတွက်. .

"ကဲ ဦးပဥ္စင်းနဲ့. . ကိုရင်တွေ. . ခေါ်လိုက် အောက်လင်းဓါတ်မီး ကျောင်းမှာဘယ်နှစ်လုံး အကောင်း ရှိလဲ"

"ရှိရင် ခုနှစ်လုံး ထွန်းလိုက်"

အလှူအတန်းသာရေး နာရေးများအတွက် သော် လည်းကောင်း၊ ကျောင်းတွင်ထွန်းရန်သော်လည်းကောင်း၊ ဝယ်ထားသည့် အောက်လင်းဓါတ်မီး ခုနှစ်လုံးကို မီးထွန်းခိုင်းလိုက်သည်။

အဲဒီကျောင်း ပတ်ပတ်လည်မှာ တိုင်စိုက်ပြီး အောက်လင်းဓါတ်မီးတွေ ချိတ်ထားလိုက်။

ဘုန်းကြီး အပါအဝင် ဦးပဥ္စင်းများ ဖယောင်းတိုင်ကြီးများကို မီးထွန်း၍ အာရုံပြုပြီး ဘုရားရှင်အား မီးပူဇော်လိုက်ကြပါသည်။





ထိုနောက် သရဲရှိနေသော ကျောင်းကြီးကို ပရိတ်များ ရွတ်ဖတ်လျက် ခုနှစ်ခေါက် ပတ်ကြသည်။

မျက်လုံးကြီးနှစ်လုံးမှာ အစပိုင်းတွင် အကြီး ကြီး ရှိနေရာမှ ပရိတ်ရွတ်ပြီးကာနီးတွင် မျက်လုံးနှစ်လုံးက လက်သီးဆုတ်အရွယ်မျှသာ မီးလုံးရှိတော့သည်။

ဆရာတော်နှင့် ရွတ်ဖတ်သူ ဦးပဥ္စင်းများ ကျောင်းပေါ် ပြန်တက်လာကြသည်။

"ဘယ်နှယ်လဲ ကိုရင်တွေ ကျောင်းသားတွေ မျက်လုံးကို မြင်ရသေးလား"

"မြင်ရသေးတယ်ဘုရား. . ဒါပေမယ့်"

"ဟဲ ကိုရင်. . ဘာဒါပေမယ့်လဲ"

"စောစောကလို. . အကြီးကြီးမဟုတ်တော့ ဘူး သေးသွားပြီဘုရား. . လက်သီးဆုတ်လောက်ပဲရှိတော့တယ်"

"ကဲ ကျောင်းခေါင်းမိုးပေါ်က နာနာဘာဝ ကောင် ဒီလောက်နှင်တာ မရဘူးဆိုတော့. . အကြောင်း ကိစ္စတစ်ခုခုရှိတယ်နဲ့တူတယ်"

"ဆင်းလာပြီး. . တင်လျှောက်စရာရှိတယ်ဆိုလဲ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့. . ငါခွင့်ပြုတယ်"

ဆရာတော်စကားဆုံးသည်နှင့် ကျောင်းဝေင်ဝင် ဖိနပ်ချွတ်နေရာမှ ဝုန်း ဆိုသော အသံကြီးကို အားလုံး အားလုံးကြားလိုက်ကြရသည်။

ထိုနောက် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော ကျောင်းသားလေး တစ်ယောက်ကြမ်းပြင်ပေါ် လှိမ့်၍ တုန်နေပါတော့သည်။

"ကဲ ဝင်လာပြီဆိုမှတော့ ထိုင်ပြီးပြောစမ်း"

ကျောင်းသားလေးလဲ. . တုံးလုံးလဲနေရာမှ ထ၍ထိုင်တော့သည်။

"ကဲ ပြောစမ်း ဘာအကြောင်းကိစ္စရှိလို့. . ငါ့ကျောင်းခြံထဲ. . လာနှောက်ယှက်နေရတာလဲ"

"ညနေက. . အရှင်ဘုရားကျောင်းကို ရွာထဲက ဆွမ်းချိုင့်ပို့ပြီး ပြန်လာတဲ့ ကျောင်းသားလေး ထိုင်နေတဲ့ တပည့်တော်ကို ခလုတ်တိုက်မိပြီး လဲ. . ပါတယ်ဘုရား"

"ကျောင်းသားလေးပစ်လဲသွားတာနဲ့ အတူပါလာတဲ့ ကိုရင်လေးက၊ လဲနေတဲ့နေရာကို ဖွဖွလို့ ခြေနဲ့ဆောင့်ကန်ပြီး. တံတွေးနဲ့ထွေးစေပါတယ်"





"အဲဒီမှာထိုင်နေတဲ့ တပည့်တော်ကို ကျောင်းသားလေးက တံတွေးနဲ့ထွေးတယ်။ သူထွေးတဲ့တံတွေးက မျက်နှာကိုစင်တဲ့အတွက် အရမ်းစိတ်ဆိုးပြီး အခုလို ခြောက်လှန့်မိတာပါ"

"အင်း ဘုန်းကြီးတို့လောကသားများ အယူရှိတယ် ခလုတ်တိုက်ပြီးလဲရင် အဲဒီနေရာကို ဖနောက်နဲ့ ဖွဖွလေးပေါက်ပြီး တံတွေးနဲ့ ထွီ ထွီဆိုပြီး အချို့က ပြုလုပ်တတ်ကြတယ်. . "

"အချို့က ခွေးလဲတာ၊ လူလဲတာမဟုတ်ဘူးလို့လဲ ပြောတတ်ကြတယ်ကွဲ့"

"အဲဒီလိုလုပ်မှ၊ အမှောင့်ပယောဂ၊ ဖုတ် တစ္ဆေ သရဲ၊ ဝင်မပူးတော့ဘူးလို့လဲ အယူရှိတယ်"

"ယခု. . ကလေးတွေက လူကြီးတွေသင်ထားတဲ့အတိုင်း လျှောက်လုပ်ကြတာ၊ လမ်းမှာထိုင်နေတဲ့ ဒကာကို မမြင်ဖတော့. . မသိပဲ လုပ်မိတာပါ. . ကလေးတွေကို အပြစ်မမြင်ပါနဲ့"

"ငွေယူမနေပါနဲ့"

"တပည့်တော်ကတော့ မကျေနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့ကို ဟံတွေးနဲ့ထွေးရင် အရမ်း စိတ်ဆိုးတာပဲ ဘုရား"

"ကလေးတွေကိုလဲ နောက်မလုပ်ဘို့ ဆုံးမပေးပါ့ မယ် ဘုန်းကြီးနဲ့ ဒကာတို့က ခြံနီးနားခြင်းနေကြတာပဲ"

"ဘုန်ကြီးကျောင်းနဲ့ ဒကာတို့နေတဲ့ သချိုင်းက၊ ခြံစည်းရိုးတစ်ခုပဲခြားတာမဟုတ်လား"

"တစ်ဦးအပြစ်တစ်ဦးထွေယူမနေပါနဲ့။ သည်းခံခွင့် လွှတ်မှပေါ့"

"ဒကာလဲ ဘုရားနဲ့နီးကျောင်းနဲ့နီးတာပဲ ကုသိုလ် ယူတတ်ရင် အမျှပေးတာကို ခံယူတတ်ရင် ဒီထက်မြင့် တဲ့ ဘုံကိုလဲ ရောက်နိုင်တာပေါ့"

"ခက်ထန်တဲ့ စိတ်ကို လျှော့သင့်ပါတယ်။ ကလေးတွေကိုလည်း သွားရင်းလာရင်း ဟံတွေးကို လမ်း မှာ တဗျစ်ဗျစ်မထွေးဘို့ သတိပေးထားပါမယ်"

"ထွေးမိသွားရင်လဲ. . ကန်တော့လို့ ပြောခိုင်းပါ့ မယ်. ကျေနပ်ခွင့်လွှတ်လိုက်ပါ ဒကာ"

"အရှင်ဘုရားကို လေးစားလို့ တပည့်တော် ပြန် ပါတော့မယ်ဘုရား"





"အေး. . အေး. . အခုလိုခွင့်လွှတ်တယ်ဆိုလို့ ဘုန်းကြီးသာဓုခေါ်ပါတယ်"

ကျောင်းသားကိုဝင်ပူးကပ်နေသော သရဲလဲ အတော်လေး တောင်းပန်လိုက်မှ မကျေမနပ်နှင့်ပင် ထွက်သွားတော့သည်။

"အေး အဲဒီအဖြစ်ပျက်က သုသာန်ကျောင်းမှာ တကယ်ဖြစ်ပျက်ခဲ့တာပဲ"

ချော်လဲတဲ့ကျောင်းသားလေးက ခလုပ်တိုက်လဲ လို့ ဖွဟဲ့ဆိုပြီး ဟံတွေးနဲ့ထွေးတာခံလိုက်ရတဲ့သရဲက မျက်လုံးကြီး ပြူးပြီး လာခြောက်နေတာ။

"ငါ့သားကြောင့် ကားပေါ်ကနေ ကွမ်းတံတွေး ထွေးချတာခံလိုက်ရတဲ့ မမြင်ရတဲ့ နာနာဘာဝက အ တော်စိတ်ဆိုးမှာပေါ့"

"နောက်ကို ကွမ်းစားဖို့ အတော်စိတ်ပျက်သွား ပါပြီ အဖေရာ"

အေး လုံးဝမစားတော့ရင် ပိုကောင်းတာပေါ့ အလုံလျှပ်စစ်ဌာနမှာ အလုပ်လုပ်နေတဲ့ ဦးအေးထွန်း ကွမ်းစားလွန်းလို့ ပါးစပ်တစ်ခုလုံး သွားအကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အောက်မှ ခြောက်ချောင်းပဲရှိတော့တယ်။

ကျန်တဲ့သွားတွေက ကျွတ်သွားတာမဟုတ်ပဲ ပြတ်ထွက်ကုန်တာ သွားတွေအားလုံးလဲ ကွမ်းဂျိုးတွေ မဲမဲနဲ့ မြင်မကောင်းဘူး။

"ဖြတ်လိုက်တာကောင်းပါတယ်။ လေနာရောဂါလဲ ရနိုင်တယ်။ သွားဖုံးကင်ဆာလဲကြောက်ရတယ်"

"ကွမ်းယာဘိုး တစ်နေ့တစ်နေ့ ဘယ်လောက်ကုန်လဲ ရှောင်တာ အကောင်ဆုံးပါပဲ"

'ကျွန်မကလဲ ပိုက်ဆံကုန်လို့ ပြောတာမဟုတ်ဘူး။ဆေးလိပ်နဲ့ အရက်အကုန်ဖြတ်နိုင်ပြီး ဒီကွမ်းဖြတ်ဖို့ပဲ ကျန်တော့တယ်"

မကျင်လှလည်း အကွက်ဝင်တုန်း သူဖြစ်စေချင်သည်ကို ယောကျ္ာမအားကိုးနှင့် ဝင်ပြောသည်။

"အေးပါကွာ မကောင်းမှန် သိတဲ့အရာကိုရှောင်နိုင်အောင်ကြိုးစားပါ့မယ်. . အခု ငါ့ပါးရောင်နေတာကို အရောင်ကျမယ့်ဟာ တစ်ခုခု လုပ်ပေးပါအုံး"

"ကဲ ငါ့သား သောက်ရေခွက်ယူခဲ့ ရေခပ်ပြီး အိမ်ဝမှာရပ် မင်းကြောင့် ဟံတွေးတွေးခံလိုက်ရတဲ့ မမြင်





ရတဲ့ ပုဂ္ဂိုလ်ကို လေးလေးစားစားနဲ့ တောင်းပန်လိုက်"

"ပြီးရင် အဲဒီသောက်ရေခွက်ထဲကရေကို မေတ္တာရေလို့ သတ်မှတ်ပြီး ခြံဝမှာ ပက်ဖြန်းလိုက် နဲနဲချန်ထားပြီး မျက်နှာသစ်လိုက် မကြာခင် ငါ့သားမျက်နှာ ပြန်ကောင်းလာမှာပါ"

ကျော်ထွန်းတစ်ယောက်လည်း ဖခင်ခိုင်းသည့်အတိုင်း စိတ်ပါလက်ပါနှင့် ပြုခဲ့သမျှကို တောင်းပန်နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြည်းပြည်းဆင်း ပြည်းပြည်းဆင်း

ကျွန်တော်တို့ ငယ်စဉ် အပျော်လွန်စဉ်က အဖြစ်အပျက်လေးများကို ပြန်လည်မြင်ယောင်မိသဖြင့် ယခုကဲ့သို့ ရေးသားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မူလတန်းမှသည် အလယ်တန်းအထိ ချောင်းရင်းရွာ၊ အလယ်တန်းကျောင်းမှာ နေခဲ့ကြသည်။

ကျွန်တော်တို့ စတုတ္ထတန်းအောင်သည့်နှစ်တွင် မူလတန်းကျောင်းအဆင့်မှ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းခံလိုက်ရသည်။

ကျွန်တော်တို့တတွေ ငါးတန်းမှသည် ရှစ်တန်းအထိ၊ ပြွန်တန်ဆာမြို့ အထက်တန်းသို့မရောက်တော့





ပဲ ရွာအလယ်တန်းကျောင်းမှာပင် ဆက်၍နေခဲ့ရသည်။

ကျွန်တော်တို့ အဌမတန်းသို့ ရောက်ခဲ့ကြပြီသောကြာနေ့ ညနေပိုင်း နောက်ဆုံးနှစ်ချိန်သည် အားကစားလေ့ကျင့်ရန် ပေးထားသော အချိန်ဖြစ်သည်။

ထိုအချိန်များတွင် အားကစားနည်းပြဆရာ မရှိ၍ အားကစား ဘယ်သူမျှ မလုပ်ရ၊ အားလပ်ချိန်လိုဖြစ်နေခဲ့သည်။

ထိုအခါ ကျွန်တော်တို့ ရှစ်တန်းကျောင်းသားကျောင်းသူတစ်စုလည်း ပိုက်ဆံကာစ်မတ်စီစု၍ ဆန်ဝယ်သည်၊ ကြက်ဝယ်သည်၊ ပဲဝယ်သည်၊ ဖြုပ် ဆီ ဆား ကြက်သွန်အပြည့်အစုံနှင့် ပဲကုလားဟင်း စုပေါင်းချက်စားကြသည်။

ကျောင်းဆင်းသွားပြီးမှ ထမင်းဟင်း ကျက်သည်။ ထိုအခါ ကျောင်းအုပ်ဆရာကြီး၊ ဆရာဦးသန်းကျော်၊ ဆရာဦးကျင်အေးနှင့်အတူ ထမင်းစားပြီးမှ ပြန်ကြသည်။

သို့ကြောင့် အတန်းတိုင်း ကျောင်းတိုင်းသူငယ်ချင်းများရှိကြသည်။ သို့သော် ကျွန်တော်တို့ ရှစ်တန်း



www.burmeseclassic.com

www.burmeseclassic.com



စု သူငယ်ချင်း ယောက်ျားလေး၊ မိန်းကလေးတို့ လက်ရေတပြင်တည်း ဟူသော အပတ်စဉ် ပျော်ပွဲစားရာမှ ရရှိလာသည့် ပေါင်းစည်းမှု သံယောဇဉ်ကြောင့် အမြဲစည်းရုံးခင်မင်ခဲ့ကြသည်။

ကျောင်းအုပ်ဆရာမကြီးဆိုလျှင် ကျောင်းအမျိုးမျိုး၊ မြို့ရွာမျိုးစုံ၊ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရပေမယ့် ကျွန်တော်တို့သူငယ်ချင်းတစ်စု၊ ဆရာမကြီးမိသားစုနှင့် ယနေ့တိုင် အခင်မပျက်၊ အဝင်အထွက် အသွားအလာမပျက် ရှိခဲ့သည်။

ထိုကဲ့သို့ မိတ်မပျက်၊ သံယောဇဉ်မပျက် ခင်တွယ်ခဲ့ကြသည့် အဖြူခံ သံယောဇဉ်များကြားမှာ ကျွန်တော်တို့ လေးငါးယောက်ကတော့ ဆွမ်းဆန်ထဲ ကြွက်ချေးတုံးလေးတွေလို့ ပြောရမည်ပင်

အကြောင်းက ဤသို့ဖြစ်သည်။ အလယ်တန်းအောင်ပြီး အထက်တန်းကျောင်းသားများအဆင့်သို့ ရောက်သည့်အချိန် ဖြစ်သည်။

ကျောင်းမှ အိမ်ပြန်ရောက်၍ ရေချိုးထမင်းစားပြီးသည်နှင့် စာမလုပ်သေးပဲ လူငယ်သဘာဝ ကျွန်တော်၊





ကျောက်ကြီး၊ မျိုးလွင်၊ သောင်းမြင့်၊ သိန်းဇော်၊ မြင့်ဦးတို့တစ်စု ည(၆)နာရီကျော်ပြီဆိုလျှင် တစ်အိမ်အိမ်မှာဆုံပြီး စကားဝိုင်းဖွဲ့ကြသည်။

တစ်ခါတစ်ရံ ဘုရားကြီးကျောင်း ခြံထောင့်ရှိပေါက်ဖြတ်ဆောက်ထားသော တံတားလက်ရမ်းပေါ် ထိုင်ပြီး တစ်ခုခုလုပ်ရန် တိုင်ပင်တတ်ကြသည်။

ကျွန်တော်တို့အုပ်စုက ထိုအချိန်ထိုကာလမှာအချစ်ကို မည်သူမှ စိတ်မဝင်စား။ ကျွန်တော်တို့အုပ်စု၊ မည်သူမှ ရည်းစားမရှိ။ ရည်းစားထားရန်လည်း စိတ်မဝင်စား။

ညဘက်ဆုံကြလျှင်လည်း အရက်သောက်ရန်လည်း မတိုင်ပင်မိ။ သို့ပေမယ့် ကျွန်တော်တို့အားလုံး တက်ညီလက်ညီ စိတ်ဝင်စားစွာ လုပ်တတ်သော အကျင့်ကလေးတစ်ခုကတော့ ရှိသည်။

ထိုအကျင့်ဆိုးကတော့ အုန်းသီးခိုး၍ အုန်းရေအပျော်တပါး သောက်တတ်သော အကျင့်ဆိုးသာ ဖြစ်သည်။

လူစုမိလျှင် ဘယ်ခြံမှာတော့ အုန်းရေသောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ အုန်းသီးခိုင် တွေ့ထားတယ်။ သွားခူးကြမယ်။

ထိုသို့ တစ်ယောက်က အကြံပေးလိုက်သည်နှင့် မကြာခင် ထိုနေရာသို့ ရောက်သွားပြီး ရအောင်ခူးကြတော့သည်။

စီးပွားဖြစ်လည်း မခူးပါ။ သုံးလေးလုံးခူးပြီး အုန်းရေသောက်ရလျှင် ကျေနပ်ပြီ။

ထိုအချိန်ကတော့ ပျော်စရာတစ်ခုလို့သာ သဘောထားပြီး ကျွန်တော်တို့ မကြီးမငယ် အုပ်စု ညစဉ်တစ်အိမ်အိမ်က ခြံထဲဝင်၍ အုန်းသီးခိုးခူးစမြဲ။

ရွာထဲက လူတော်တော်များများကလည်း ကျွန်တော်တို့အုပ်စုမှန်း သိပါသည်။ စီးပွားပျက်အောင် မခူးခြင်း၊ အခြားကြက်၊ ငှက်၊ ပစ္စည်းတစ်ခုမှ မယူတတ်ကြ၍ အပြစ်တင်စကား ပြောကြပေမယ့် ပြဿနာတော့ မရှာပါ။

လက်ပူးလက်ကြပ် မမိသေး၍လည်း ဖြစ်မည်ထင်ပါသည်။

ကြက်ငှက်မခိုးဘူးဆိုသော်လည်း အပေါင်းအ





သင်းကောင်း၍ အရသာရှိသဖြင့် ဟစ်ခုသော မိုးတွင်းအချိန်မှာပဲ ဘဲလေးကောင်ကို မှတ်မှတ်ရရ တစ်ခါခိုးပြီး ဟင်းချက်စားဖူးပါသည်။

ခိုး၍တကယ်လွယ်ခဲ့ပါသည်။ ခိုးမည်ဆိုလျှင် အကောင်နှစ်ဆယ်၊ သုံးဆယ်ပင် ခိုး၍ ရပါသည်။ သို့သော် ကျွန်တော်တို့ အုပ်စုက စားဖို့သာ ခိုးနေခြင်း ဖြစ်သည်။

ကျွန်တော်တို့ ဘဲခိုးပုံက ဤသို့တည်း။

မိုးတွင်းကာလ ဝါဆိုဝါခေါင် ဆိုသည့်စာဆိုအတိုင်း မောင်ကျော်တို့ ဘုရားကြီး ကွက်သစ်တစ်ခုလုံး ရေတို့ဖြင့် ပြည့်နေပါသည်။

လဆန်းရှစ်ရက် ဥပုသ်နေ့ ကျွန်တော်တို့ ကျောင်းပိတ်သည်မို့ မောင်ကျော်တို့ အိမ်သို့ ကျွန်တော်နှင့် မျိုးလွင်၊ သောင်းမြင့်တို့ ငါးမျှားရန် ရောက်လာခဲ့သည်။

"ကျော်ကြီး ဟေ့ကျော်ကြီး ရှိလား"

"အေး ရှိတယ်။ ဒီလောက်မိုးကောင်းနေတာ အိမ်မှာမနေဘဲ ဘာလျှောက်လုပ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာနေရတာ ပျင်းတာနဲ့ မိုးလွင်ကို ဝင်ခေါ်ပြီး မင်းဆီလာတာ။ လမ်းမှာ သောင်းမြင့်နဲ့တွေ့လို့ သူလဲ ပါလာတယ်"

"လာဟေ့ ငါ အခုပဲ ထမင်းစားပြီးတယ်။ အိမ်မှာ ဘာမှ မရှိတော့ဘူး"

"စားချင်သောက်ချင်လို့ လျှောက်သွားနေတယ် လို့များထင်လားမသိဘူး။ ငါတို့လဲ စားပြီးပါပြီကွာ"

သုံးယောက်သား အိမ်ထဲဝင်လာကြသည်။

"ဦးလေးနဲ့အဒေါ် ဥပုသ်သွားစောင့်နေတယ်မို့ လား။ အိမ်မှာ လူကြီးတွေ မရှိဘူးထင်လို့ ငါးမျှားမလား ဆိုပြီး လာခဲ့တာ"

ကျော်ကြီးတို့အိမ်က ခြေတံရှည်အိမ်ဖြစ်သည်။ ယခုလို မိုးကောင်းသည့်အချိန် ရေက အိမ်အောက်မှာ ဒူးခေါင်း ပေါ်လောက်ခန့် ရှိသည်။

မောင်ကျော်တို့ တစ်ခြံလုံး သစ်ပင်များ တောင် စွန်ဖက်ပင်များ၊ ပိန်းပင်များဖြင့် ပြည့်နေသည်။ ရေမြုပ် နေသဖြင့် အရွက်များသာ ရေပေါ်ထိုးထွက်နေသည်။

ကျွန်တော်တို့အုပ်စု မိုးတွင်းရောက်လျှင် မကြာ





ခဏ လာ၍ ငါးမျှားကြသည်။

ငါးမျှားပေမယ့် တစ်ခါမှ ဟင်းစားပြည့်အောင် မရ။ ဝါသနာမပါ၍ တစ်နာရီပြည့်အောင်ပင် မထိုင်ဖြစ်။ သို့သော် မောင်ကျော်တို့အိမ်ကိုလာလျှင် ငါးမျှားရန်ဟု အကြောင်းပြပြီး ရောက်လာတတ်သည်။

သုံးယောက်သား ငါးထိုင်မျှားနေစဉ် မျက်လုံး များက မောင်ကျော်ဟို့ ခြံထဲရှိ ရေပြင်ပေါ်တွင် ကူးခတ် နေသော တစ်ခြံကျော်မှ ဘဲအုပ်ကို တွေ့လိုက်ရသည်။

ဘဲအုပ်က အကောင်လေးငါးခြောက်ဆယ်ခန့် ရှိသည်။ သူတို့ ဘဲအုပ်ခြံထဲဝင်လာလျှင် ဆူညံနေတော့ သည်။

ဘဲအုပ်မြင်တော့ ကျွန်တော်တို့ဦးနှောက်ထဲ မ ကောင်းတဲ့အကြံတစ်ခု ဝင်လာသည်။

"ကောက်ကြီး ငါတို့ ဘဲဖမ်းပြီး ဟင်းချက်စားရ အောင်"

"ဟာ ဘဲတွေဆင်းဖမ်းလို့ကတော့ ချက်ချင်းလု မိပြီး ရုံးရောက်မှ ဟုတ်ပေ့ဖြစ်နေမယ်"

"ဘယ်သူမှ မသိအောင် ခိုးမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီလောက်ဆူညံအောင် အော်တဲ့ဘဲတွေ အသံမထွက်အောင် ခိုးနိုင်လို့လား"

"ရအောင် ခိုးမယ်။ အသံလုံးဝမထွက်စေရဘူး။ မင်းက ခြံရှင်ဆိုတော့ မင်းခြံထဲဝင်နေတဲ့ ဘဲတွေ့ကို ခြံထဲက မောင်းထုတ်သလို ရေထဲဆင်းပြီး ဘဲတွေ မောင်းရမယ်"

မျိုးလွင်က သဘောပေါက်သွားသည်။

"အေး ဟုတ်တယ် ငါတို့ရအောင် ဖမ်းမယ်"

"ဘဲ ဖမ်းလို့ရရင် ဘယ်မှာ ချက်စားမှာလဲ"

"အကြောင်းမဟုတ်ဘူး။ ရိုးလေးပိုင်းက မောင်မောင်တို့အိမ်သွားပြီး ချက်စားကြမယ်"

"ကဲ ဒါဖြင့် မင်းတို့ဖမ်းမယ်ဆိုလဲ ဖမ်းကွာ"

"ငါနဲ့ မျိုးလွင်က မင်းဘဲတွေ မောင်းထုတ်မယ့် နောက်ဘက်ခြံစပ်ကို အရင်သွားနှင့်မယ်"

"ငါနဲ့မျိုးလွင် ဝောင်စွန်ဖက်ပင်တွေ၊ ပိန်းပင်တွေကြားမှာ နှာခေါင်းပေါ် ရုံဖော်ပြီး ရေထဲမှာ ထိုင်နေမယ်။ ငါတို့ရှိတဲ့ဘက်ကိုသာ မင်းဘဲတွေ မောင်းလာခဲ့"

ကျွန်တော်နှင့်မျိုးလွင်လည်း ရေထဲဆင်းပြီး ခြံ





ထောင့်မှာ ဒူးထောက်ပြီး ထိုင်နေကြသည်။ ဝောင်စွန်ဖက်မှာ ပိန်းရွက်များကြောင့် ကျွန်တော်တို့ ရေထဲမှာ ရှိနေသည်ကို ဘဲအုပ်ကြီးလည်း မသိ။

ကျော်ကြီးက ခြံစပ်အပေါက်မှ ဘဲအုပ်ကို မောင်းထုတ်လာသည်။

ဘဲအုပ်က၊ကျွန်တော်တို့ထိုင်နေသည့်ဘက်ကို အုပ်လိုက်တိုးဝင်လာသည်။

ကျွန်တော်လည်း ရေအောက်မှ လက်နှစ်ဘက်နှင့် ဘဲခြေများကို ဖမ်းဆွဲကာ ရေထဲနှစ်ထားလိုက်သည်။

အသံမထွက်ဘဲ ဘဲနှစ်ကောင် ရေအောက်မှာ ရေနစ်ပြီး မကြာခင် အသက်ပျောက်သွားသည်။

မျိုးလွင်လည်း ကျွန်တော့်နည်းတူ နှစ်ကောင်ဖမ်းမိသည်။

ဖမ်းမိထားသောဘဲနှစ်ကောင်စီကို ရေထဲမှာပင် လက်ကိုအပေါ်သို့မဖော်ပဲ အိမ်သို့ဆွဲယူလာခဲ့သည်။

ထို့နောက် ရေကပြင်မှနေ၍ အိမ်ပေါ်သို့ တက်ခဲ့ကြသည်။

မောင်ကျော်၏ ပုဆိုးများကို ယူ၍ ဝတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်နှစ်လုံးအတွင်း ဘဲနှစ်ကောင်စီခွဲထည့်ကာ၊ အိမ်တံခါးပိတ်ပြီး ရိုးလေးပိုင်း မောင်မောင်တို့အိမ်သို့ တက်ခဲ့ကြသည်။

ထိုကဲ့သို့ အရလွယ်စွာ ဘဲကိုခိုးယူစားသောက်ခဲ့ကြသော်လည်း နောက်ပိုင်းတစ်ခါမှ ဖမ်းယူစားသောက်ခြင်း မပြုကြတော့။

ထိုတစ်ကြိမ်ထဲသာ ဟင်းစားအတွက် ခိုးယူဘူးကြပါသည်။

အဲ. . အုန်းသီးကတော့ ရာဇဝင်တွင်အောင် ခိုးဘူးပါသည်။

အုန်းသီးအရေသောက်ရန် မကြာခဏခိုးယူကြပေမယ့် ရာဇဝင်တွင်သည့် ခိုးယူခြင်းကတော့ ရွာလယ်ပိုင်းက ခြံတစ်ခြံမှ ခိုးယူတုန်းကဖြစ်သည်။

ထိုခြံက၊ အနံပေ '၆၀'ကျော် အလျားက ပေတစ်ရာကျော် ခြံလယ်မှာ အိမ်က တံခါးများပိတ်လျက်၊ အိမ်ရှင်များ လယ်တောသို့ ကိုင်းစိုက်ရန် ပြောင်းကြသည်။

အိမ်၏အရှေ့ ဆယ့်ငါးပေခန့် အကွာမှာ အုန်း





ပင်က တစ်ပင်တည်းစိုက်ထားသည်။

အုန်းသီးခိုင်ကလည်း အခိုင်လိုက် အပြွက်လိုက် အရင့်ရော ငှန်းခြစ်ရော အားလုံးရှိနေသည်။

အပင်အမြင့်က ပေငါးဆယ်မျှမြင့်မည်ထင်သည်။

ကျွန်တော်တို့အုပ်စုလည်း ခြံရှင်မရှိ၍ အခွင့်ရေးက သာနေသည်၊ အေးအေးဆေးဆေးခူးရုံပင်။

သို့သော် ခက်သည်က ပေငါးဆယ်ကျော်ခန့် မြင့်နေခြင်းပင်။

"ဘာခက်တာမှတ်လို့လဲကွာ၊ ဒီကောင့်အိမ်အောက်မှာ နိုင်လွန်ကြိုးခွေရှိတာပဲ နိုင်လွန်ကြိုးနဲ့ အုန်းခိုင်ကိုချည်ပြီး ချတာပေါ့"

"ဘယ်သူတက်မှာလဲ ငါတော့မတက်ရဲဘူး"

မြင့်ဦးက သောင်းမြင့်ကို တက်ခိုင်းသည်။

"သောင်းမြင့် မင်းတက်နိုင်တယ် ငါတို့အောက်က စောင့်ယူမယ်"

"ရပါတယ် ဒီကောင်က အမြင့်ကတော့ ထမင်းစားရေသောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ညကိုးနာရီထိုးသည်နှင့် ကျွန်တော်တို့လူစု၊ လူမရှိသောခြံထဲသို့ ရောက်လာကြသည်။

ကျွန်တော်တို့အုပ်စုတွင် ဓါးတစ်ချောင်းကြီးတစ်ခွေ ပါလာသည်။

မကြာခင် သောင်းမြင့်အုန်းပင်ပေါ် တက်သွားသည်။

သောင်းမြင့် အုန်းပင်အတော်အတက်ကျွမ်းလှသည်။ ခဏအတွင်း အုန်းပင်ပေါ် ရောက်သွားသည်။

အရေသောက်ရနိုင်မယ့် အုန်းခိုင်ကိုရွေးကာ နိုင်လွန်ကြိုးဖြင့် ခိုင်အောင်ချည်လိုက်သည်။

ထို့နောက် ဓါးဖြင့် ကြိတ်၍ အုန်းသီးခိုင်ကို လှီးလိုက်သည်။

ကျွန်တော်တို့လူစုက အုန်းပင်ပေါ်မှ အုန်းခိုင်ကို ကြိုးဖြင့်ချပေးပါက လှမ်းယူရန် အပင်ဝန်းကျင်မှာရပ်ပြီး အပေါ်သို့မော့ကြည့်နေကြသည်။

မိုးကောင်ကင်ရှိ ကြယ်လေးများ၏ အလင်းရောင်ဖြင့် အပင်ကို မြင်နေရသည်။

ထိုစဉ် အပေါ်မှ. .





"ဟော့ ကောင်တွေ. . အမြန်ရှောင်. . ရှောင်"

ဝုန်း. . .

အပေါ်မှ လူသံပင်မဆုံး ဝုန်းဆိုသော အသံကြီးက အပင်ခြေရင်းမှကြားလိုက်သည်။

ကျွန်တော်တို့ ဖမ်းယူမည်ဟု ကြံထားသော အုန်းခိုင်ကြီးက မဖမ်းလိုက်ရပဲ အပင်ခြေရင်းသို့ ဝုန်းကနဲကျလာသည်။

ကျွန်တော်တို့ အုပ်စုလည်း လူကြတာမဟုတ်၊ အုန်းသီးခိုင်ကျသည်ကို အသေအချာ သိမှ နီးစပ်ရာလွင့်ထွက်သွားသော အုန်းသီးတစ်ချို့ကိုကောက်ယူကြပြီး ခြံအပြင်သို့ ပြေးထွက်ကာ ပုန်းနေလိုက်ကြသည်။

အုန်းခိုင်ပြုတ်ကျသည့် အသံကြောင့် အနီးအပါးအိမ်အချို့မှ ဓါတ်မီးဖြင့် လူသုံးယောက်ရောက်လာပြီး၊ ဓါတ်မီးဖြင့် လိုက်ထိုးကြည့်သည်။

"အုန်းသီးခိုးခူးတာပဲ"

"အုန်းသီးခိုးတဲ့ကောင်တွေ့လိုက်လား"

"ဆင်းပြေးရှာပေ့ါ"

လူတစ်ယောက်က အုန်းပင်ပေါ် ဓါတ်မီးဖြင့်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"အမြင့်ကကျတော့ အုန်းသီးတွေကွဲကုန်ပြီ၊ သူခိုးတွေ ကုန်အောင်ကောက်မသွားဘူး"

ဘယ်သူမှမတွေ့၍ ခဏကြာတော့ လူတစ်ယောက်က အုန်းခိုင်ကိုဆွဲယူသွားကာ ခြံထဲမှထွက်သွားသည်။

ထိုအခါ ပုန်းနေသော ကျွန်တော်တို့ အုန်းပင်အောက်သို့ ပြန်လာခဲ့သည်။

သောင်းမြင့်လည်း အုန်းပင်ပေါ်က ပြန်ဆင်းလာသည်။

"ငါ့မှာ ဓါတ်မီးနဲ့ အောက်ကထိုးလို့ အရွက်တွေ အသီးတွေနဲ့ ကွယ်ပြီး ပုန်းနေရတာ"

"ဘယ်လိုဖြစ်ပြီး အုန်းခိုင်ပြုတ်ကျရတာလဲ၊ ကံကောင်းလို့ ငါတို့အောက်ကကောင်တွေ မသေတယ်"

အခိုင်ကို ဓါးနဲ့လှီးတာ၊ ချည်ထားတဲ့နိုင်လွန်ကြိုးပါ အခိုင်နဲ့အတူ လှီးမိသွားတယ်၊ ပြုတ်ကျသွားမှ ငါလဲသိလိုက်လို့ လှမ်းသတိပေးလိုက်တာ။

"ကံကောင်းလို့မသေတယ် ငါ့မျက်နှာလေး





တောင် ဟပ်သွားတယ်"

ကျွန်တော်တို့ ငါးယောက်အုန်းသီးလေးလုံးပိုက်ပြီး ပြန်ခဲ့သည်။

အိမ်ရောက်တော့ တစ်လုံးသာအကောင်းပါပြီး ကျန်သုံးလုံးက ကွဲပြီး အရေများပါမလာတော့။

ထိုကဲ့သို့ အသက်ဘေးနှင့်နီးသော အုန်းသီးကို ခိုးစားခဲ့ကြသလို။

တစ်ခုသောရက်မှာ မျိုးလွင်တစ်ယောက် ဦးစိုးမောင်အိမ်မှာ ဆွဲထားသော နတ်အုန်းသီးကို စင်မှယူပြီး အုန်းရေခွဲသောက်ခြင်းကလည်း ပျော်စရာဖြစ်မလာပဲ လူသိရှင်ကြား အဆူခံထိခဲ့ရသည်။

ပျော်တတ်သော မျိုးလွင်တစ်ယောက်ရွာထဲမှ ကိုင်းထဲသို့ လယ်ယာသီးနှံစိုက်ရန် အိမ်တံခါးပိတ်ပြီး ပြောင်းသွားသော ဦးစိုးမောင်၊ ဒေါ်ခင်စိန်တို့အိမ်ထဲဝင်ပြီး နတ်အုံးသီးကို ယူ၍ ခွဲကာအုန်းရေ သောက်လိုက်သည်။

ထိုသို့ အုန်းသီးခွဲပြီး အုန်းရေသောက်ခြင်းကို ဘယ်သူမှမသိဟု မျိုးလွင်မှတ်ယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူခွဲစားပြီး သုံးရက်ပင်မကြာ၊" ဟော့ ကောင်တွေ. . ခိုးစားစရာရှားလို့ ငါ့ အိမ်တွင်းဘုန်းသီး ကိုမှ ခိုးစားရလားကွ"

"မင်းတို့ဘုပ်စုတော့ ငါနဲ့သွားတိုင်ရရင်၊ ပြဿနာတက်တော့မယ်၊ မင်းတို့ငါ့ဆီလာပြီး တောင်းပန်မှာလား၊ မတောင်းပန်ဘူးလား"

အရက်သောက်ပြီး ရှာပြန်လာသော ဦးစိုးမောင်ကား မကျေမနပ်ဆောင်ဟစ်နေသည်။

"အိမ်တွင်းနတ်က၊ ငါ့ကိုအိမ်မက်လာပေးတယ်၊ မင်းတို့ဘုန်းသီးခွဲစားလိုက်တယ်၊ အသစ်ပြန်တင်တို့. . ငါ့ကို အိမ်မက်ပေးတယ်"

တကယ်တဲ့ရော. . မိုးလွင်ဘုန်းသီးခွဲစား၍ သုံးရက်အတွင်း အိမ်တွင်းနတ်က လယ်ကွင်းထဲရှိ အိမ်ရှင်ကို အိမ်မက်သွားပေးသည်တဲ့။

မကောင်းမှုသည် နည်းသည်များသည် မဟုတ် အပျော်ပဲဖြစ်ဖြစ်၊ စီးပွါးဖြစ်ပဲဖြစ်ဖြစ်၊ ဆိတ်ကွယ်ရာမရှိ ဆိုသည်မှာ ခုနေတော့ မှန်သလိုပင်။

မိုးလွင်ကဘာမှ မဖြစ်သော်လည်း မိုးလွင်အ





မေတာ ထိုသတင်းကြားပြီး ဦးစိုးမောင်အိမ်သို့လာကာ ပိုက်ဆံတစ်ကျပ် တစ်မတ်ကိုးကား၊ သားကိုအပြစ်မယူရန် တောင်းပန်ရတော့သည်။

သားသမီးမကောင်း၍ မိဘခေါင်းပေါ် ကျရောက်ခဲ့သော်လည်း ကျွန်တော်တို့ကြွက်ချေးတုံး. . သူငယ်ချင်းဘုပ်စု. . အမှတ်မရှိသေး။

လူစုမီလျှင်ပင် ဘုန်းသီးဘယ်မှာတွေ့လဲ စုံစမ်းမြဲ

သိန်းဖော်က ကျွန်တော်တို့ သူ့ခြံဝင်လာလာခြင်းကြားလာသည်။

"ဘယ်မှသွားစရာမလိုဘူး ကျောင်းဘေးက တောင်လှ့ခြံထဲမှာ ဝက်မလွှတ် ဘုန်းနိုင်နှံ့နှံ့လေး ဆယ် ပေ ဆယ်ငါးပေလောက်ပဲ"

"အခုသွားခူးကြမလား"

"ဟာ. . မတောင်လှကြီးသေထားတာ၊ လေးငါးလ ပဲရှိသေးတယ်၊ တော်ကြာဆွဲချနေမှဖြင့်"

"အဲဒီ မတောင်လှတို့ မိသားတစ်စုလုံး ကပ်စေးနဲတွေ ငါတော့မသွားရဲဘူး"

"သေတာပဲကြာပြီ သရဲရှိတယ်လို့ မကြားပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီကျော်ရင် သွားခူးကြမယ်”

သူတို့ရှိနေသော သိန်းဇော်တို့ခြံ၏ အနောက်ဘက်တွင် အလယ်တန်းကျောင်းရှိသည်။

ကျောင်းဘေးခြံက ဒေါ်တင်လှခြံဖြစ်သည်။ ဒေါ်တင်လှနှင့် သူ့မိခင် မုဆိုးမကြီး ဒေါ်စိန်တို့က တစ်ချိန်က ကျောင်းဈေးရောင်းသည်။

ကျွန်တော်တို့ မူလတန်းမှ အလယ်တန်းအထိ နေ့ခင်း မုန့်စားလွှတ်သည်နှင့် မတင်လှတို့ မုန့်ဆိုင်မှာ ငါးပြားတန်၊ ဆယ်ပြားတန်၊ မုန့်မျိုးစုံဝယ်စားနေကျ။

ကျွန်တော်တို့ အလယ်တန်းရောက်တော့ အပျိုကြီးမတင်လှ လူပျိုကြီးကိုအောင်ရွှေနှင့် အိမ်ထောင်ကျသည်။

မကြာခင်သောနှစ်မှာပင် မတင်လှ၏ မိခင်ကြီး ကွယ်လွန်သွားသည်။

မတင်လှလည်း အိမ်ထောင်ကျပြီးသည့်နောက် ကျောင်းဈေးမရောင်းတော့ပဲ ခြံစိုက်ခြင်းအလုပ်ကိုသာ လုပ်တော့သည်။

မတင်လှတို့မိသားစုတွင် ငါးနှစ်အတွင်း သား





ယောကျ်ားလေးသုံးယောက်ရလာသည်။

အတိတ်ကံက ဤမျှသာပါသည့်ထင်သည်၊ မတင်လှ တစ်ယောက် အမျိုးသမီးရောဂါနှင့် အသက်လေးဆယ်ကျော်မှာ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့တော့သည်။

လောကအလယ်မှာ သားသုံးယောက်နှင့် ခြံကြီးသာ ကိုအောင်ရွှေ အတွက် ကျန်ခဲ့သည်။

ဒေါ်တင်လှ သေဆုံးသွားသော်လည်း မကျွတ်မလွတ်ပဲ ခြောက်လန့်သည်ကို မကြားကြရ။

ယခု . . သိန်းဇော်က ဒေါ်တင်လှတို့ခြံမှ ဂက်မလွတ်အုန်းသီးကို သွားခိုးကြမလို့တဲ့။

ကျွန်တော်တို့ခြံက ဒေါ်တင်လှတို့၏ ခြံနှင့် တောင်ဘက် သုံးခြံအကွာမှာရှိသည်။

သိန်းဇော်နှင့် မြင့်ဦးတို့ခြံက ကျောင်းရှေ့မှ ရိုးသာ ခြားသည်။

ညရှစ်နာရီကျော်သည်နှင့် ဒေါ်တင်လှ ခြံရှေ့သို့ ကျွန်တော်တို့ ရောက်ခဲ့သည်။

ခြံကြီးက အနံ့ပေတစ်ရာ အလျားပေ နှစ်ရာခန့်



www.burmeseclassic.com

ရှည်သော ခြံကြီးဖြစ်သည်။

ခြံအတွင်း အပင်ကြီးများ များများစားစားမရှိ။ ပန်းပင်များ၊ ရာသီအလိုက် စိုက်ထားသော ဆလပ်ရွက်၊ မုံလာ၊ မုံညင်း၊ ဂေါ်ဖီ၊ ချဉ်ပေါင်တို့ကို မြောင်းဘောင်များဖြင့် စိုက်ပျိုးထားသည်။ ခြံအလယ်တွင် ခြေတံရှည် အိမ်ကြီးက ထီးတည်းရှိနေပါသည်။

အပင်များမနင်းမိအောင်ကြည့်နင်းရင်း အုတ်ရေတွင်း အနီးရှိ ပက်မလွှတ်အုန်းပင်သို့ ရောက်ခဲ့သည်။

ဝက်မလွှတ်အုန်းမျိုးက စသီးစတွင် လူတစ်ရပ်ခန့် အမြင့်လောက်မှ စ သီးသည် တစ်နှစ်ပြီး တစ်နှစ် အုန်းပင်က ကြီးလာသည်မို့ ယခု အသီးက မြေမှ ဆယ်ပေကျော်ကျော်ခန့်မှာရှိနေသည်။

သိန်းဇော်က အုန်းပင်ပေါ်တက်သွားသည် ကျွန်တော်တို့ အုပ်စုက ခပ်လှမ်းလှမ်းက အခြေအနေကြည့်နေသည် ကျွန်တော်တို့အား အကာအကွယ်ပေးထားသည်က ပန်းရုံတစ်ခုဖြစ်သည်။

"သိန်းဇော် အပင်ပေါ်က အုန်းသီးခူးပြီးမှ အောက်ကသွားယူမယ်"





ကျွန်တော့်တို့လည်း သိန်းဇော်၏ အုန်းသီးခိုင်ဖြုတ်နေသည်ကို လှမ်းကြည့်နေသည်။

"ဟော ဖြုတ်ပြီးပြီ သောင်းမြင့်သွားယူ မြင့်ဦးလိုက်သွား"

ကျွန်တော်တို့အုပ်စု ပန်းခြုံအနီးမှ ထွက်ပြီးအုန်းခိုင်သွားယူရန် ခြေလှမ်းစလိုက်စဉ် ကျွန်တော်တို့အားလုံး ပြိုင်တူမြင်လိုက်ရသည်က။

အုန်းပင်အောက်က အုန်းခိုင်ကို လှမ်းယူနေသော သူကိုပင်။

အုန်းပင်အောက်က လက်ကမ်းနေသူက ကျွန်တော်တို့ကို မကြည့်၊ ဘေးတိုက်အနေအထားနှင့် အုန်းသီးခိုင်ကို လှမ်းတောင်းနေသည်။

"မင်းတို့တွေ့လား"

"အေး တွေ့တယ်. . ငါတို့ကို တွေ့သွားလား မသိဘူး"

"ငါတော့ ခြံပြင်ထွက်ကော့မယ်"

"ဟာ သိန်းဇော်တစ်ယောက်ထဲ ထားခဲ့တော့မလို့လား"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သစ်တွဲခဲ ကြောက်ဒူးတုန်နေသည်။

"ငါတော့ မနေရဲဘူး ခြံပြင်ထွက်ကြမယ်"

ဟုတ်တယ် ခြံပြင်ရောက်မှ အခြေအနေကြည့်ကြမယ်။

ကျွန်တော်တို့လေးယောက် ခြံပြင်သို့ ပြန်ရောက်လာသည်။

မျိုးလွင်နှင့် သောင်းမြင့်က မြင့်ဦးတို့ခြံထဲပြေးဝင်သွားသည်။

ကျွန်တော်နှင့် မြင့်ဦးလည်း အခြေအနေမကောင်းပါက သူတို့ခြံထဲပြေးဝင်မည်ဟု ဆိုသည်၊ သိန်းဇော်အခြေအနေကို ကြည့်နေမိသည်။

ထိုအချိန် အုန်းပင်ပေါ်ရောက်နေသော သိန်းဇော်လည်း အုန်းပင်အောက်မှာရပ်ပြီး အုန်းသီးခိုင် လှမ်းတောင်းနေသော ဒေါ်တင်လှကို မြင်နေရသည်။

ဒူးများတဆတ်ဆတ်တုန်နေသည်။ အော်လည်း မအော်ဝန့်။

အပင်အောက်မှာ ရပ်နေသော ဒေါ်တင်လှက ကြောက်စရာအသွင် ဖန်ဆင်းမပြ၍သာ တော်သေး





သည်။

သိန်းဇော်မှာ အုန်းပင်ပေါ်မှ အောက်သို့ ခုန်ချရန် စဉ်းစားလိုက်တော့လည်း ဒေါ်တင်လှလက်က လွတ်ရန် မလွယ်မှန်းသိသည်။

'ကြောက် ကြောက်ပါပြီ၊ ကျွန်တော့ကို လွှတ်ပေးပါ၊ နောက်ကိုလာမခူးတော့ပါဘူး"

သိန်းဇော်က ငိုသံပါကြီးနှင့် အုန်းပင်ပေါ်က အော်နေသည်။

"တဲ့ . . မကြောက်ပါနဲ့ ဖြေးဖြေးဆင်း"

သိန်းဇော်လည်း အောက်ကဆင်းခိုင်းသည့်အသံကြောင့် ကြာကြာမစဉ်းစားတော့ပဲ အုန်းပင်ပေါ်က မျက်လုံးစုံမှိတ်ပြီး လျှောတိုက်ဆင်းလိုက်သည်။

"ဖြေးဖြေးဆင်း"

"ဖြေးဖြေးဆင်း"

ဒေါ်လှတင်၏ ဖြေးဖြေးဆင်း ဆိုသော စကားသံကို အတိုင်းသား ကြားနေရသည်။

လျှောတိုက်ဆင်းလိုက်ခြင်းကြောင့် ဗိုက်တပြင်လုံး ပူသွားသလို၊ လက်မောင်းနှစ်ဘက် နှင့် ပေါင်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်လုံး စုတ်ပြတ်သတ်သွားသည်။

ဆယ်ငါးပေခန့်မျှသော ဘုန်းပင်ကိုထမင်းစား ရေသောက်တက်နေသော သိန်ဇော်၊ သရဲကြောက်ပြီး လျောတိုက်ဆင်းလိုက်သည့် အတွက် အရည်ခွံများ စုတ်ပြတ်သွားသည့် ဒဏ်ကို တစ်ပတ်လောက် ခံလိုက်ရသည်။

ဘုန်းပင်အောက်မှ ဘုန်းခိုင်နှင့် အတူ ဒေါ်တင်လှရပ်ပြီး ကျန်ရစ်ခဲ့သည်။

ထို့နောက်တော့၊ ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဒေါ်တင်လှ ဘုန်းပင်သည် ကျွန်တော်တို့ နောက်ဆုံးတက်ခြင်းပင် ဖြစ်ပါတော့သည်။

လူရှိမိတိုင်း ဘယ်သောအခါမှ ဘုန်းသီးစားရန် မတိုင်ပင်ကြတော့။

ဖြေးဖြေးဆင်း၊ ဖြေးဖြေးဆင်း ဆိုသော ဒေါ်တင်လှ အသံက သိန်းဇော်နားမှ ဘယ်သောအခါမှ မထွက်နိုင်သော ဆုံးမစကားများ ဖြစ်နေလေတော့သည်။



BURMESE CLASSIC .com

## ဧါ့ပစ္စည်းပြန်ပေး

ကျွန်တော်ရန်ကုန်စက်မှုတက္ကသိုလ် ပညာသင်စဉ်က ခနွရာသီကျောင်းပိတ်သဖြင့် နယ်စုံမှ ရောက်လာသော သူငယ်ချင်းများ။

မိမိတို့နယ်သို့ ပြန်ကြသည်။ ကျွန်တော်လည်း မိမိမြို့ဖြစ်သော မြွန်တံဆာမြို့သို့ တိုက်ရိုက်မပြန်သေးပဲ. .

လမ်းသင့်သည့် ခင်မောင်တင့်တို့ရွာ ကျိုက်စကောသို့ လိုက်ခဲ့သည်။

ကျိုက်စကောတွင် သုံးလေးရက်ခန့် နေပြီးမှ မြွန်တံဆာမြို့သို့ ပြန်မည်ဟု ဆုံးဖြတ်ထားသည်။

ရန်ကုန် မန္တလေး ကားလမ်းဘေးတွင်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်စကောရွာကို အရှေ့ပိုင်း၊ အနောက်ပိုင်းဖြစ်အောင် မီးရထားက ရွာလည်မှ ပိုင်းခြားထားသည်။

ကျွန်တော်နှင့် ခင်မောင်တင့်တို့ ကျိုက်စကော ရှိ သူတို့အိမ်သို့ ရောက်ရှိပြီး ခဏမျှနားကာ ရေချိုးကြသည်။

ထို့နောက် ရွာခံဖြစ်သော ခင်မောင်တင့်က ကျွန်တော်အား ရွာတဲသို့ လျှောက်ခေါ်ပါသည်။

သူ၏ သူငယ်ချင်းများ၊ ဆွေမျိုးများအိမ်အချို့သို့ လျှောက်လည် နှုတ်ဆက်ကြပါသည်။

လမ်းတွင် လူငယ်တစ်ယောက်က -

"ဟေ့ ခင်မောင်တင့် မင်း ဘကြီးအိမ်ကို မရောက်သေးဘူးလား"

"မရောက်သေးဘူး။ နောက်မှသွားမယ် ဘကြီးက အခုထိရှိသေးလား"

"ရှိပါ့ကွာ . . ညညဆို ဘယ်သူမှ မအိပ်ရပါဘူး"

"ကျွန်တော်မပြန်ခင် တစ်ခေါက်တော့ ရောက်အောင်သွားလိုက်ပါအုံးမယ်"

"အေးအေး သွားလိုက် မင်းဘကြီးက မင်းကို





တွေ့ချင်နေလိမ့်မယ်"

ထိုလူ ထွက်သွားတော့ ခင်မောင်တင့်က ကျွန်တော့်ကို ရှင်းပြပါသည်။

"ငါ့ ဘကြီးက သေတာတစ်နှစ်ကျော်ပြီ။ တစ်နေ့မှ မနားဘူး"

"ဘာ . . ဘာမနားတာလဲ မင်းစကားက"

"နေ့တိုင်း ခြောက်တာလှန့်တာကို ပြောတာကွ"

"သူက ကပ်စီးကလည်း နည်း။ မသေခင်က တည်းက ငွေတိုးပေးစားနေတာ လူက လူပျိုကြီး"

"သူသေတော့ သူ့ဆီက အကြွေးယူထားတဲ့ လူတွေ တစ်ယောက်မကျန် အကြွေးလာပြန်ဆပ်ကြတယ်"

"ဘယ်မဆပ်ဘဲ နေရဲမလဲ။ အကြွေးယူထားတဲ့ အိမ်တိုင်းစေ့ ခဲနဲ့သွားပစ်နေတာ။ နေ့ရောညရော တစ်ညမှ ကောင်းကောင်း မအိပ်ကြရလို့ ယူထားသမျှ အတိုးရော အရင်းရော လာပြန်ဆပ်ကြတယ်"

"ပိုက်ဆံပြန်ဆပ်ပြီးတဲ့အိမ် ပိုက်ဆံဆပ်ပြီးမှပဲ အိပ်ရေးဝဝ အိပ်ကြရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ့အိမ်ပေါ်မှာ သူ့အစ်မအရင်းနဲ့ သူ့တူ လင်မယား မြေးနှစ်ယောက် အားလုံးငါးယောက် ရောက် နေတယ်"

"သူ့အိမ်ပေါ် သူခေါ်မတင်ပဲ သူမသေခင် သုံး ရက်ကမှ ရောက်လာတဲ့ သူ့အစ်မနဲ့ သူ့တူ၊ သူ့မြေးတွေ၊ သူ့ပစ္စည်းတွေ အပိုင်စီးထားတယ်လို့ ထင်ပြီး မိုးလင်း က မိုးချုပ်၊ နည်းမျိုးစုံနဲ့ ခြောက်လှန့်တာ"

"ဒါပေမယ့် ငါးကြီးတော်ဝမ်းကွဲ သူ့အစ်မနဲ့ တူ တော်မောင်တစ်စုက သူ့ဒဏ်ကို ခံနိုင်တယ်။ ဒီနေ့အထိ အိမ်ပေါ်က ဘယ်သူမှ ဆင်းမသွားကြဘူး"

"မင်းဦးလေးက ဘယ်လိုဖြစ်ပြီး သေသွားတာ လဲ လူကြီးရောဂါလား"

"မဟုတ်ဘူး။ လှေခါးပေါ်က လိမ့်ကျပြီး ဇက် ကျိုးပြီး သေသွားတာ။ အစိမ်းသေပေါ့ကွာ"

"ငါ့ဦးလေး သေသွားတဲ့နေ့ကနေ ရက်လည်တဲ့ နေ့အထိ ငါတို့လမ်းလျှောက်ရင်း မင်းကိုငါ ပြောပြမယ်"

ဦးလေး နာရေးကို လာကြတဲ့လူတွေထဲက သူ မကျေနပ်တဲ့လူ၊ ငွေရေးကြေးရေး သူနဲ့မရှင်းတဲ့လူလာ





ရင် နောက်ကနေ ကျော်ပြင်ကို ဗျန်းကနဲ ရိုက်လိုက်တော့ တာပဲ။

အရိုက်ခံရတဲ့သူ ယောကျ်ားမိန်းမ အတော်များ များဟာ သူ့ဆီအတိုးနဲ့ ငွေချေးထားပြီး ပြန်မဆပ်သေး သူများ ဖြစ်နေတယ်။

နာရေးသတင်းလာမေးကြပေမယ့် မမြင်ရသော လက်ကြီးနှင့် အရိုက်ခံကြရသောကြောင့် ခြောက်ခြောက် ချားချားဖြစ်ကာ နာရေးအိမ်သို့ လူအလာကျဲခဲ့ရသည်။

စီးလာသော ဖိနပ်များကိုလည်း နေရာမှာ မရှိ ဘဲ တစ်ခြံလုံး လျှောက်ပစ်ထားသည်။

နေ့ခင်းရော ညပါမကျန် အိမ်ခေါင်မိုးပေါ် ခဲများ ဖြင့် မကြာမကြာ ပစ်တင်နေသည်။

ဒုန်း . . ဒုန်း . . ဒုန်း

ဂွတ် . . ဂွတ် . . ဂွတ်

ခေါင်းရင်းပျဉ်ချပ်များကို တုတ်နှင့်ခြစ်ဆွဲသည့် အသံက အတိုင်းသား။

တစ်ညလုံး ညအိပ်စောင့်သူများ မည်သူမှ အိပ်၍ မရ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်၍ တုံးလုံးလှဲလိုက်သည်နှင့် ခြေထောက်နှစ်ချောင်းကို ခြေရင်းသို့ ဆွဲသွားခြင်းကို ခံကြရသည်။

"ဦးလေးထွန်း ကျုပ်တို့ ကြောက်တယ်ဗျ။ ကျုပ်တို့ကို မခြောက်ပါနဲ့"

သူစကား မဆုံးလိုက်။ ခဲလုံးများက သွပ်မိုးပေါ် ကျလာသည်။

ဒုန်း . . ဒုန်း . . ဒုန်း

အိမ်နံရံပျဉ်များကိုလည်း လာပုတ်ပြန်သည်။

ဘုန်း . . ဘုန်း . . ဘုန်း

သို့ဖြင့် အိမ်ကိုပုတ်လိုက်၊ ကြမ်းပြင်ကို ခြစ်လိုက်၊ ခေါင်မိုးပေါ် ခဲပစ်တင်လိုက် တစ်မျိုးမဟုတ်တစ်မျိုး ခြောက်လှန့်နေသည်။

အလုပ်အကိုင်နေ့သို့ ရောက်သည့်ညက ကာလသားတစ်စု စုပြီး ကြက်သားဟင်းအတွက် ကြက်ဖသေများကို ရေနွေးစိမ်ကာ အမွေးနှုတ်နေကြသည်။

အမွေးနှုတ်ပြီးသောကြက်သား အကောင်လိုက်ကို ဘေးတွင် ချထားသည်။





ဘေးမှာ ချထားသော အမွေးနှုတ်ပြီးသား ကြက်တစ်ကောင်သည် ချထားရာနေရာမှ သူတို့နှင့် တစ်လံကွာလောက်အထိ ဆွဲယူသွားသည်။

လူငယ်တစ်စုက ထိုသို့ထွက်သွားသည်ကို ရုတ်တရက်မြင်လိုက်သည်။

အမွေးနှုတ်ထားသော်လည်း မသေမရှင်မို့ ထွက်ပြေးသည်ဟု ထင်လိုက်သည်။

ထို့ကြောင့် ထိုကြက်ကို ပြန်ယူပြီး နေရာမှ ပြန်ချထားလိုက်သည်။

ခဏအကြာ စောစောက ချထားသည့်ကြက်အသေကောင် လည်ပင်းက မြောက်သွားပြီး ဒရွတ်တိုက်အနေအထားနှင့် စောစောကနေရာသို့ ရောက်သွားပြန်သည်။

ထိုသို့အဖြစ်ကြောင့် ကြက်မွေးနှုတ်နေသူ လူငယ်တို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ-

"ဦးထွန်း ဒီနားမှာ ရှိနေတယ်"

ပြောပြောဆိုဆို တစ်ယောက်က ထလိုက်သည်နှင့် အားလုံးထကာ ကြက်များကို ထားခဲ့ပြီး ဖဲရိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သူများရှိရာသို့ ရောက်သွားကြသည်။

ဖဲရိုက်နေသူများက သူတို့လူစုအား အံ့ဩသော အမူအယာများနှင့် -

"ဘာတွေ့လို့လဲ ဘာမြင်လို့လဲ"

ကြက်များပုံထားရာက လာလာဆွဲသွားသည်ကို ပြောပြလိုက်သည်။

ဖဲရိုက်နေသူများထဲမှ သံချောင်းဆိုသော ခပ်ရွယ်ရွယ်လူတစ်ယောက်က -

"မင်းတို့ဟာက မဟုတ်သေးပါဘူး။ ဦးထွန်းက အခုရွာထဲမှာ ကြွေးလိုက်တောင်းနေမှာ မင်းတို့ဆီ လာဖို့စိတ်တောင်မကူးနိုင်သေးဘူး"

"မင်းတို့ကြောက်ရင် ငါပါလိုက်ခဲ့မယ် ငါကြက်ကိုင်ပေးမယ်"

သံချောင်းက လိုက်လာပြီး အမွေးနှုတ်ပြီးသား ကြက်များကို ခုတ်ထစ်ပေးနေသည်။

သံချောင်း ဗိုင်းကူညီ၍ မကြာခင်မှာပင် -

"ဘုတ်"

သံချောင်း ကျောပြင်ကို ဘုတ်တနဲ့ လာမှန်





သည်။

သံချောင်းက ကျောကိုလာမှန်သောအရာကို ကောက်ကြည့်လိုက်သည်။ ကြက်သွန်ဥနီတစ်လုံး ဖြစ်သည်။

ကြက်သွန်ဥကို ရှေ့မှာချပြီ လုပ်လက်စ အလုပ်ကို ဆက်လုပ်နေသည်။

"ဘုတ်"

နောက်တစ်လုံး ကျောကို လာမှန်ပြန်သည်။ နောက် တစ်လုံးပြီးတစ်လုံး လာမှန်နေသဖြင့် လေးလုံးမြောက်မှာတော့ သူကျော်ပေးထားရာ မနီးမဝေးတွင် ဖဲဝိုင်းနှစ်ဝိုင်း ရှိသည်။

ဖဲဝိုင်းက သူ့အသိများ နောက်သည်ထင်၍ -

"ဟေ့ကောင်တွေ ဖဲရိုက်ရင်လဲ ဖဲပဲရိုက်၊ ငါ့ကို သရဲခြောက်သလိုမျိုး လာမလုပ်နဲ့။ ကြောက်တယ်ဆိုတာ ရှိနဲ့လားပဲ"

သူစကားဆုံးသည်နှင့် ကျောကိုကြက်သွန်ဥ လာမှန်ပြန်သည်။

"ကိုသံချောင်း ခင်ဗျားကို ဟိုပြတင်းပေါက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



က ပစ်နေတာဗျ"

"မီးဖိုထဲမှာ အမျိုးသမီးအုပ်စု၊ ငါးဟင်း၊ ဝက်သားဟင်း၊ ဘုန်းကြီးစာချက်နေတယ်။ ဘယ်သူမှ လာပစ်တာ မဟုတ်ဘူး။ ခင်ဗျား မကြောက်ဘူးဆိုလို့ ဦးထွန်း ပစ်နေတာ"

ကြက်သားတုံးများ ခုတ်ထစ်ပြီးသည်နှင့် ချက်ရေးပြုတ်ရေးတာဝန်ယူနေသော အမျိုးသမီးများ ရှိနေသည့် မီးဖိုခန်းထဲသို့ ကြက်သားအိုးကို သယ်လာကြသည်။

"ကဲ ခုတ်ထစ်ပြီးပြီ၊ အသင့်ချက်ရုံပဲ"

"ကျန်တဲ့ဟင်းတွေ ကျက်ကုန်ပြီလား"

"အားလုံး ကျက်ပြီ။ နင်တို့ကြက်သားချက်ဖို့ပဲ ကျန်တော့တယ်"

ထိုစဉ် သံချောင်းက မိုးပြဒယ်အလစ်စား အတွင်းမှ ဟင်းတစ်တုံးကို ကောက်ယူကာ ပါးစပ်ထဲ ထည့်လိုက်စဉ် -

"ဖျန်း"

"ဟာ . . ရိုက်တယ်ဗျ"





ပါးစပ်ထဲထည့်ရန် ဟင်းတုံးကို ယူလိုက်စဉ် လက်ကို ရိုက်လိုက်သောကြောင့် ဟင်းတုံးက ပါးစပ်အတွင်းသို့မရောက်ပဲ အပြင်သို့ လွင့်စင်သွားသည်။

"ကောင်းတယ်။ ငါးဖယ်ဆုတ်ဟင်း၊ ဘုန်းကြီးဆွမ်းကပ်မယ့်ဟာ . . မပြောမဆို နှိုက်စားတော့ အတီးခံရ နဲတောင်နဲသေးတယ်"

"တကယ်စံပါပဲ ဦးလေးထွန်းရာ"

"မနက် ဧည့်သည်တွေကို ဝက်သားဟင်းနဲ့ ဧည့်ခံကျွေးမွေးမှာ။ ဘယ်သူတွေ ကျောပြင်မှာ ဗျောတင်ခံရအုံးမလဲ မသိဘူး"

"အမယ်လေးဗျ"

ဝုန်း . . ဝုန်း . . ဝုန်း

ထိုသို့ ဆွမ်းဟင်းချက်နေသူများ စကားပြောဆိုနေစဉ် အိမ်ရှေ့ခန်းများမှာ အိပ်နေသော လူတချို့ အပြင်သို့ ထွက်လာကြသည်။

"ဘယ်လို ဖြစ်ကြတာလဲ"

"ဟိုကုတင်ပေါ်မှာ အိပ်ပျော်နေတုံး ကျုပ်ခြေထောက်နှစ်ချောင်းကို ဒီအထိ ရောက်အောင် ဆွဲချလာ



www.burmeseclassic.com

www.burmeseclassic.com



လို့ လန့်ပြီးဖော်တာ"

"ဖြစ်မှဖြစ်ရလေဗျာ ခင်ဗျားသွားအိပ်တဲ့ကုတင်က ဦးထွန်းအမေ အိပ်ခဲ့တဲ့ကုတင်။ သူ့အမေကုတင်ပေါ်တက်အိပ်တာ မကြိုက်လို့ ဆွဲချတာဖြစ်မှာပေါ့"

သံချောင်းက အပြင်သို့ကြည့်ပြီး -

"ဦးလေးထွန်း ခင်ဗျာ နာရေးအတွက် အလှူလုပ်မလို့ လာကူညီနေကြတာ။ ဘာဖြစ်လို့ အနှောင့်အယှက် ပေးနေရတာလဲ မခြောက်လှန့်ပါနဲ့။

ဒုန်း . . . ဒုန်း . . . ဒုန်း

"ပြောကာမှ ပိုလုပ်ပြနေပြီ"

ခေါင်းမိုးပေါ် ခဲများဖြင့် ပစ်ပေါက်သည်။

ဖျန်း . . . ပေါ် . .

"ဟာ ရေနဲ့ပက်တယ် . . စိုကုန်ပြီ"

ခဲကျွမ်းမှ မကြာခင် ရေနှင့်လှမ်းပက်သည်။ ထိုကဲ့သို့ ရက်လည်သော အလှူအကိုင် ည တစ်ညလုံး မည်သူမျှ မအိပ်ကြရ။

အကျွေးအမွေးနေ့မှာတော့ ထင်ထားသကဲ့သို့ အနှောက်အယှက်ပေးခြင်း ခြောက်လှန့်ခြင်း မခံကြရ။





ထို့နောက် ဦးထွန်းအလောင်းကို သုသာန်သို့ ပို့ဆောင်သဂြိုဟ်လိုက်ကြသည်။

ညရောက်တော့ မြို့မြင်မှနေ၍ အသည်းယားစရာကောင်းအောင် ခွေးများက ဆွဲဆွဲငင်ငင် ဟူသည်။

တစ်မြို့လုံးရှိသမျှ သစ်ပင်အကိုင်းအခက်များ လေမတိုက်ပဲ လှုပ်ခါယမ်းနေသည့် အသံများကို အိမ်ထဲမှ ကြားနေရသည်။

အိမ်ထဲရှိ ဦးထွန်းတစ်မနှင့် ရုပ်ဝေမှ မပြန်သေးသော ဆွေမျိုးများ ဘုရားစာများ ရွတ်နေကြသည်။

အိမ်ထဲရှိ ပစ္စည်းများ ဟိုသည်ရွေ့နေတတ်သည်။

သူ့ပစ္စည်းများယူသုံးသည်ကို မကြိုက်သည့် ပုံစံမျိုး ပစ္စည်းများရွေ့သွားသည်။

ထိုကဲ့သို့ နည်းမျိုးစုံနှင့် ခြောက်လှန့်လာသည်မှာ ရက်မှသည် လသို့ပင်တိုင်ခဲ့ပြီ။

ဦးထွန်းကတော့ သူ့အိမ်ပေါ် ကလူများကို ခွဲကောင်းကောင်းနှင့် ခြောက်လှန့်နေတုန်းပင်။

ထိုဦးထွန်းနှင့် ခင်မောင်တင့်အဖေက ညီအစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတစ်ဝမ်းကွဲတော်ကြသည်။

ခင်မောင်တင့်က တစ်လမ်းလုံး သူဦးလေး ဝမ်းကွဲအကြောင်းများ ပြောပြလာရင်းက -

ငါတို့လမ်းကြုံနေကြတာပဲ . . မင်းလဲ အကျိုးအကြောင်းသိရအောင် . . ဦးလေးထွန်းအိမ်တစ်ခါတည်း ဝင်လည်ကြမယ်။

သို့ကြောင့် ည ခုနှစ်နာရီ ဦးထွန်းအိမ်သို့ လှည့်ဝင်လာကြသည်။

ဦးထွန်းအိမ်က သုံးပင်လေးခန်း နှစ်ဆောင်ပြိုင် ခြေတံရှည် အိမ်ကြီးဖြစ်သည်။

ပျဉ်ထောင်အိမ်ရေနံကိုးဝနေသည်။ အမှောင်ထဲတွင် မည်းနက်နေသည်။

ကျွန်တော်နှင့် ခင်မောင်တင့်တို့ ဦးထွန်းအိမ် ခြံထဲဝင်လာကာ လှေခါးထိပ်မှာ ရပ်လိုက်သည်။

"ဗျို့ ကိုလေး တံခါးဖွင့်ပါဦး"

"ဘယ်သူလဲ"

"ခင်မောင်တင့်ပါ . . ညှော်သည်လဲပါတယ်"

"ဟာ . . ခင်မောင်တင့် . . ဘယ်နေ့ကပြန်





ရောက်လဲ"

"မနေ့ကပဲ . . ရွာထဲလျှောက်လည်ရင်း လှည့်ဝင်ခဲ့တာ"

တံခါးလာဖွင့်ပေးသူ ကိုလေးဆိုသူက ဦးထွန်းအစ်မ၏သားဖြစ်သည်။ ခင်မောင်တင့်နှင့် ညီအစ်ကိုဝမ်းကွဲတော်ကာ သူ့ထက် ဆယ့်ငါးနှစ်ခန့်ကြီးသည်ဟု သိရသည်။

ကျွန်တော်တို့ အိမ်ပေါ် တက်လာခဲ့ကြသည် ကိုလေးဆိုသူက အိမ်တံခါးကို ပြန်ပိတ်လိုက်သည်။

"အရင်ကအတိုင်းပဲလား"

"ဟုတ်တယ် တစ်စက်လေးမှ ရော့မသွားဘူး"

"ဒါဆိုလဲ ဦးလေးထွန်းကို နှုတ်ဆက်လိုက်အုံးမယ်"

"ဗျို့ဦးလေးထွန်း . . ကျွန်တော်တို့လာလည်တယ် ညှော်သည်လဲ ပါတယ်"

"ဦးလေးထွန်းရှိနေရင် ခေါင်းမိုးပေါ် တစ်ခုခု လုပ်ပြ"

ဒုန်း . . . ဒုန်း . . . ဒုန်း . . .



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် အိမ်ခေါင်မိုးပေါ် ခဲများ ကျလာသည်။

"ကျွန်တော်နဲ့ပါတဲ့ ဇည့်သည်က ဦးလေးထွန်းရှိနေတာ မယုံဘူး၊ အိမ်အောက်ကနေပြီး ခေါင်းရင်းဘက်နံ့ရံအပေါ် ထိ တုတ်နဲ့ခြစ်ဆွဲပြ ဒါမှမဟုတ် နံရံကို ပုတ်ပြ။

ဂျစ် ဂျစ် ဂျစ်

ဘုတ် ဘုတ် ဘုတ်

ခင်မောင်တင့်ပြောသမျှ အားလုံးလုပ်ပြသည်။

ဝေါ. . ဝေါ. . ဝုန်း

ခင်မောင်တင့် ပင် ဘာမှ မပြောရသေး အိမ်ခေါင်မိုးပေါ် သို့ သဲများခဲများ ရောနှောပစ်တင်လိုက်သံကြားကြရသည်။

ခဏကြာတော့. ကျွန်တော်တို့ လှမ်းလှမ်း ရေနွေးအိုးထည့်ထားသည့် လင်ဗန်းက ခင်မောင်တင့်ရှေ့သို့ ရွေ့လာသည်။

"ခင်မောင်တင့်၊မင်းဦးလေးက မင်းကိုညှော်ခံနေပြီ"

"ကျွန်တော်ရေနွေးသောက်မှာပါဦးလေးရဲ့"





"ဒါနဲ့ကိုလေးတို့ ဦးလေးထွန်းကို မြင်ရလား"

"တစ်ခါတစ်ရံ ညဘက် အပေါ့အပါးသွားတဲ့အခါ တွေ့ရတတ်တယ်"

"ခြောက်လှန့်တာကလွဲရင်၊ လူတွေကိုတော့ အန္တရာယ်မပြုပါဘူး"

"တစ်ခါတစ်ခါ အခန့်မသင့်ရင် ခေါင်းရင်ဘက်ကနေ ခြေရင်းအခန်းအထိ ခြေထောက်နှစ်ချောင်းကို ဆွဲချသွားတာခံရတာတော့ မကြာခဏပါပဲ"

"ညတိုင်း တစ်ခါမှအိပ်ရေး၀၀ မအိပ်ရဘူး"

"နေ့ခင်းဘက်မှပဲ အိပ်ရတယ်။ နေ့နဲ့ညမှားနေပြီပေါ့ ခင်မောင်တင့်ရယ်"

ကျွန်တော်တို့လည်း ထိုအိမ်မှာ ကြာကြာမနေပဲ နာရီဝက်ခန့် နေပြီး ပြန်လာခဲ့ကြသည်။

ကျွန်တော်တို့ခြံဝသို့ အရောက် နောက်မှ ခဲသေးသေးနှစ်လုံး သုံးလုံးဖြင့် ကျောကုန်းများကို ထိအောင် ပင်ပေါက်ခြင်းကို ခံလိုက်ရသေးသည်။

ထိုကဲ့သို့ကပ်စေးနဲလူပျိုကြီး သေလွန်ပြီးနောက် မကျွတ်မလွတ်ပဲ မည်မျှအထိ မိမိနှင့်တပါတည်း ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မသွားနိုင်သော ပစ္စည်းများအပေါ် တပ်မက်စိတ် ရှိနေဦးမည် မသိပါချေတကား။



## နေရာတောင်းသည့် သရဲရန်ကျော်

ကျွန်တော်တို့အိမ်ရှေ့ မျက်နှာချင်းဆိုင် အိမ်တွင် လူတွေ ရှုတ်ရှုတ်သည်းသည်း ဖြစ်နေသဖြင့် ကျွန်တော့ ဇနီးလည်း သွားပြီးစပ်စုတော့သည်။

ဇနီးသည်ပြန်ရောက်လာတော့ အကြောင်းစုံသိ လိုက်ရသည်။

ခြံအနောက်ဖက်တွင် ပေါက်နေသော မန်ကြီး ပင်ကြီးကို ပြီးခဲ့သည့်နေ့က ခုတ်ပစ်လိုက်သဖြင့် သစ် ပင်ခုတ်သူ ကိုမြအေးမှာ တစ်ညလုံးကိုယ်လက်တွေ ကိုက်ခဲကာ အော်ဟစ်ငြီးငြူနေသည်ဟု သိရသည်။

သည်မနက်အရောက်မှာတော့ ကိုမြအေးမှာ ခေါ်မရ၊ မေးမရ ဖြစ်နေသည့်အတွက် ဆေးရုံတင်ရ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံတင်ရန် စီစဉ်နေဆဲ အော်ဟစ်ငိုယိုသံ ကြားလိုက်ရသည်။ ကိုမြအေး ဆုံးသွားပြီတဲ့။ လူကြီးများ ပြောစကားက သစ်ပင်ကြီးများကို ခုတ်လျှင် သစ်ပင်မှာ နေသော မမြင်ရသည့် နမ် လောကသားက စိတ်ထက် သူဖြစ်နေလျှင် အသက်ကိုနှုတ်ယူတတ်သည်။

သစ်ပင်ခုတ်လျှင် မခုတ်ခင်တောင်းပန်ရသည်။ ခုတ်လျှင်လည်း တစ်ပင်လုံးမခုတ်ပဲ အကိုင်းတစ်ကိုင်း ချန်ထားရမည် ဟု ပြောကြသည်။

အကယ်၍ မဖြစ်မနေခုတ်တော့မည်ဆိုလျှင် တစ်လခန့်ကြို၍ သစ်ပင်တစ်ပင်ကို အိမ်အမိုးအောက်မှာ စိုက်ထားကာ သစ်ပင်ပေါက် အရွက်ကြမ်းထွက်လျှင် အပင်အစား စိုက်ပေးထားကြောင်း။

ဤအပင်မှာ ပြောင်းရွှေ့နေရန်ပြောဆိုတောင်းပန်ပြီးမှ ခုတ်လှဲရမည် ဟု ဆိုပါသည်။

မင်းမိန့်ဖြင့်ခုတ်လှဲသော သစ်ပင်များကတော့ ထိုကဲ့သို့ လုပ်စရာမလိုပါ။

ယခုသေဆုံးသူ ကိုမြအေးအား ဇနီးဖြစ်သူနှင့်





ယောက္ခမတို့က အသက်ကြီးပြီးဖြစ်သော မကျည်းပင်ကြီးကို ခုတ်မည်ဆိုလျှင် တောင်းပန်ပြီးမှ ခုတ်ရန်ပြောပေမယ့် အယုံအကြည်မရှိ ဆိုကာ ချက်ချင်းသွားခုတ်သည်။

သစ်ပင်ခုတ်ပြီး တစ်ည လွန်မြောက်သည်နှင့် အသက်ပေးဆပ်သွားရတော့သည်။

ထိုအိမ်ရှေ့က အဖြစ်အပျက်ကိုမြင်ပြီး ကျွန်တော်ငယ်ငယ်က အဖိုးဖြစ်သူ ပြောပြသော ဂျပန်တော်လှန်ရေးကာလက သရဲကြီး နေရာတောင်းသည့် အကြောင်းကို ပြန်လည်သတိရမိပါတော့သည်။

အဖိုးနာမည်က ဦးလှမောင် ဂျပန်တော်လှန်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်နေသူဖြစ်သည်။

ထိုအချိန် ဂျပန်တွေကလည်း တော်လှန်ရေးရဲဘော်မှန်သမျှ အရှင်မထား ရှင်းလင်းသုတ်သင်နေသည့်အချိန်ဖြစ်သည်။

ကိုလှမောင်အား အထက်အညာ မြင်းခြံ၊ ပခုက္ကူ၊ ရေစကြိုနယ်ဘက်သို့ ပဲခိုးနယ်မှ ဆက်သွယ်ရေး တာဝန်နှင့် ပို့ထားသော တော်လှန်ရေးရဲဘော်များမှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သည်။

ပခုက္ကူမြို့မှ အထွက် ဂျပန်များနှင့် တိုးသဖြင့် ကိုယ်လွတ်ရုန်းပြေးစဉ် ဂျပန်များပစ်လိုက်သော ကျည်က၊ လက်မောင်းကို မှန်သွားသည်။

လက်မောင်းမှ ဒဏ်ရာကို သဘက်နှင့် ပတ်၍ ကားလမ်းရှိရာဘက်သို့ မှန်း၍ လျှောက်လာခဲ့သည်။

ထိုအချိန်တွင် ချွေးတပ်စခန်းသို့ ပို့ရာ ရထားပေါ်မှ ခုန်ချထွက်ပြေးလာသော ရန်ကျော်လည်း ဂျပန်ရန်ကလွတ်အောင်ရှောင်ရင်း တိမ်းရင်းကားလမ်း အနီးသို့ ရောက်လာခဲ့သည်။

ရန်ကျော်နည်းတူ ကားလမ်းဘေး သစ်ပင်အောက်တွင် ထိုင်နေသည့် ကိုလှမောင်အား ရန်ကျော် ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

ပူပြင်းလှသော ခေါင်းပေါ်က နေမင်းအပူက ရန်ကျော် ရင်ထဲက အပူကို မကျော်လွှားနိုင်၊ ဒုက္ခရောက်လွန်းသဖြင့်၊ ငွေယူကာ ချွေးတပ်နောက်သို့ လိုက်ခဲ့သည်။

စလိုက်သည့်နေ့ ချွေးတပ်သား စုဆောင်းသည့်စခန်းမှာပင် ဂျပန်၏ ပါးရိုက်ခြင်းကို ခံလိုက်ရသည်။





ချွေးတပ်လိုက်ခဲ့ခြင်းမှာ ပြန်လမ်းမရှိသော ခရီးဟု သိလိုက်ရသည့်နောက်မှာတော့ ဖြစ်လိုရာဖြစ် ဆုံးဖြတ်ကာ ရထားပေါ်က ခုန်ချထွက်ပြေးခဲ့သည်။

တစ်ရွာပြီးတစ်ရွာ ဂျပန်များကို ကွင်းရှောင်ပြီး လာခဲ့ရာ မိမိရွာသို့လည်း မပြန်ဝန့်၊ ရောက်ရာသို့ သွားတော့မည် ဆိုပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။

လမ်းတွင် တောင်းရင်း စားရင်း လစ်ရင် လစ်သလို ခိုးဝှက်ရင်းဖြင့် ငွေစကလေး သုံးလေးဆယ်ပါလာသည်။

ထိုငွေသုံးလေးဆယ်က ချွေတာသုံးလျှင် တစ်လလောက်အထိ သုံးစွဲနိုင်သည်။

ယခုကားတစ်စီးလာလျှင် ကားသွားမည့် ခရီးလမ်းကြောင်း အတိုင်းလိုက်မည်ဟု စိတ်ကူးထားသည်။

ထိုသို့ ဆုံးဖြတ်ပြီး ကားစောင့်နေစဉ် လူတစ်ယောက်အနီးသို့ရောက်လာသည်။

ထိုလူ၏လက်မောင်းတွင် ဒဏ်ရာရထားသည့် စည်းထားသောသဘက်ကို သွေးစိုနေသည်။

ထိုသူကလည်း ရန်ကျော်နည်းတူ ကားစော



www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု ဆိုသည်။

အချိန်က ဆယ့်တစ်နာရီ ကျော်ပြီ၊ ထိုအချိန် ကားသံကြား၍ လမ်းမထွက်ရပ်ပြီးတားလိုက်သည်။

သူတို့ကိုမြင်တော့ ကားက ရပ်သွားသည်။

ကုန်တင်ကား နောက်ဘက်မှ၊ စပယ်ယာဖြစ်ဟန်တူသောလူက၊ သူတို့အား လှမ်းခေါ်လိုက်သည်။

"ဒီကိုလာခဲ့ဗျို့ ဒီမှာအဖေါ်တွေရှိတယ်"

ကုန်ပစ္စည်းသယ်ပို့ရင်း လမ်းမှာ ခရီးသည်ရှိပါက ရပ်ရင်းမောင်းရင်းနှင့် တအိအိ သွားနေသည်။

ခင်ဗျားတို့ အရေးကြီးရင်တော့ မှားစီးတာပဲ၊ နွားလှည်းတားစီးရင်တောင် စောစောရောက်မှာ၊ ကားပေါ်က ခရီးသည်တစ်ယောက်က ပြောသည်။

"အမယ် စက်ဘီးက လမ်းတောင်းလို့ လမ်းဘေးချပေးရသေးတယ်"

နေကပူပူ စက်သံကဆူနဲ့ ခေါင်းကို ကိုက်ရောပဲ၊ အိမ်ရောက်ရင် ဆေးအရင်သောက်ရတော့မယ်။

ခရီးသည်မျိုးစုံ စကားသံမျိုးစုံ ထွက်နေသည်၊ သည်ခရီးလမ်းမှာ ခရီးသည်မျိုးစုံနှင့် ကြုံတွေ့ဘူးသူ





အရည်ထူနေပြီ ဟူသော ပုံသဏ္ဌာန်နှင့် ပြောချင်ရာပြောပစေ စပယ်ယာကိုယ်တော်ချောက မကြားချင်ဟန်ပြု ပြီးထိုင်ငိုက်ရင်းပါလာတော့သည်။

ကားက မုံရွာ တစ်ဘက်ကမ်း ဆားလင်းကြီးအထိ သွားမည်ဟု သိရသည်။

ညနေ နေစောင်းတော့ ကားပေါ်မှာပါလာသည့် ခရီးသည် အဘိုးအို၏၊ ငြီးငြူသံကြားရသည်။

ထိုအဘိုးအိုက၊ ရန်ကျော်ဘေးမှာထိုင်လျက် ရှိနေသည်။

ရောင်တစောင်းထုံးထားပြီး ပင်နီသဘက်ကိုခေါင်းပေါင်းထားသည်။ ပင်နီဖျဉ်ကြမ်းတိုက်ပုံနှင့် ဖျဉ်ကြမ်းပုဆိုးကွက်ကျဲဝတ်ထားသည်။

ဟီး. . . ဟီး. . . ဟီး

"အဘနေမကောင်းလို့လား"

"ဟုတ်သကွာ မြစ်ခြေက ပြန်လာတာ ကားပေါ်မှာ နေပူလိုက် အေးလိုက်နဲ့ ကိုယ်လက်တွေကိုက်ပြီး ဖျားချင်သလိုဖြစ်လာတယ်"

"ဒါနဲ့ ငါ့တူတို့က ဘယ်ကဘယ်လို ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလဲကွဲ့"

"ဘယ်သွားရမယ်မသိသေးပါဘူး အဘရယ် ကျွန်တော်ရွာက ထွက်လာခဲ့တာ။ ပြီးခဲ့တဲ့သုံးလလောက် ကတည်းကပါ"

မိန်းမနဲ့ ကလေးလဲ ဂျပန်တွေကြောင့် သေသွား ပါပြီ၊ ကျွန်တော်လည်း ခွေးတပ်ပို့တဲ့ ရထားပေါ်က ဆင်း ပြေးလာခဲ့တာပါ။

"ဒါကြောင့်ရွာကို မပြန်ပဲ ရောက်ချင်ရာရောက် ထွက်လာခဲ့တာ ဒီအစ်ကိုကလဲ လမ်းမှာကြုံတဲ့ အဖော် ပါ"

"ဒီက သူငယ်က လက်မှာဒဏ်ရာနဲ့ပါလား ဒဏ် ရာဆေးမထည့်ပဲထားရင် အနာရင်းတတ်တယ်"

ကိုလှမောင်က တော်လှန်ရေးသမားပီသစွာ စကားမပြောပဲ. . အဘအားပြုံးပြလိုက်သည်။

"အင်း ဒီက ငါ့တူအကြောင်းကြားရတာ စိတ် မကောင်းလိုက်တာ။ ဒါဖြင့် ဘာမှမပူနဲ့ ဦးလေးက တကိုယ်တည်းနေသူပါ။

ညောင်နှစ်ပင်ရွာက ဘုန်းကြီးကျောင်းမှာ နေ





တယ်။ အဲဒီကိုသာ လိုက်ခဲ့ပြီး ခဏတဖြုတ်နေ မနေချင် တဲ့အချိန် သွားကြပေါ့. .

ဒီသူငယ်လည်း အဘနောက်လိုက်ပြီး ဆေး ထည့် အဘက ဒီနယ်တဝိုက်မှာ ဆေးကုပေးနေတဲ့ ဆေး ဆရာပဲကွဲ့ အနာကြက်တော့ လိုရာခရီးသွားပေါ့. .

ည ရှစ်နာရီခန့်တွင်. . သူတို့ဆင်းရမည့်နေရာ ရောက်ပြီးဟု အဘိုးအိုအား စပယ်ယာက အသံပြု သည်။

"ကဲ ငါ့တူတို့ ဆင်းကြစို့"

ရန်ကျော်နှင့် ကိုလှမောင်လည်း ကားပေါ်မှ ဆင်းပြီးသည်နှင့် အဖိုးအိုအား ဖေးမတွဲကိုင်ရင်း ညွှန်ပြ သောလမ်းအတိုင်း အမှောင်ထဲစမ်းတဝါးဝါး လျှောက် ခဲ့သည်။

"ငါ့တူတို့ ပါပေလို့သာပေါ့ကွာ။ အဘအတိုင်း ဆို ကျောင်းမရောက်ဘဲ လမ်းမှာပဲ အိပ်ရမယ်နဲ့ တူတယ်"

မကြာခင် အဘိုးအိုနေထိုင်သော ကျောင်းသို့ ရောက်ခဲ့ကြသည်။

အဘိုးအိုညွှန်ပြသော ဇရပ်သို့ ရှေ့ရှုလာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဖွင့်ကာ ဇရပ်ပေါ် တက်ခဲ့သည်။

"ဒီဇရပ်တစ်ဆောင်လုံး အဘနေတာပေါ့"

ဇရပ်ပေါ် ရောက်တော့ မီးခွက်ရှာ၍မီးထွန်းလိုက်သည်။

"ကဲ ရောက်မဆိုက် ငါ့တူလက်က ဒဏ်ရာ သန့်စင်ပြီး ဆေးထည့်လိုက်ရအောင်"

"အဘက ဆေးဆရာဦးပန်းအောင်တဲ့ တစ်ကိုယ်တည်းဆိုပေမယ့် လူပျိုတော့ မဟုတ်ဘူး။ အဘဇနီးဆုံးတာ (၁၅)နှစ် ရှိပြီ။ သားနဲ့သမီးနှစ်ယောက်က မြစ်ခြေမှာ အိမ်ထောင်ကျနေတယ်"

"အခု အဘမြေးတွေရှိတဲ့ဆီ သွားပြီး ပြန်လာတာ"

"သူတို့ လိုက်မပို့ဘူးလား"

"လိုက်ပို့မယ်ပြောပေမယ့် အိမ်ကထွက်တော့ အကောင်းမဟုတ်ဘူး။ ကားပေါ် လိုက်တင်ခိုင်းပြီး ပြန်လာတာ"

"ဒီကျောင်းဆရာတော်က အဘရဲ့ယောက်ဖပဲ"

"ဆရာတော်က ဝါတော်လေးဆယ်ရှိပြီ။ မနက်





ကျမှ ဆရာတော်ကိုဖူးပြီး အကျိုးအကြောင်း လျှောက်ကြတာပေါ့"

အဖိုးအိုပေးသော ဖျာနှင့် ခေါင်းအုံး၊ စောင်တို့ကိုယူ၍ မြတ်စွာဘုရားအား ဦးချ၊ အဘိုးအိုအား ဦးချကာ နှစ်ယောက်သား အတူအိပ်လိုက်ကြသည်။

ခရီးပန်းလာသဖြင့် ခဏအတွင်းမှာပင် အိပ်ပျော်သွားတော့သည်။

* * * * *

နောက်နေ့တွင် ကိုလှမောင်လည်း ရန်ကျော်နှင့် ဆရာဦးပန်းအောင်အား သူကျွန်တော်လှန်နေသည့် ရဲဘော်တစ်ယောက်ဖြစ်ကြောင်း၊ ပဲခူးခရိုင်မှ စည်းရုံးရေးတာဝန်ဖြင့် ဒီဒေသသို့ ရောက်လာရကြောင်း စိတ်ချစွာ ပြောပြလိုက်သည်။

မကြာခင်ရက်မှာ ဆက်သွယ်ရမည့်နေရာသို့ သွားမည့်အကြောင်းလည်း ကြိုတင်အသိပေးထားသည်။

ဆရာတော်ကို သွားဖူးရာ ဆရာတော်က ကျောင်းမှာနေလိုက ဘုရားဝေယျာဝစ္စလုပ်ရင်း ဦးပန်းအောင်နှင့် အတူနေရန် မိန့်မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကို ဦးချပြီး ဇရပ်ပြန်ရောက်တော့ ဦးပန်းအောင်က ရေနွေးအိုး ရှေ့ချရင်း စကားပြောလာသည်။

"အဘလည်း နေရမှ တစ်နှစ်၊ နှစ်နှစ်ပေါ့။ ဒါမှမဟုတ် ရက်ပိုင်း၊ လပိုင်းလည်း ဖြစ်နိုင်တာပဲ။ ဒါကြောင့် မောင်ရန်ကျော် ဒီမှာအမြဲနေဖို့ ဆုံးဖြတ်ပြီးပြီဆိုရင် အဘ အမွေတစ်ခု ပေးခဲ့ချင်တယ်"

"ဗျာ ဘာအမွေလည်း အဘ"

"အဘရဲ့ ဆေးပညာအမွေပေါ့။ ဆေးကုနည်း ဆေးဖော်စပ်နည်း၊ ဆေးအမျိုးအစားမှတ်တဲ့ ပညာတွေ ပေါ့ကွယ်"

"ဟုတ်တယ် ကိုရန်ကျော် ဘာမှ မတတ်တာနဲ့စာရင် ဘဝအတွက် အာမခံချက်ရှိတဲ့ ပညာတစ်ခုခုတော့ တတ်ထားသင်ထားသင့်တယ်"

"ကျွန်တော်က နယ်တကာ သွားလာနေရလို့ မသင်နိုင်ဘူး"

"ခင်ဗျားအခွင့်အရေးရတုန်း သင်သင့်တယ်"

"ဘယ့်နှယ်လဲ မောင်ရန်ကျော် ပါသနာကော





ပါရဲ့လား"

"အမှန်ပြောရရင် ဆေးဆိုတာ ဖျားရင်နာရင် သောက်ရတာပဲ သိတယ်။ ဘယ်ရောဂါအတွက် ဘာဆေးသောက်ရမလဲ မသိဘူး"

"စာကော တတ်ရဲ့လား"

"ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ သုံးနှစ်လောက်နေခဲ့ရလို့ စာတော့တတ်ပါတယ်"

"အေး အဘမှာ ဆေးစာအုပ်ရှိတယ်။ အဲဒါကို ဖတ်နိုင်ရင်လဲ အကျိုးရှိတယ်။ နောက်နေ့ကစပြီး ဆေးအကြောင်း စသင်ပေးမယ်"

"စိတ်ဝင်စားရင် မကြာခင် တတ်သွားမှာပါ"

သို့နှင့် ကျောင်းဝေယျာဝစ္စများ ပြုလုပ်ပေးပြီး နေ့လယ်စာစားပြီးသည်နှင့် ရန်ကျော်အား ဆေးအကြောင်း စိတ်ရှည်လက်ရှည် သင်ကြားပေးသည်။

ထိုသို့သင်ပေးရင်းက ပြောသေးသည်။

"တကယ်လို့ ငါ ရုတ်တရက် သေသွားခဲ့ရင် ငါ့ဆေးပစ္စည်းမှန်သမျှ မင်းယူသွားနိုင်တယ်"

"ဆရာတော်ကိုလည်း လျှောက်ထားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ငါသင်နိုင်သရွေ့ သင်ပေးအုံးမယ်"

ထိုအချိန် ကိုလှမောင်လည်း ကျောင်းကိုရောက်နေခဲ့သည်မှာ တစ်ပတ်ကျော်ပြီ။ လက်ကအနာလည်း ကျက်သွားပြီ။

ပြီးခဲ့သောရက်က ရေစကြိုမှ တော်လှန်ရေးအဖွဲ့နှင့် ဆုံဖြစ်သည်။

သူတို့က လာမဆက်သွယ်မချင်း ကျောင်းမှာနေရန် ပြောသဖြင့် ကိုရန်ကျော်နှင့်အတူ ဆရာကြီးဆေးဝါးသင်တန်းကို နားထောင်ရင်း လေ့လာနေခဲ့သည်။

ထို့နောက် ကိုလှမောင်လည်း တာဝန်ကိစ္စပြီးဆုံးသဖြင့် ဆရာတော်အား သွားကန်တော့သည်။ ဆရာဦးပန်းအောင်အား ကန်တော့သည်။ ကိုရန်ကျော်အား နှုတ်ဆက်ပြီး ခရီးထွက်သွားတော့သည်။

ကိုလှမောင် ထွက်သွားပြီး ရက်မကြာခင် သူကြီးအိမ်သို့ ဂျပန်များ ရောက်လာသည်။

ဤရွာတွင် ဂျပန်များ စခန်းချနေထိုင်မည်ဖြစ်ကြောင်း ရန်ကျော်သိလိုက်သည်။

ထိုသတင်းကြားသည်နှင့် ရန်ကျော် ဤရွာမှာ





နေထိုင်ရန် မဖြစ်တော့ကြောင်း သိသည်။

ဂျပန်များက လူသစ်ဖြစ်သော မိမိအား မေးလား၊ မြန်းလား၊ စစ်လား မလုပ်ခင် ရွာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

ရန်ကျော် ရွာမှထွက်ခွာရန် စီစဉ်တော့ ဆေးဆရာကြီးဦးပန်းအောင် ရွာမှာ မရှိ။ ကျူတောရွာ၌ အလှူရှိ၍ ဆရာတော်နှင့်အတူ ပါသွားသည်။

အလှူမှာ ညအိပ်သီတင်းသုံး၍ နောက်နေ့မှ ပြန်ကြွလာမည် ဖြစ်သည်။

သို့ကြောင့် ဆရာကြီး ပြန်လာသည့်အချိန်ထိ မစောင့်တော့ပဲ လွယ်အိတ်နှစ်လုံးအပြည့် ဆေးမြစ်၊ ဆေးဥ၊ ဆေးဖော်ထားသော ပုလင်းများ အားလုံးထည့်ကာ စလွယ်သိုင်းလွယ်ပြီး ညမှောင်သည်နှင့် ညောင်ပင်ရွာမှ ဂျပန်စစ်တပ်ကိုရှောင်ကွင်းရင်း ထွက်လာခဲ့သည်။

ဆရာကြီးပေးမည်ဟု ပြောထားသော ဆေးများ အားလုံး ယူလာခဲ့သဖြင့် စိတ်ထဲတော့ ထင့်နေသည်။

အသက်ဘေးရန်ကြောင့် ပြေးခဲ့ရသည့်အတွက် ဆရာကြီးကို ခွင့်တောင်းချိန် မရခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပြန်ရောက်လျှင် ဂျပန်များရွာသို့ ရောက်လာသဖြင့် ရန်ကျော်ထွက်သွားသည်ကို အကျိုးအကြောင်း သိထားသော ဆရာကြီး ခွင့်လွှတ်နိုင်လိမ့်မည်ဟု မိမိကိုယ်မိမိ ဖေးမတွေးလိုက်သည်။

ရန်ကျော်တွေးထင်ထားသည့်အတိုင်းလည်း ဆရာကြီး ပြန်ရောက်၍ ဆေးပစ္စည်းအားလုံး ရန်ကျော်ယူသွားသည်ကို သိသည်နှင့် -

"အင်း ငါလဲဆေးမကုနိုင်တော့ပါဘူး။ ငါပေးမယ်လို့ ပြောထားတဲ့ဆေးတွေ ယူသွားတာပဲ ယူပါစေ"

"ဒါပေမယ့် ဆရာတော်မကျန်းမမာဖြစ်ခဲ့ရင် ဆရာကြီး မကျန်းမမာဖြစ်ခဲ့ရင် ရွာကလူတစ်ယောက်ယောက် မကျန်းမမာဖြစ်ခဲ့ရင် ကုဖို့ ဆေးမရှိတော့ဘူး မဟုတ်လား"

"ဒီကောင် ဘေးဖြစ်မယ့်ကောင်၊ ဦးနှောက်မရှိတဲ့အကောင်"

"အဲလို မပြောရဘူးကွဲ့။ သူတစ်ပါး အကုသိုလ်ကို ကိုယ့်အကုသိုလ် မလုပ်ရဘူး။ ဆရာကြီးတောင်မှ ခွင့်လွှတ်သေးတာ။ မင်းတို့လဲ ခွင့်လွှတ်ကြပါ။ ကဲကဲ နေ





မမြင့်ခင် ပြန်ကြအုံး"

ဆရာတော်နှင့် ဆရာကြီးတို့အား လိုက်ပို့သော ကျူတောရွာသားများ လှည်းမောင်း၍ ပြန်သွားကြသည်။

ရန်ကျော်လည်း ခြေဦးတည့်ရာ တစ်ညလုံး လျှောက်လာခဲ့သည်။

ဂျပန်များနှင့် လွတ်ရာ ရွာများနှင့်ပေးရာမှ ကွေ့ကာပတ်ကာ ထွက်လာခဲ့သည်။

"ဟော့ . . ရပ်စမ်း"

ချောက် . . ချောက်

အမိန့်ပေးသံနှင့်အတူ သေနတ်မောင်းတင်သံကိုပါ ကြားလိုက်ရသည်။

ရန်ကျော်ရင်ထဲ ထိတ်သွားပြီး အမိန့်အတိုင်း ရပ်နေလိုက်သည်။

"မင်းလွယ်အိတ်ထဲက ဘာတွေလဲ၊ လွယ်အိတ်ကို အောက်ကိုဖြုတ်ချလိုက်စမ်း"

"တန်ဖိုးရှိတဲ့ ပစ္စည်း ဘာမှ မပါပါဘူး။ ဆေးပစ္စည်းတွေပဲ ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မညာနဲ့နော်"

"မညာပါဘူး . . ရှာကြည့်ပါ"

လူတစ်ယောက်က လွယ်အိတ်ထဲ ကြည့်သည်။

"ဟုတ်တယ် ဆရာကျားကြီး ဆေးပစ္စည်းတွေ ပဲ"

"အဲဒါ ဘာလုပ်မလို့လဲ"

"ကျွန်တော်တို့ရွာဆရာတော်က တပည့်ဖြစ်တဲ့ မြို့က ဆေးဆရာကြီးဆီမှာ ဆေးသွားယူခိုင်းလိုက်လို့ပါ"

"ဟား ဟား ဟား အဆင်ပြေအောင် ညာလည်း ညာတတ်ပါပေရဲ့ကွာ"

"ဟေ့ စောထင် မင်းကျူတောရွာက အပြန် ကြား ခဲ့ရတဲ့သတင်းကို ပြောပြလိုက်စမ်းကွာ"

"ကျုပ်က ကျူတောရွာသား။ မနက်ကမှ မြင်း နဲ့ပြန်လာတာ။ ပြီးခဲ့တဲ့နှစ်ရက်က ခင်ပျားညောင်နှစ်ပင် ကျောင်း ဆေးဆရာကြီးဆီက ဆေးတွေ မချလာတယ် ဆို"

"မ မဟုတ်ရပါဘူးဗျာ။ ရှိကြီးခိုးပါရဲ့။ မဟုတ်ရပါ ဘူး"





"ကျူတောရွာ ကျုပ်အဒေါ် အလှူလုပ်လို့ ကျုပ် သွားခဲ့တယ်။ ကျုပ်အစ်ကိုက ဆရာကြီးနဲ့ ဘုန်းကြီးကို ညောင်နှစ်ပင်ကျောင်း လှည်းနဲ့ ပြန်ပို့လို့ သိခဲ့ရတာ"

"ဆရာကြီးက ကျုပ်တို့ရွာ အပါအဝင် အနီးအ နားရွာတွေက လေးစားရတဲ့ ဆေးဆရာကြီး။ မင်းဆေး တွေအကုန် မချသွားတော့ ဘာနဲ့ ကုရတော့မှာလဲ"

"ဆရာကြီးက မင်းကို ပေးမယ်လို့ ပြောထားတဲ့ အတွက် ဆရာကြီးခွင့်လွှတ်ပေမယ့် ငါတို့ ခွင့်မလွှတ်ဘူး။ မင်းလိုကောင် လူ့လောကမှာ မရှိသင့်ဘူး"

"ကျွန်တော်မှားသွားပါတယ်။ ကျောင်းအ ရောက် ဆေးတွေ ပြန်ပို့ပေးပါ့မယ်"

"မင်း စိတ်မပူနဲ့။ ငါတို့ ပို့ပေးလိုက်မယ်။ မင်းကို တော့ ဒီတောထဲမှာ မြေမြှုပ်ထားခဲ့ရမယ်"

ထိုစဉ် လူတစ်ယောက် ရောက်လာပြီး -

"ဆရာကျားကြီး တောစပ်မှာ ဂျပန်တွေ ဒီဘက် ကို လာနေပြီ။ မြန်မြန်သွားမှာ လွတ်မယ်"

"ဟာ . . သောက်ကျိုးနဲ့"

ကျားကြီးလည်း ရန်ကျော်ကို ဘာမှမပြောအား



www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ တောထဲသို့ ပြေးလွှားတိုးဝင်သည်။

ရန်ကျော်လည်း လွယ်အိတ်နှစ်လုံးကို ကောက်၍ လွယ်လိုက်သည်။

ဝုန်း ဒိုင်း

ကျယ်လောင်သောအသံနှင့်အတူ ရန်ကျော်ခန္ဓာကိုယ် လွင့်ထွက်သွားသည်။

ထို့နောက် လဲနေရာမှ ကုန်း၍ ထလိုက်သည်။

ဂျပန်များ သူ့အနီးက ဖြတ်၍ ဖြတ်၍ သွားပြီး ကျားကြီးတို့အား သေနတ်နှင့် လိုက်ပစ်နေသည်။

သူ့ကို ဘာမှ လုပ်မသွားကြ။

သူလည်း ဂျပန်များနှင့်ဝေးရာသို့ ရှောင်တိမ်းရန် ပြင်လိုက်သည်။

သူ့အနီးသွေးအိုင်ထဲ လဲနေသူကို ကြည့်လိုက်သည်။

"ဟင်း လဲနေတဲ့အကောင်က ငါနဲ့တူနေပါလား"

ထိုသို့စဉ်းစားပြီး နားမလည်စွာနှင့် သူ့အပါးမှ ထွက်ခွာလာခဲ့သည်။

မိမိကိုယ်မိမိ ပြန်ကြည့်မိတော့ အဝတ်အစား





မရှိ။ အမွေးအမျှင်တွေပင် ပေါက်နေသေးသည်။

"ဒါဆို ငါသေပြီ သရဲတစ္ဆေ ဖြစ်သွားတာလား" ဟု တွေးမိသည်။

တောထဲ သွားရင်းသွားရင်းနှင့် မိမိလို အမျိုးအနွယ်များကို တွေ့လိုက်ရသည်။

"အို အပင်တွေမှာလည်း နေရာလပ် မရှိပါလား။ ငါ့အတွက် တစ်နေရာရဖို့ ရှာရအုံးတော့မှာပဲ"

ကျေးဇူးရှင်ကို ပစ်မှားခဲ့သော မကောင်းမှုကြောင့် ခေသလွန်သည်နှင့် သရဲတစ္ဆေဘဝသို့ ရောက်သွားမှန်း သိလိုက်တော့သည်။

လူ့ဘဝက သူတစ်ပါး အသက်ပေါင်းများစွာ မသတ်ခဲ့၍ ငရဲဘုံသို့ ရောက်မသွားခဲ့ရခြင်း ဖြစ်သည်။

နေစရာရှာရင်း လျှောက်လာခဲ့ရာ ပေကုန်းရွာအလွန် ထန်းပင်ကြီးတစ်ပင်မှာ နေထိုင်သူ မတွေ့သဖြင့် ပျော်ရွှင်ဝမ်းသာစွာ နေစရာရပြီအမှတ်နှင့် တစ်ညဝင်အိပ်လိုက်သည်။

မည်သူမှ နေထိုင်သူမရှိပါက အပိုင်နေရန် စိတ်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလွန်မြောက်၍ နောက်ညရောက်သည်နှင့် ထန်းပင်မှာနေသော အစိမ်းသရဲမကြီးနှင့် ကလေးတစ်ယောက် လက်ဆွဲ၍ ရောက်လာသည်။

သူ့နေရာမှ ချက်ချင်း ဖယ်ပေးရန် အတင်းအကြပ် ပြောသည်ကြောင့် ထိုထန်းပင်မှ ခွာခဲ့ရပြန်သည်။

သို့ဖြင့် တစ်နေရာပြီးတစ်နေရာ လှည့်လည်၍ နေစရာ ရှာခဲ့ပါသည်။

ဘဝပေးအကျိုးနည်းလှသည်ထင့်။ နေစရာဟူ၍ သူ့အတွက် သစ်ပင်၊ ကြီးကြီးငယ်ငယ် ရှာ၍မတွေ့။ လမ်းတကာလှည့်လည်ရင်း အချိန်တို့ ကုန်ခဲ့ရသည်။

သရဲရန်ကျော်လည်း တစ်နေရာပြီးတစ်နေရာ နေစရာရှာပြီး ခရီးအတော်ပေါက်ခဲ့သည်။

ထိုရက်အတွင်း ကိုလှမောင်တစ်ယောက် ပဲခူးဘက်သို့ မပြန်ဖြစ်သေးပဲ ပခုက္ကူနယ်ဘက်မှာပင် ရှိနေပေသေးသည်။

ပခုက္ကူနယ်ဘက်က ပြန်လာမည့် ရဲဘော်ကိုတင်လှကို စောင့်ရင်း နယ်ခံတော်လှန်ရေးရဲဘော်များ၏ စခမ်းမှာ နေခဲ့သည်။





ထိုရက်ပိုင်းအတွင်း ညည အိပ်မက်ထဲတွင် သရဲကြီးတစ်ကောင် ရောက်ရောက်လာပြီး အိပ်မက်တွေ လာပေးသည်။

သရဲကြီးက သူ့ကိုယ်သူ ခင်ဗျားမိတ်ဆွေ ရန်ကျော်ဟု ပြောလာသည်။

“ခင်ဗျားက ဘယ်လိုဖြစ်ပြီး သရဲဘဝရောက်သွားရတာလဲ”

သရဲရန်ကျော်လည်း ဆရာကြီးထံမှ ဆေးတွေယူသွားခဲ့ပုံ ဗုံးဆံထိ၍ သေရပုံ သရဲဘဝရောက်သွားရပုံတို့ကို ပြောပြသည်။

သရဲဘဝနှင့် နေရာအနှံ့လျှောက်သွားနေပေမယ့် နေစရာမရသေးကြောင်း ပြောပြသည်။

သူ့အတွက်နေစရာရအောင် ကူညီပေးနိုင်မယ့်သူကတော့ သူ့ရဲ့တစ်ဦးတည်းသော မိတ်ဆွေ ကိုလှမောင်ပင်ဖြစ်ကြောင်းပြောသည်။

အခုကျုပ်နေစရာမရှိလို့ လျှောက်သွားရင်း ခင်ဗျား ဒီမှာရှိတာသိလို့ လာခဲ့တာပဲ။

“ကျုပ်ကူညီနိုင်တယ်ဆိုရင်၊ ပြောပါလား”



www.burmeseclassic.com

www.burmeseclassic.com



"တဂါယ်ဖြစ်နိုင်တာကတော့ ကျုပ်အတွက် အလှူလေးတစ်ခု လုပ်ပေးနိုင်ရင်ကောင်းတာပေါ့၊ ဘုရားကျောင်းကန်၊ ဆောက်လုပ်တဲ့နေရာမျိုးမှာ တတ်နိုင်သမျှထည့်လှူပြီး အမျှဝေပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့"

ဒါမှမဟုတ်ကျုပ်အတွက် သစ်ပင်တစ်ပင်လောက် စိုက်ပေးရင်လဲဖြစ်ပါတယ်။

အခုမှစိုက်ရင် ခင်ဗျားနေနိုင်ဘို့ နှစ်တွေကြာအုံးမှာပေါ့။

"အဲဒီလိုမဟုတ်ဘူး သစ်ပင်ပေါက်မှာ အရွက်ကြမ်းထွက်တာနဲ့ ပိုင်ရှင်ရှိသွားပြီ"

"သဘောပေါက်ပြီ၊ ကျွန်တော်တစ်ခုခုကြိုးစားပေးမယ် တောထဲတောင်ထဲမှာတော့ ခင်ဗျားအတွက်ရည်စူးပြီး အလှူမလုပ်ပေးနိုင်ဘူး"

"ကျွန်တော်ဒီကမသွားခင် သစ်ပင်တစ်ပင်တော့ခင်ဗျားအတွက် စိုက်ပေးမယ်"

ကိုလှမောင်လည်း သရဲကြီး ရန်ကျော်၏ အိမ်မက်ကို သူ့မိတ်ဆွေအချို့ကို ဖွင့်ပြောပြသည်။

ထိုအခါ အသက်ကြီးကြီး တော်လှန်ရေးရဲဘော်





ဖေသက်က။

"ရဲဘော်လှမောင် ဘာမှမစိုးရိမ်နဲ့ ခင်ဗျားမိတ်ဆွေအတွက် ကျုပ်သစ်ပင်တစ်ပင်ပေးမယ်။ အပင်ကြီးမျိုးပဲ"

"ဘယ်မှာလဲ"

"လာခဲ့ကျုပ်နဲ့လိုက်ခဲ့"

တော်လှန်ရေးရဲဘော်များ စုပေါင်းနေထိုင်သည့်တဲဆီသို့ . ကိုလှမောင်အား . ခေါ်သွားသည်။

"လာ ကျုပ်တို့တဲအောက်မှာ ခင်ဗျားမိတ်ဆွေအတွက် အပင်တစ်ပင်ရှိတယ်"

"ရဲဘော်ဖေသက်က တဲရှေ့ကပြင်တွင် ဒူးထောက်ထိုင်လိုက်သဖြင့် ကိုလှမောင်လည်း ဒူးထောက်ထိုင်လိုက်သည်။

ကိုဖေသက်က ကိုလှမောင်အား တဲအောက်သို့ငုံ့ပြီး လက်ညှိုးထိုးပြီးပြလိုက်ကာ။

ဟိုမှာကြည့် တဲအောက်မှာ အပင်ပေါက်တစ်ပင်နှစ်ပင်လောက်ရှိတယ်။ အရွက်ကြမ်းတွေလဲ ထွက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ပိုင်ရှင်ရှိနေပြီပေါ့"

သရဲကြီးရန်ကျော်ပြောစကားအရ အရွက်ကြွမ်းထွက်ပြီဆိုလျှင် ပိုင်ရှင်ရှိနေပြီဆိုသဖြင့် ထိုကဲ့သို့ ပြောလိုက်ခြင်းဖြစ်သည်။

"ဟာ မရှိနိုင်ဘူး အိမ်တံစက်မြိတ်အောက်မှာပေါက်တဲ့ . . သစ်ပင်တွေမှာ ဘယ်အကောင်မှ လာမနေဘူး။ တံစက်မြိတ်အောက်ကနေ ခြံပြင်ထုတ်လိုက်ရင်တော့ နေမယ့်သူ ရောက်လာတာပေါ့"

"အဲဒါကြောင့် ဒီတဲအောက်မှာပေါက်နေတဲ့ သစ်ပင်ပေါက်ကို ခင်ဗျားမိတ်ဆွေကြီးအတွက် တစ်နေရာမှာပြောင်းပြီး စိုက်ပေးလိုက်ပေါ့ဗျာ"

ဦးဖေသက် ပြသော အပင်အား ကိုလှမောင်ငုံ့ကြည့်လိုက်ပြီးနောက်။

သရဲကိုရန်ကျော် ဒီညအိမ်မက်ထဲ ရောက်လာရင် သူ့အတွက် အပင်ရပြီလို့ ပြောလိုက်တော့မယ်။

ညရောက်၍ ကိုလှမောင်ပျော်သည်မှ မကြာခင် သရဲရန်ကျော်အား နေစရာသစ်ပင်တစ်ပင် တွေ့ထားပြီဖြစ်ကြောင်း ပြောပြလိုက်ရာ။





ကျုပ်သိပါတယ်၊ နေ့ခင်းက ခင်ဗျားတို့ သစ်ပင်အကြောင်းပြောနေတာ ကျုပ်ကြားတယ်။ ကျုပ်က ခင်ဗျားတို့ အနီးမှာပဲရှိတယ်။

ဒါဆို မနက်ဖြန်စောစောခင်ဗျားအတွက် ဒီတဲနဲ့ ခပ်လှမ်းလှမ်းမှာ အပင်စိုက်ပေးမယ်။

ကျေးဇူးပါပဲကိုလှမောင် ကျုပ်ခင်ဗျားတို့ နားမှာရှိနေပါ့မယ်။

ထိုသို့ ပြောပြီး အိမ်မက်ထဲမှာ ပျောက်သွားသည်

ကိုလှမောင်လည်း ရဲဘော်ဖေသက်၏အကူအညီနှင့် တဲအောက်မှ သစ်ပင်လေးကို ဝင်နှုတ်ကာ တဲအပြင်သို့ မယူသွားခင်၊ တံစက်မြိတ်အောက်မှာရပ်၍

"ကဲ ကိုရန်ကျော်. ခင်ဗျားနေဘို့ ဒီအပင်ကို ကျုပ်တို့စိုက်ပေးမယ်။ ကျုပ်တို့နောက်က လိုက်ခဲ့ပေတော့"

"ခင်ဗျားကိုကူညီပေးတဲ့ ဒီရဲဘော်တွေရဲ့လုံခြုံရေးကို ခင်ဗျားတတ်နိုင်သလောက် ကူညီပေးရမယ်"

ကိုလှမောင်လည်း သရဲကြီးရန်ကျော်နေစရာ ရရှိစေရန်အတွက် အပင်ကြီးမျိုး သစ်ပင်ပေါက်အား ထော



www.burmeseclassic.com

www.burmeseclassic.com



လှန်ရေးရဲဘော်များ၏ တဲနှင့် ခပ်လှမ်းလှမ်းတွင် သွားစိုက်ပေးခဲ့ပါသည်။

ညရောက်တော့ အိမ်မက်လာပေးသည်။

ကိုလှမောင်ကျေးဇူးကြောင့် သူနေရာရရှိပြီဖြစ်ကြောင်း တော်လှန်ရေးရဲဘော်တွေ အနီး ဂျပန်တွေလာလျှင် ခဲဖြင့်ပေါက်၍ အသိပေးမည်ဖြစ်ကြောင်းပြောပါသည်။

သည့်ထက်ကောင်းမွန်တဲ့နေရာ ရရှိရန် သူ့အတွက် ကောင်းမှုတစ်ခုခု ရည်စူးလှူပြီး အမျှပေးဝေမှသာ ရရှိမှာဖြစ်ကြောင်း ပြောပြသွားပါသည်။

ကိုလှမောင်လည်း သရဲကြီးရန်ကျော်အတွက် သစ်ပင်လေး တစ်ပင်သာ ကူညီနိုင်ပြီး တော်လှန်ရေးကာလအတွင်း၊ နေရာအနှံ့သွားလာနေရခြင်းကြောင့် အလှူအတန်း ဘာမှ မလုပ်ပေးနိုင်ခဲ့ပါ။

ကျောင်းကန်အနီး ဘုန်းကြီးကျောင်းဝန်းကျင်တွင် နေရသော ဘုတ်ပြိတ္တာ၊ သရဲတစ္ဆေများက ကျောင်းကစွန့်ပစ်သော၊ စားသောက်ဖွယ်များကို စားရင်း ရဟန်း သံဃာတို့ထံမှ တရားနာခွင့် သာဓုခေါ်ခွင့်ရ၍





အမြန်ကျွတ်တန်း ဝင်နိုင်၏။

လူနေရပ်ကွက်အတွင်း နေထိုင်ခွင့်ရသော နာနာဘာဝတို့လည်း လူတို့စွန့်ပစ်စာကို စားရင်းလူတို့ဝေမျှသော အမျှအတန်းကို ရရှိသာဓုခေါ်နိုင်ကာ ကျွတ်တန်းဝင်နိုင်၏။

တစ္ဆေကြီးရန်ကျော်အဖို့ နေစရာရရှိပေမယ့် လူနေရပ်ကွက်နှင့်ဝေးခြင်း ဒါန သီလ ရရှိနိုင်မည့်နေရာတို့နှင့် ဝေးခြင်းကြောင့် သာဓုခေါ်နိုင်ဘို့ ဝေးစွာ အစားမစားရ ငတ်မွတ်လှသည်။

ကိုလှမောင်လည်း သရဲရန်ကျော်အား နေစရာလေးတစ်ခု ကူညီပေးနိုင်ခဲ့၍ ဝမ်းသာမိသော်လည်း သရဲဘဝမှ လွတ်ရန် ကျွတ်ရန် မကူညီနိုင်ခဲ့။

သူပြန်ရက်ရောက်တော့ သရဲကြီးရန်ကျော်အား သွား၍နှုတ်ဆက်ကာ စိတ်မကောင်းစွာနှင့်ပင် ပြန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တရားခံပမ်းပေးသော မဖဲဝါ

ဒီနေ့ နောက်ဆုံးအခေါက်သဲများချပြီးပြီမို့ နောက်ဆုံးအခေါက်လုပ်အားခ ငွေ အားလုံးစုပေါင်းပြီး စားသောက်ကြရန် ကျော်စိုးတို့ အုပ်စု "ဆုံဆည်းရာ" စားသောက်ဆိုင်အတွင်း ဝင်ခဲ့ကြသည်။

သူတို့ခြောက်ယောက်က အုတ်သဲကျောက်သယ်. ချသည့်ကားမှ ဒရိုင်ဘာနှင့် အလုပ်သမား ဟစ်စု ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများမှ မှာသည့် အုတ်၊ သဲ၊ ကျောက် ဘိလပ်မြေများကို တစ်နေ့လုံး '၆' ခေါက်တိတိ ပို့ပေးခဲ့ရသည်။

ထိုခြောက်ခေါက်မှ ရသော လုပ်အားခ ငါး





ခေါက်စာကို ဖယ်ထားပြီး နောက်ဆုံးတစ်ခေါက်စာကို တစ်နေ့လုံးပင်ပန်းသမျှ အပမ်းဖြေရန်ဆိုပြီး 'ဆုံဆည်းရာ' မှ ညတိုင်းသောက်ဖြစ်ခဲ့ကြသည်။

ယနေ့ညလည်း ညနေ ခြောက်နာရီမှ စပြီး ဆိုင်သို့ရောက်နေကြပြီး မှာကြ၊ စားကြ၊ သောက်ကြသည်။

နှစ်နာရီနီးပါးမျှ အချိန်ဖြုန်းသောက်စားကြပြီး ငွေရှင်းကာ ပြန်ရန်ဖြစ်ကြသည်။

သူတို့ထဲမှ နှစ်ယောက်က ကားဖြင့်လိုက်ရန် လမ်းကြောင်းမသင့်။ ကားနှင့်မလိုက်တော့ပဲ လမ်းလျှောက်ပြန်သွားကြသည်။

ကျန်သုံးယောက်က ကားနှင့်လိုက်ရန် ကားပေါ်သို့ တက်လိုက်ကြသည်။

ဒရိုင်ဘာလှထွန်းက ရေချိန်မှန်နေပြီ၊ ကားပေါ်ရောက်သည်နှင့်. . .

"ဟေ့ ကျော်စိုး မင်းတို့ကားပေါ် ရောက်ပြီလား"

"ရောက်ပြီဆရာရေ ကားထွက်လို့ရပြီ"

ဒရိုင်ဘာ လှထွန်းလည်း ကားကိုစက်နှိုးပြီး မောင်းထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကမြို့ထဲမှ ထွက်၍ နှစ်မိုင်ခန့်ဝေးသော ဒရိုင်ဘာနေသည့် ရပ်ကွက်သို့ မောင်းသွားမည်ဖြစ်သည်။

ကားကို ဒရိုင်ဘာအိမ်မှာထားပြီး၊ မနက်အလုပ်သမားများ တင်ကာ အုတ် သဲ ဒိုင်သို့လာပြီး လုပ်ငန်းဝင်မည်ဖြစ်သည်။

ငါးမိုးနစ်မျှမောင်းမိသော် မြို့ထွက်သော လမ်းပေါ် ရောက်ခဲ့သည်။

မြို့ထွက်သည်နှင့် လမ်မီးများ မရှိတော့ ကားမီးရောင်ဖြင့်သာ မောင်းခဲ့သည်။

ထိုစဉ်. .

ဒုန်း. . .

"ဟာ. . . ဘာကိုတိုက်လိုက်ပြီလဲ မသိဘူး"

ကားက ရပ်သွားသည်။

"ဆရာကိုလှထွန်း ဘာဖြစ်တာလဲ ဘာကိုတိုက်မိသွားတာလဲ"

ပြောပြောဆိုဆို ကျော်စိုးက ကားအောက်သို့ ခုန်ချလိုက်သည်။





"ဟာ ကောင်လေးတစ်ယောက်ကို ကားတိုက်မိထားတယ်"

"စက်ဘီးက ကားအောက်မှာ ပြားနေပြီ"

"ဟုတ်တယ် ဒီကောင်လေး ငါ့ရှေ့က မျက်နှာချင်းဆိုင်စီးလာတာ။ ဒီကောင်ကားနားရောက်မှ ဘေးကိုဆွဲရှောင်တာ"

"ငါကလည်း ဒီကောင်ရှောင်တဲ့ဘက်မှ လက်ကိုင်ဘီးကို ဆွဲလှဲလိုက်မိတယ်"

"သေသွားပြီလား မသိဘူး"

"ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး။ ကားပေါ် တင်လိုက်ပြီးမှ ကြည့်စီစဉ်ကြမယ်"

သူတို့ ကားတိုက်ခံရသော လူငယ်ကို ကားပေါ်မ တင်လိုက်သည်။

"သေနေပြီ"

"ဘယ်လိုလုပ်မလဲ ဆရာလှထွန်း"

"တစ်နေရာကို သယ်သွားပြီး ပစ်ခဲ့ကြမယ်"

ထိုသို့ ပြောပြီး လှထွန်းက တစ်စုံတစ်ခုကို သတိရ အကြံရသွားပုံဖြင့် ကျော်စိုးအား -



www.burmeseclassic.com

www.burmeseclassic.com



"အခု ရှေ့နားမှာ သချိုင်းရှိတယ်မဟုတ်လား။ အဲဒီကို ကားမောင်းသွားပြီး အလောင်းကို သချိုင်းမှာ မြေတူးမြှုပ်ပြီး တစ်ခါည်း လက်စဖျောက်လိုက်မယ်"

"သူ့စက်ဘီးကိုရော ဘယ်လိုလုပ်မလဲ"

"တစ်စစီဖြုတ်ပြီး လက်စဖျောက်ပစ်မယ်ကွာ"

ဒရိုင်ဘာလှထွန်း၏ အကူအညီတောင်းမှုကြောင့် ကျော်စိုးတို့လည်း လူငယ်အလောင်းအား တာပေါ်လင်စနှင့် ပတ်လိုက်ပြီး ကားပေါ်တင်လိုက်သည်။

ကားကို. . လမ်းမမှ သချိုင်းထဲသွားသည့်လမ်းအတိုင်း မောင်းဝင်ခဲ့သည်။

မကြာခင် သချိုင်းအတွင်းရောက်လာသည်။

သချိုင်းအစပ်မှာ ကားကို ရပ်လိုက်သည်။

တာပေါ်လင်စနှင့် ပတ်ထားသော လူငယ် အလောင်းကို သယ်ပြီး ကားအောက်သို့ ချလိုက်သည်။

ကားပေါ်တွင် ပါလာသည့် ဂေါ်ပြားများထဲမှ ဂေါ်ပြားလေးလက်ကိုယူလိုက်သည်။

အလောင်းကိုမြေမြှုပ်ရန်အတွက် သူတို့လေးယောက်ဂေါ်ပြားလေးလက်နှင့် လေးယောက်ဆိုင်ပြီး တူ





ကြတော့သည်။

ခပ်သွက်သွက်တူလိုက်ရာ နာရီဝက် အတွင်း သုံးပေခန့် အနက်သို့ တူးဖော်လိုက်နိုင်သည်။

"ကဲ ဒီလောက်အနက်ဆို အလောင်းကို မြေမြှုပ်လို့ရပြီ"

ဘေးမှာချထားသော လူငယ်အလောင်းအား မြေတွင်းထဲချရန် ပတ်ထားသည့် တာပေါ်လင်စကို ဖယ်လိုက်သည်။

"ဟင် ယောကျ်ားလေးမဟုတ်ပါလား၊ အမျိုးသမီးအလောင်းကောင်ကြီး"

"ဘယ်လိုဖြစ်တာလဲ ငါ့ကားနဲ့ တိုက်မိတာ ကောင်လေးပါ ဘောင်းဘီနဲ့ အသက်ဆယ့်ငါးနှစ်လောက်ပဲရှိမယ်"

"ဟုတ်တယ် ကားတိုက်ခံရကတည်းက အသေအချာမြင်ခဲ့တာပဲ ကောင်လေးအလောင်းပါ"

တာပေါ်လင်စနဲ့ ပတ်ပြီး ကားပေါ်ကျွန်တော်တို့ တင်တော့လဲ၊ ကောင်လေးအလောင်းဆိုတာ အသေအချာမြင်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



“အခု ဘယ်လိုက ဘယ်လိုဖြစ်ပြီး ကောင်လေး အလောင်းမဟုတ်ပဲ. . မိန်းမအလောင်းဖြစ်နေရတာလဲ”

“ငါတို့မျက်စိမှောက်ပြီး မိန်းမနဲ့ ယောကျ်ားမကွဲ တာများလား”

“ဟာ ပေါက်ပေါက်ရှာရှာကွာ”

“ကဲ. . ကောင်လေးအလောင်းက ပျောက်သွားပြီး၊ မိန်းမအလောင်းဖြစ်နေလဲ ရှင်းပစ်ရမှာပဲ”

“သူ့ကိုမမြှုပ်ပဲ ဒီအတိုင်းပစ်ထားခဲ့ရင် ငါတို့အတွက် အန္တရာယ်ရှိတယ်”

“ဒီတော့ တူးပြီးတဲ့ကျင်းထဲ ဒီအမျိုးသမီးကိုပဲ မြှုပ်ပစ်လိုက်ကြတာပေါ့”

“နေအုံး ကားပေါ်မှာများ ကောင်လေးအလောင်းရှိသေးလား ကျော်စိုး သေချာအောင်သွားကြည့်လိုက်ကွာ”

“ဟာ ကားပေါ်မှာ ဘာမှမရှိတော့ပါဘူး”

“သေချာအောင်သွားကြည့်လိုက်ကွာ”

ကျော်စိုးလည်း ကားဆီသို့ သွားပြီးနောက်ခန်းထဲ အသေအချာ ငုံ့ကြည့်လိုက်သည်။





ကားပေါ်မှာ ဘာမှမရှိသဖြင့် ကျော်စိုးလည်း လှထွန်းတို့ရှိရာ ပြန်လာခဲ့သည်။

“ကားပေါ်မှာ ဘာမှမရှိဘူး”

“ကဲ ဒါဆိုလည်း ဘာမှစဉ်းစားမနေနဲ့၊ ဒီအလောင်းကိုပဲ ကျင်းထဲချပြီး မြှုပ်လိုက်ကြမယ်”

သူတို့ အမျိုးသမီးအလောင်းကို မြေကျင်းထဲ ချရန် ကိုင်လိုက်ကြစဉ်. .

သေနေသော အမျိုးသမီးအလောင်းမှ မျက်လုံးနှစ်ဘက် ပွင့်လာသည်။

“အမယ်လေးဗျ”

“ဟေ့ကောင် ဘာဖြစ်တာလဲ”

“အလောင်းကောင် မျက်လုံးပွင့်လာတယ်”

ငါမမြင်လိုက်ပါဘူး. . မင်းဂယောင်ခြောက် ချားဖြစ်ပြီး လျှောက်ပြောမနေနဲ့။

လှထွန်းစကားမဆုံးလိုက် အလောင်းကောင်၏ မျက်လုံးနှစ်လုံး ပွင့်လာသည်။ လုံးဝပြန်မပိတ်တော့။

မျက်လုံးက ပြန်မပိတ်ရုံသာမက သူတို့လေးယောက်ကို ဝေ့ဝိုက်၍ လိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အလောင်းကောင်၏ ပါးစပ်က အသံထွက်လာသည်။

"ဘာလဲ နင်တို့က ငါ့ကို မြေကျင်းထဲမှာ မြှုပ်မလို့ပေါ့ ဟုတ်လား"

"ဟို. . ဟို. . ခင်ဗျားက သေနေပြီမဟုတ်လား"

"ငါ့ကိုနင်တို့က မြှုပ်ချင်တိုင်း မြှုပ်လို့ရမယ်ထင်လား"

သူတို့လေးယောက်လုံး နှလုံးသွေးပျက်မျှ ကြောက်လန့်နေပေမယ့် ထွက်ပြေးရန် စဉ်းစားလို့ မရ. .

အလောင်းကောင်အမျိုးသမီးက သူတို့လေးယောက်အား ထွက်မပြေးနိုင်ရန် ညှို့ယူထားပုံရသည်။

"ကြောက် ကြောက်ပါပြီ. . ခင်ဗျားက. . မသေဘူးလား"

"ငါက ဘာသေစရာလိုတော့မှာလဲ. . မသိရင်မှတ်ထား. . ငါက ဒီသင်္ချိုင်းမှာနေတဲ့. . မဖဲဝါပဲ မသိရင်မှတ်ထားကြ"

အလောင်းကောင်အမျိုးသမီးက သူ့ကိုယ်သူ မဖဲဝါ ဟု ဆိုကာ လဲနေရာမှ ထလာသည်။





သူတို့ ထိုနေရာမှ ထွက်ပြေးချင်သော်လည်း ပြေးမရ. .

ဒူးက ဆတ်ဆတ်တုန်နေကြသည်။

"နင်တို့က လူသက်လာပြီး. . အလောင်းလာဖျောက်တာပေါ့ ဟုတ်လား"

နင်တို့ မြှုပ်မယ့်အလောင်းက ဘယ်ရောက်သွားပြီလဲ. . အလောင်းမရှိမှတော့ ငါတို့ မြှုပ်မယ့် ကျင်းထဲမှာ နင်တို့လေးယောက်ကို ငါ မြှုပ်ပေးမယ်။

မဖဲဝါဆိုသော သရဲမကြီးက လှထွန်းတို့လေးယောက်ကို သူ့လက်ကြီးနှစ်ဘက်နှင့် ကုတ်ဖဲ့တိုက်ခိုက်ဟန်ပြုလာသဖြင့်။

"ကြောက်ပါပြီဗျို့"

"ကျွန်တော်တို့ကို မခြောက်ပါနဲ့ ကြောက်ပါပြီဗျို့"

အသံကုန်ဟစ်ပြီး ပြေးထွက်ရာ. . ခြေထောက်များက လှုပ်ရှား၍ ရတော့သည်။

လှထွန်းမှာ ကြောက်ကြောက်နှင့် ပြေးထွက်ရာ ချထားသော ဂေါ်ပြားကို ခလုတ်တိုက်ပြီး ရှေ့သို့ ဟတ်ထိုးလဲကျသွားစဉ် ကားနောက်ပိုင်းနှင့် နဖူးတိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားတော့သည်။

ကျော်စိုးလည်း အားကုန်ပြေးရင်း သစ်ငုတ်ကို ခလုတ်တိုက်မိကာ ကားလမ်းနှင့် သချိုင်းကြားရေ မရှိသော မြောင်းထဲထိုးကျပြီး မေ့လဲသွားသည်။

မဖဲဝါဆိုသော အမျိုးသမီးက သချိုင်းအတွင်း ဝင်ပြီးပျောက်သွားတော့သည်။

ညသန်းကောင်ခန့်တွင် စက်ဘီးငါးစီးနှင့် ပတ်ကင်းရောင် လှည့်လာသော ပြည်သူ့ရဲများက ထိုနေရာအနီးသို့ ရောက်လာသည်။

သချိုင်းအစပ်ရပ်ထားသော အုတ်၊ သဲ၊ ကျောက် တင် ကားတစ်စီးကို ဓါတ်မီးအလင်းရောင်မှာ မသင်္ကာဘွယ်တွေ့သဖြင့် သွားရောက်စစ်ဆေးရာ။

ကားအနီးမှာ မေ့လဲနေသော ဒရိုင်ဘာ လှထွန်းကို တွေ့လိုက်သည်။

ကားနှင့် ခပ်လှမ်းလှမ်းတွင် မြေကျင်းတစ်ခု တူးထားသည်ကိုလဲ တွေ့လိုက်သဖြင့် အနီးသို့ သွားကြည့်ရာ ကျင်းနှုတ်ခမ်းအနီးတွင် တာပေါ်လင်စဖြင့် ပတ်ထားသော လူငယ်လေးတစ်ယောက်၏အလောင်းကို တွေ့





လိုက်သည်။

မေ့နေသော ကားအနီးက လူကိုသတိရအောင် လုပ်လိုက်သည်။

ထိုလူ သတိရသည်နှင့် . .

"ကြောက်ပါပြီ မဖဲဝါ. . မခြောက်ပါနဲ့ ကြောက်ပါပြီ"

"ဟေ့ကောင် ငါတို့ကို ဘယ့်နှယ် မဖဲဝါလုပ်နေရတာလဲ. . သတိထားစမ်း. . ငါတို့ ပြည်သူ့ရဲတွေ"

"ဗျာ မဖဲဝါသရဲမကြီးမရှိတော့ဘူးလား"

"မရှိပါဘူး ဘယ်က မဖဲဝါမှလဲ မရှိပါဘူး. . ကျင်းတကျင်းရယ်. . သေနေတဲ့ကောင်လေး အလောင်းတစ်လောင်းပဲရှိတယ်"

"ဗျာ. ဘယ်မှာလဲ ကောင်လေးအလောင်း"

ရဲတစ်ယောက်က လှထွန်းအား ဓါတ်မီးနှင့် ထိုးပြလိုက်သည်။

"ဟိုမှာလေကွာ. . ကောင်လေးအလောင်း"

"မဟုတ်ဘူး အဲဒါ. . သရဲမ မဖဲဝါ"

"ဟာ. . ဟေ့ကောင် ဘာတွေလျှောက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"မင်းက မဖဲဝါ ပြောနေတယ် မဖဲဝါက မိန်းမ အခုရှိနေတာက ယောကျ်ားလေး"

မဖဲဝါ မဟုတ်ဘူးပေါ့. . အဲဒီကျင်းနှုတ်ခမ်းမှာ ရှိနေတာက. . မဖဲဝါဗျ။

"လား. . လား မင်းမျက်စေ့နဲ့ သေသေချာချာ လာကြည့်။

လှထွန်းလည်း ကျင်းနှုတ်ခမ်းပေါ်မှ အလောင်းကို သွားကြည့်လိုက်သည်။

"ဟာ စောစောက ဒီကောင်လေး မဟုတ်ဘူး ကျွန်တော်တို့ အလောင်းကို မြှုပ်မလို့ ကိုင်လိုက်တော့ အစိမ်းသရဲမကြီးဖြစ်နေတယ်။

"သူ့ရဲ့မျက်လုံးတွေ ပွင့်လာပြီး မဖဲဝါလို့ ပြောတယ်"

"မင်းတို့ရဲ့စိတ်က မင်းတို့ကို ပြန်လှည့်စားလိုက်တာပဲ"

ကဲပါလေ. . မဖဲဝါပဲဖြစ်ဖြစ်. . ကောင်လေးပဲ ဖြစ်ဖြစ်. . မင်း ဒီအဖြစ်အပျက်ကိုတော့ တိတိကျကျ





ပြောပြနိုင်မှာပေါ့။

"ဟုတ်ကဲ့ ပြောပြပါ့မယ်"

ထိုစဉ် ခပ်လှမ်းလှမ်းမှ လှုပ်ရှားသံကြားသဖြင့် ဓါတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်ရာ. .

လူတစ်ယောက် မြောင်းထဲမှ ထလာသည်ကို တွေ့လိုက်သဖြင့် ရဲတစ်ယောက်က ထိုလူ့ထံသွားပြီး လက် ဆွဲကာ ကားဆီသို့ ခေါ်လာခဲ့သည်။

"ကဲ. . သူလဲ မင်းနဲ့တစ်ဖွဲ့ထဲလား"

လှထွန်းက ဝန်ခံလိုက်သည်။

"ကဲ မင်းတို့ အဖြစ်ကို ပြောပြစမ်း အလောင်း ဖျောက်ဖို့ လုပ်ရတဲ့ အကြောင်းပေါ့"

ကျော်စိုးကလည်း အလောင်းမြေမြှုပ်ရန် စီစဉ်နေစဉ် မဖဲဝါ အစိမ်းသရဲကြောင့် အစီအစဉ်ပျက်ပြီး အခုလို ရဲအဖမ်းခံရကြောင်း ပြောပြသည်။

ကားတိုက်မိလို့ သေသွားတဲ့ အလောင်းကို ဖျောက်ဖျက်ကြမယ့် မင်းတို့ရဲ့အကြံပျက်အောင် ဒီ သင်္ချိုင်းမှာ စောင့်တဲ့ မဖဲဝါက လုပ်လိုက်တာပဲ။

"ဟုတ်ကဲ့ ကျွန်တော်တို့ နားလည်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူး ဆိုတာ. မင်းတို့မြဲမြဲမှတ်"

"မင်းတို့ကြောင့် လူသေသွားတာကို တာဝန်သိသိနဲ့ အသိပေး ဝန်ခံလိုက်ရင် အမှုက သက်သာနိုင်ရဲ့ သားနဲ့ အလောင်းကို ဖျောက်ဖျက်ဖို့ ကြံစည်လုပ်ကိုင်တဲ့ မတွက်. ."

"တစ်မှုကနေ နှစ်မှုဖြင့်သွားပြီပေါ့ကွာ"

"ကျွန်တော်တို့ မှားပါပြီ ဆရာရယ်"

ဒီမှာဂေါ်ပြားလေးလက်ရှိနေတဲ့အတွက် မင်းတို့ အပြင် အခြားနှစ်ယောက်လဲ ရှိသေးတယ်မဟုတ်လား။

"ဟုတ်ကဲ့ အခု သူတို့ မဖဲဝါကိုကြောက်ပြီး ထွက်ပြေးသွားတာပါ. သူတို့ရှိတဲ့နေရာကို ပြောပါ့မယ်"

"ဒီကောင်တွေ အလောင်းဖျောက်တဲ့ကိစ္စပျက်အောင် မဖဲဝါက လုပ်ပေးလိုက်တာပေါ့ကွာ"

ရဲတာစ်ယောက်၏ မှတ်ချက်ပေးစကားသံကို သူတို့ကြားလိုက်ရတော့သည်။



## မဖဲဝါနှင့် မိုးသည်းည လူကနှစ်ယောက်

လေးတန်းကျောင်းသားလေး မောင်အေးမြင့် သုံးနာရီခွဲကျော်သည်နှင့် အိမ်ပြန်ရောက်လာသည်။

"အမေ ဗိုက်ဆာတယ်။ ထမင်းကျက်ပြီလား"

"အေး ကျက်ပြီသား။ ဟင်းကတော့ ငါးခြောက်နဲ့ ခရမ်းချဉ်သီးချက်ပဲ"

"သား လွယ်အိတ်သိမ်းပြီး အဝတ်အစားလဲလိုက် အမေ ထမင်းခူးထားပေးမယ်"

မောင်အေးမြင့် ထမင်းစားနေစဉ် မိခင်ဖြစ်သူက

"သား ထမင်းစားပြီးရင် သားအဖေဆီ အမေလွှတ်မလို့။ သားအဖေ အအေးမိလို့ နှာစေးပြီး ဖျား[illegible] နေတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သားအဖေအတွက် ဝယ်ထားတဲ့ ဆေးနဲ့ စားစရာတွေ ပို့ပေးအုံး"

"အမေကလဲ လှူကြုံနဲ့ ပေးလိုက်ပါလား"

"အမေ တစ်ခနေ့လုံး လှူကြုံကြည့်နေတာ။ မတွေ့ဘူး။ သား ထမင်းစားပြီး သွားလိုက်ရင် အသွားအပြန် မမှောင်ခင် ပြန်ရောက်မှာပါ"

"ခါတိုင်းလဲ သား သွားနေကြပဲ။ သွားလိုက်ပါ မကြာပါဘူး"

"သားက သွားချင်ပါတယ်။ မိုးတွင်းရောက်စဆိုတော့ မိုးရွာရင် လျှပ်စီးလက် မိုးချိန်းတာ သားကြောက်တယ်"

"သားပြန်လာရင် သားအဖေကို လှည်းကြုံမှာပြီး တင်ပေးခိုင်းပေါ့"

မောင်အေးမြင့်လေးလည်း ဖခင်ရှိနေသော တဲသို့ ယခင်အခေါက်များက သွားခဲ့ရာ၊ အသွားလေးနာရီမှာသွားပြီး အိမ်သို့ငါးနာရီခွဲခန့် အမြဲမြန်ရောက်လေ့ရှိသည်။

ရွာအဝင်သချိုင်းရှိပေမယ့် လယ်ကွင်းမှ ပြန်လာ





ကြသည့် ရွာသားများမှာ ဤလမ်းမှသာ ပြန်လာကြသဖြင့်၊ ညနေငါးနာရီ ခြောက်နာရီအတွင်း လူသွားလူလာ မပြတ်ရှိနေတတ်သည်။

သို့ကြောင့် သချိုင်းဘေးလမ်းမှသာ ဖြတ်သွားဖြတ်လာ လုပ်နေကြပေမယ့် ကြောက်စရာဟု သဘောမထားတော့ပဲ အမှတ်တမဲ့ပင်ရှိခဲ့သည်။

ယခု မောင်အေးမြင့်လေး ထမင်းစားသောက်ပြီးတော့ လေးနာရီထိုးပြီးပြီ။

"ကဲ သား မမှောင်ခင် ပြန်ရောက်အောင် မြန်မြန်လေးသွားလိုက်"

"ရော့ ဒီအိတ်ထဲမှာ ငါးခြောက်နဲ့ ခရမ်းချဉ်သီးပဲပုတ်၊ နွားစေးချောင်းဆိုးပျောက်ဆေး"

မောင်အေးမြင့်လေးလည်း အမေမှာသည့် အတိုင်း ဖခင်ရှိရာ တဲသို့ လေးနာရီခွဲနှင့် အရောက်သွားခဲ့သည်။

တဲမှာ. . ဖခင်ဖြစ်သူမရှိသဖြင့် ဖခင်ပြန်ရောက်သည်အထိ စောင့်နေရာ ငါးနာရီခွဲ ကျော်မှသာ အဖေ တဲသို့ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်အေးမြင့်တဲမှ ပြန်တော့ ဖခင်ဖြစ်သူက လှည်းကြုံရသည်နှင့် အသေအချာမှာကာ ထည့်ပေးလိုက်သည်။

မောင်အေးမြင့်လိုက်ပါလာသော လှည်းကြုံက၊ ဦးမြစ်တဲစုကျော်သည်နှင့် လှည်းတံပိုးကျိုးသွားသဖြင့်. .

လှည်းကို ဦးမြစ်တဲစုမှာအပ်ပြီး နွားနှစ်ကောင်ကို သူ၏တဲသို့ ပြန်ဆွဲရန်ပြင်ဆင်ထားသည်။

ထိုလှည်းသမားက မောင်အေးမြင့်အား မင်း ဒီသစ်ပင်အောက်ကစောင့် လှည်းကြုံလာတာနဲ့ တားပြီးပြန်ပေါ့။ လှည်းမလာလဲ ရွာပြန်တဲ့ လူတစ်ယောက်ယောက် လာမှာပါ. .

"ဟုတ်ကဲ့ သားဒီကပဲ စောင့်နေပါ့မယ်"

သစ်ပင်အောက်မှာ တစ်ယောက်တည်းရပ်ကာ လူကြုံလှည်းကြုံစောင့်နေပေမယ့် အမှောင်ထုက ကြီးစိုးလာနေပြီ။

မည်သူတစ်ယောက်မှ ရောက်မလာပါ။ ကောင်းကင်မှ မိုးချိန်းသံကလည်း အသံစိပ်လာသည်။ လျှပ်စီးကလည်း တဝင်းဝင်း။





မကြာခင်မိုးရွာပေတော့သည်။ မောင်အေးမြင့်၊ အမှောင်ထဲ ကြောက်စိတ်ဝင်လာသည်။

တစ်ဖက်မှာကလည်း မိုးမမှန်သေးသဖြင့် ရေမရှိသော ရဲနွယ်ချောင်းရှိသည်။

တဖက်တွင် သချိုင်းဘေးက ဖြတ်ဝင်မည့်လှည်းလမ်း

ကိုင်းပင်ပေါက်လေးများက ဟိုတစ်ခု သည်တစ်ခု အစိမ်းသရဲကောင်တွေ ငုတ်တုတ်ထိုင်နေသည်ဟု ထင်လိုက်။

ကိုင်းပင်ပေါက်လေးများဟု မြင်လိုက် ကောင်လေး၏ စိတ်များ ကယောင်ခြောက်ချားဖြစ်လာသည်။

ပါးပြင်နှစ်ဘက်မှလည်း၊ မျက်ရည်များက လိမ့်လိမ့်စီးကျလာသည်။

"သားငိုနေလား။ ဒီမှာတစ်ယောက်တည်း ဘာဖြစ်လို့ရပ်နေတာလဲ"

"သား နေမကောင်းတဲ့ အဖေ့ကို ဆေးသွားပို့ပြီး တဲက ပြန်လာတာ ရွာထဲပြန်မလို့ လူကြုံမရှိလို့ ငိုနေတာ"

"အော် သားက ရွာပြန်မလို့ အဖေါ်စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ဟာကိုး"

"အဒေါ်လဲ ရွာပြန်မလို့ အတော်ပဲ အဒေါ်နဲ့ လိုက် ခဲ့မလား"

"ဟုတ်ကဲ့ သားကလည်းကြုံဖြစ်ဖြစ် လူကြုံဖြစ်ဖြစ် လာမလားစောင့်နေတာ"

"အခုလူကြုံရပြီပဲ. သွားကြရအောင်"

"ဟုတ်ကဲ့ ဒေါ်လေးက ရွာထဲ ဘယ်ကိုသွားမှာလဲ"

"ရွာသစ်ကြီးကိုသွားမှာ သားရဲ့"

"အဲဒါ. သားတို့နေတဲ့ရပ်ကွက်ပဲ"

"ဟုတ်တယ် သား နေတဲ့ အိမ်ကို အဒေါ်သိတယ် တစ်ခါတည်း အိမ်ဝအရောက်ပို့ပေးမယ်"

"ဟုတ်ကဲ့"

"သားအခု ကျောင်းနေလား ဘယ်နှစ်တန်းလဲ"

"သား လေးတန်းတက်နေပါပြီ"

"အင်း သားက မိဘကိုကူညီတာပဲ. သားကိုလဲ ကူညီတဲ့လူ ပေါ်လာတာပေါ့"

ဝုန်း. . . ဒုန်း. . . ဂျိန်း





မောင်အေးမြင်လည်း မိုးချိန်းသံကြောင့် အဖော်ပါသည့်၊ အမျိုးသမီးလက်အား လှမ်းဆွဲလိုက်သည်။

"သားက မိုးချိန်းတာ ကြောက်လို့လား"

"ဟုတ်ကဲ့ မိုးချိန်းတာ လျှပ်စီးလက်တာ သားသိပ်ကြောက်တာပဲ"

"မိုးကရွာတော့မှာပဲ ဒါပေမယ့် သားအိမ်ရောက်တဲ့ အထိ ရွာအုံးမှာမဟုတ်ပါဘူး မြန်မြန်လေးလျှောက်ဟုတ်လား"

"ဟုတ်ကဲ့ဒေါ်လေး"

မိုးရိပ်မိုးသားများကြောင့် လည်းကောင်း၊ ည ရှစ်နာရီခန့်ဖြစ်သည့် အတွက်ကြောင့် လည်းကောင်း လမ်းတစ်လျှောက် မှောင်မဲနေပါသည်။

လျှပ်စီးက ဆက်တိုက်လက်နေသဖြင့် လမ်းကို ခလုပ်မတိုက် မကျန့်ကြာပဲ သုသာန်ကျောင်းအနီးသို့ ရောက်ခဲ့သည်။

ကျောင်းလွန်သည်နှင့် ရွာထဲဝင်သည်။ ရွာထဲသို့ ရိုးလေးပိုင်းရပ်ကွက်က စဝင်သည်။

မကြာခင် ရွာသစ်ကြီးရပ်ကွက်သို့ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှေ့ကအိမ်က သားတို့အိမ်ပါပဲ"

"ဒေါ်လေးအိမ်ထဲဝင်ပါဦးလား"

"မဝင်တော့ပါဘူးသား မိုးကရွာတော့မယ် ဒေါ်လေး ရှေ့ကိုဆက်သွားရဦးမယ်"

"သားမေမေစိတ်ပူနေမယ် အသံပြုလိုက်"

"ဟုတ်ကဲ့ဒေါ်လေး"

မောင်အေးမြင့်လည်း ရပ်ကြည့်နေသော ခရီးဖော် အမျိုးသမီးအား ကျောခိုင်းကာ အိမ်ခြံထဲ ပြေးဝင်သွားသည်။

"အမေ အမေ. တံခါးဖွင့်ပါဦး သားပြန်ရောက်ပြီ"

"ဟင်. သား နောက်ကျလှချည်လား. . သားပြန်မလာတော့ဘူး။ သားအဖေနဲ့ ဒီညအိပ်ပြီး မနက်စောစောမှ ပြန်လာမယ်ထင်တာ"

"ဒါကြောင့် အမေအိပ်တော့မလို့ လုပ်နေတာ"

"သားရောက်သွားတော့ ဖေကြီးကမရှိဘူး၊ မိုးချုပ်ကာနီးမှ ပြန်လာတာ"





"သားကို ဒီအတိုင်းပြန်လွှတ်လိုက်တာလား"

"မဟုတ်ဘူး သားကို လှည်းကြုံနဲ့ ထည့်ပေးလိုက်တာ၊ လှည်းက ရွာမဝင်ခင်မှာပဲ လှည်းတံပိုးကြိုးသွားလို့ မလာဖြစ်တော့ပဲ နွားနှစ်ကောင်ကို သူ.တဲပြန်ဆွဲသွားတယ်"

"သားကို လူကြုံစောင့်ခိုင်းထားခဲ့တယ်"

"မှောင်လာတဲ့အထိ လူကြုံက မလာဘူး"

လူကြုံမရပဲ အခုသားတစ်ယောက်တည်း ပြန်လာတာလား။

"မဟုတ်ဘူး. . သား မိုးချုန်းလို့ ကြောက်ပြီး ငိုနေတဲ့အချိန်၊ အမေတို့အရွယ်လောက်ရှိတဲ့ အဒေါ်ကြီး တစ်ယောက် ရွာပြန်လာတာနဲ့"

"အဲဒီအဒေါ်ကြီးက ဒီရပ်ကွက်ကို ပြန်မှာဆိုပြီး သားကိုခေါ်ခဲ့တာ"

"သားအိမ်ထဲဝင်တဲ့အထိ အဲဒီအဒေါ်ကြီးက အိမ်ဝမှာရပ်ကြည့်နေတယ်"

"တော်ပါသေးရဲ့ သားလူကြုံရလို့ မရခဲ့ရင် သား ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားရပ်စောင့်နေတဲ့ တဲစုမှာ သားနဲ့အတန်းတူတဲ့ စိုးညွန့်တို့တဲရှိတယ်။ သူ့တဲသွားပြီး စိုးညွန့်အဖေကို အဖေ့တဲ့ကို ပြန်ပို့ခိုင်းမလို့ စိတ်ကူးထားတယ်"

"နောက်ကို. . လူကြုံမတွေ့ရင်၊ အမှောင်ခံမနေနဲ့ အဖေ့တဲမှာပဲ. . အိပ်ပြီးမှ ပြန်လာ၊ လူကြီးတွေစိတ်ပူအောင် အလုပ်နဲ့ ကြားလား သား"

"ဟုတ်ကဲ့ သားသိပါပြီ"

"ကဲ ကဲ ပုဆိုးတွေ ခြေထောက်တွေပေလာသေးလား"

"လှည်းလမ်းက ဖုံးတွေပော့ ပေလာတယ်"

"သွားခြေထောက်တွေ ရေသွားဆေးလိုက် ပြီးရင်အိပ်တော့"

မောင်အေးမြင့်ကား လိုက်ပို့ခဲ့သော အမျိုးသမီးလည်း နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့သည်။

မိုးက တဖွဲဖွဲ ရွာလာသည်။

ထိုအချိန် လမ်းပေါ်မှာ အမူးသမားနှစ်ယောက်က စကားဖောင်ဖောင် အော်ဟစ်ပြောဆိုလာကြနေသည်။





မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော အမျိုးသမီးကို တွေ့သွားသည့်အတွက်. .

"ဟေ့ မိန်းကလေးရပ်စမ်း"

အမူးသမား၏ အမိန့်ဆန်သော အသံကြောင့် အမျိုးသမီးလည်း ခြေလှမ်းတုန့်ကာ ရပ်လိုက်သည်။

"မင်းကဒီချိန် တစ်ယောက်တည်း ဘယ်ကပြန်လာတာလဲ"

"ဘယ်ကပြန်လာပြန်လာ ရှင်တို့ကိစ္စမဟုတ်ဘူး"

"ဟာ ဒီအချိန် မိန်းကလေးတစ်ယောက်တည်း သွားလို့လာလို့ မသင့်ဘူး။ ငါတို့ လိုက်ပို့ပေးမယ်"

"မလိုပါဘူး။ ဒီလမ်းနဲ့ ဒီရွာ မသွားရဲစရာ ဘာမှ မရှိပါဘူး"

"မင်းလေသံက အမာစားပါလား"

"ငါတို့လည်း မင်းသွားမယ့်ဘက်ကိုသွားမှာ လမ်းသင့်တယ် ဟုတ်တယ်မဟုတ်လား ကျော်စိုး"

"ဟုတ်ပါ့. . ဟုတ်ပါ့"

"လမ်းမသင့်လည်း မိန်းကလေးတစ်ယောက်ထဲ ငါတော့ မလွှတ်ရက်ပါဘူးကွာ လိုက်ပို့မှကို ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အော်လိုက်ရမလား"

"ဟား. . ဟား. . ဟား. . ဒီလောက်မိုးနဲ့လေ ကြားမှာ ဘယ်သူမှ မင်းအော်သံကြားလဲ အပြင်ထွက်မှာ မဟုတ်ဘူး"

"မင်းက မိုးရွာမယ်မှန်း သိရဲ့သားနဲ့ ဆောင်းစရာ ထီးတစ်လက်တောင် မပါဘူး"

"အမှန်တွက်ဆရရင် မင်းယောကျ်ားနဲ့ စကားများ ရန်ဖြစ်ပြီး၊ ထွက်လာတာမဟုတ်လား"

"ကျွန်မဘာဖြစ်ဖြစ် ရှင်တို့အပူမပါဘူး ရှင်တို့သွားမယ့်လမ်း ရှင်တို့သွားကြပါ"

ထိုအချိန် မိုးက ဝေါကနဲ့ရွာချလိုက်သည်

ဝုန်း. . . ဒိုင်း. . . ဂျိန်း

လျှပ်စီးကလက် မိုးကချိန်း ခပ်ဝေးဝေးတစ်နေရာမှာ မိုးကြိုးတစ်ချက် ပစ်သွားသည်။

"အမယ်လေး မိုးကြိုးသံကြီးက ကြောက်စရာ"

"မင်းအခုလို မိုးထဲလေထဲ တစ်ယောက်ထဲ လျှောက်သွားနေတာ မကြည့်ရက်ပါဘူး"

"ငါတို့က ရိုးလေးပိုင်းရပ်ကွက်ကိုကျော်ပြီး ကိုး





နဝင်းရပ်ကွက်ကို သွားမှာ"

"မင်းကကော ဘယ်ကိုသွားမှာလဲ"

"သချိုင်းကိုသွားမှာ"

"ဟာ ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေ၊ မပြောကောင်း၊ မဆိုကောင်း၊ ဒီအချိန်မှာ. . အဲဒီလိုမပြောရဘူး"

"တကယ်ပြောတာ သချိုင်း လမ်းကနေပြီး သာသနာပြုရပ်ကွက်ထဲဝင်မှာ"

"ငါတို့က. . ကိုးနဝင်းမှာနေတယ်. မင်းသွားမယ့် သာသနာပြုရပ်ကွက်နဲ့ဘေးချင်းကပ်ရက်ပဲ ငါတို့လိုက်ပို့မှာပေါ့"

ရှင်တို့နဲ့ အတူမသွားချင်လို့ အဲဒီလမ်းကသွားမှာ'

"မင်း အဲဒီလမ်းကသွားရင်. . သရဲခြောက်မှာ မကြောက်ဘူးလား"

"အမြဲ သွားနေကျပဲ. . ဘာမှကြောက်စရာမရှိဘူး"

"ကဲပါကွာ မိန်းကလေးတစ်ယောက်လုံးက သတ္တိရှိရှိ သွားရဲတယ်ဆိုမှတော့. . ငါတို့လဲ သူနဲ့အတူလိုက်ပြီး၊ သာသနာပြုရပ်ကွက်ကပဲ လှည့်ဝင်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မင်းဘယ်သွားသွား မင်းနဲ့မခွဲမခွာ အတူလိုက်မယ်"

"ဝေး. . ဟုတ်ပဲ့. . ဟုတ်ပဲ့"

"ရှင်တို့ ပါးစပ်ပိတ်ထား"

"ပျော်လို့ပါကွာ မိန်းကလေးတစ်ယောက်ထဲကို အခုလို ကူညီပြီး ပို့ပေးရတာ ပျော်လို့ပါကွာ"

သောက်ထားသည့် အရက်အချိန်ဖြင့် သွေးဆူတာ ဆိုးဝါးလှသည့် အပြုအမူများကြောင့် နှမချင်း စာနာမည့်လူများ မဟုတ်ဟု အမျိုးသမီးစိတ်က မှတ်ယူလိုက်သည်။

မကြာခင် သုသာန်ကျောင်းသို့ ရောက်လာသည်

ထိုကျောင်းရှေ့မှ လမ်းအတိုင်း ရွာထဲသို့ မဝင်ပဲ သုသာန်လမ်းဘက်သို့ ရှေ့ရှုလျှောက်ခဲ့သည်။

"မင်းက တကယ်ပဲ ဒီလမ်းကသွားမလို့လား"

"ဘာလဲ ရှင်တို့ကြောက်သွားပြီလား"

"ဟား. . . ဟား. . . ဟား. . . ငါတို့က ယောကျ်ားရင့်မာကြီးတွေ မင်းလိုမိန်းမတစ်ယောက်ကတောင် ဒီလမ်းကို သွားရဲတယ်ဆိုမှတော့. . ငါတို့က ဘာကို





ကြောက်ပြီး မသွားရဲရမှာလဲ"

"အတော်ပဲ. . အခုလို လူခြေတိတ်. . မိုးကသည်း မိန်းမလှလေးတစ်ယောက်နဲ့ လူဆိုးကနှစ်ယောက် "

"ချစ်နှမလေး. . စိတ်ကူးမလွဲနဲ့"

ရှင်တို့ခွေးကျင့်ခွေးကြံ. . ခွေးစကားမပြောနဲ့"

"မိန်းကလေးတစ်ယောက်ထဲဆိုတော့. . ရတဲ့ အခွင့်ရေးကို အလွတ်ခံလိုက်ရင်. .

"ရှင်တို့ မကောင်းကြံဘို့ မစဉ်းစားနဲ့ ကျုပ်ကို ဘာမှတ်သလဲ"

"ချစ်စရာလေးလို့ မှတ်တာပေါ့ လာစမ်းပါကွာ အိုက်တင်ခံမနေနဲ့. . ဒီလိုညကြီး လျှောက်သွားနေတဲ့ မိန်းကလေးဟာ. . ဘယ်လိုမိန်းမစားလဲဆိုတာ ယောကျ်ားတိုင်းသိပါတယ်"

"ရှင်တို့ထင်တဲ့အစားထဲ ကျုပ်မပါဘူး၊ ရှင့်တို့ ကျုပ်အသားကိုထိရဲထိကြည့်"

အမူးသမားတစ်ယောက်က အမျိုးသမီးအား နောက်မှသိုင်းဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဘာလုပ်တာလဲ"

ချစ်လို့ပါကွာ. .

လွှတ်. . . လွှတ်. . . လွှတ်စမ်း

ချစ်လို့ပါကွာ

ဝုန်း. . . ဒိုင်း. . . ဝေါ

မိုးက အားကောင်းစွာ သည်းသည်းမည်းမည်း ရွာလာသည်။

အမူးသမားနှစ်ယောက်က မိုးသည်းသည်းမှာ သွေးသားဆန္ဒအတွက် အတင်းအကြပ် ပြုရန်သာ စိတ်စောနေကြသည်။

သို့ကြောင့် မိန်းကလေးကို သူတို့နှစ်ယောက် အလွှတ်မပေးတော့ရန် ဆုံးဖြတ်လိုက်ပုံရသည်။

သို့ကြောင့် မိန်းမပျိုအား နောက်မှ သိုင်းဖက်လိုက်ပြီး နောက်သို့ ဆွဲလှဲလိုက်တော့သည်။

"ရှင်တို့ မယုတ်မာနဲ့နော်"

"ဟား. . . ဟား. . . ဟား. . . အော်ချင်သလောက်သာအော်လိုက်စမ်း ဘယ်သူမှ ရောက်လာမှာ မဟုတ်ဘူး"





အမျိုးသမီးက မြေပြင်ပေါ် ပက်လက်အနေအထား လဲကျသွားသည်။

ဘီလူး သဘာက်စိတ်ဝင်နေပြီ ရာဂစိတ် သောင်းကျန်နေသူ အမူးသမားက အမျိုးသမီးအပေါ် မှ ခွထိုင်လိုက်သည်။

ပက်လက်လဲနေသော အမျိုးသမီးက အမူးသမား၏ လည်ပင်းကို ဆွဲဖက်လိုက်သည်။

ထိုအခါ အမူးသမားက သူ့ဆန္ဒကို မငြင်းတော့ဟု ထင်ကာ အားတက်သွားသည်။

ဝုန်း. . ဒိုင်း. . . ဒိန်း

မိုးက သည်းကြီးမည်းကြီးရွာနေရာမှ နောက် တချက် မိုးကြိုးပစ် လျှပ်စီးလက်လိုက်ရာ ပတ်ဝန်းကျင် တစ်ခုလုံး နေ့ခင်းတမျှ လင်းထိန်သွားသည်။

ထိုအခါ အမျိုးသမီး၏ မျက်နှာအပေါ် မှ စီးမိုးထားသော အမူးသမား၏ မျက်လုံးနှစ်ဖက်က တစ်မုံ တစ်ခုကို မြင်လိုက်သည်။

"အမယ်လေး ဗျ"

"ဟော့ ကောင် ဘာလို့အော်တာလဲ. မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုက်လိုက်လို့လား"

"မဟုတ်ဘူးကွ. . သ. . သရဲမကြီး"

"ဟာ ဟော့ကောင် မဟုတ်က ဟုတ်ကတွေ"

"ဟုတ်တယ်. သရဲမကြီး. . မျက်နှာကြီးက ကြောက်စရာကြီး"

ပြောရင်း အော်ရင်း အမျိုးသမီးအပေါ်မှ. . တစ်ဖက်သို့ လှည့်ဆင်းရန် ကြိုးစားလိုက်သည်။

သို့သော် အမျိုးသမီး တဖြစ်လဲ. . သရဲမကြီး လက်တစ်ဖက်က သူ့လည်ပင်းအား သိုင်းဖက်ထားသလို. .

ကျန်လက်တစ်ဖက်က သူ့ခါးကိုတင်းတင်းဖက်ထားသည်။

သူ ရုန်းထွက်၍မရ

"ဟော့ကောင်. . ငါ့ကိုကူပါအုံး"

မင်းစွတ်မအော်နေနဲ့. . မင်းက. . ငါ့အတွက် ခွဲတမ်းမပေးချင်လို့. . သရဲမလို့ ပြောတာပေါ့ ဟုတ်လား"

"မရဘူးဟော့ကောင် ဒီလောက်တော့ စောဖေတို့က နောကျေနေပြီ"





ထိုစဉ် လျှပ်စီးတစ်ချက်. . အချိန်ကြာကြာလက်သွားသည်။

ဘေးမှာရပ်နေသော အမူးသမားလည်း ထိုအခါမှပင် လျှပ်စီးအလင်းရောင်ဖြင့် အမျိုးသမီး၏ မျက်နှာကို မြင်လိုက်ရသည်။

"အမယ်လေး. . သရဲမကြီး"

"ဟား. . . ဟား. . . ဟား. . . အခုမှကြောက်နေကြပြီမဟုတ်လား"

"ငါက. . မသွားရဲတဲ့ ကလေးလေးကို စိတ်ကောင်း စေတနာကောင်းပြီး သူ့အိမ်လိုက်ပို့ခဲ့တယ်"

"ငါ့ကျတော့ စိတ်ယုတ်မာတဲ့ နင်တို့လို မုဒိန်းကောင် နှစ်ကောင်နဲ့ တွေ့ရတယ်"

"နင်တို့ကို. . ငါ ခွင့်မလွှတ်ဘူး ငါ့နာမည်မှတ်ထား ဒီသင်္ချိုင်းထဲမှာနေတဲ့ မဖဲဝါဆိုတာ ငါပဲ"

ဟား. . . ဟာ. . . ဟာ. . .

မိုးချိန်းသံကြားမှ. . ခြောက်ချားဘွယ် ရယ်သံကြီးက ဟိန်းထွက်သွားသည်။

မဖဲဝါ၏ သန်မာစွာ ဖက်တွယ်ထားခြင်းခံရသော



www.burmeseclassic.com

www.burmeseclassic.com



အမူးသမားလည်း ဘယ်လိုမှ ရုန်းထွက်၍ မရတော့ပဲ။

အကြောက်လွန်ကာ နှလုံးသွေးပျက်ပြီး နေရာမှာပင် အသက်ပျောက်သွားတော့သည်။

ကျန်အမူးသမားလည်း ထိုနေရာမှ ပြေးထွက်ခဲ့ရာ ရွာသို့သွားရာလမ်းမဟုတ်ပဲ သချိုင်းအတွင်းဘက်သို့ ပြေးလွှားသွားနေမိသည်။

မြေပုံ မို့မို့များ၊ ကိုင်းပင်စုစုများက သရဲကြီးတွေ ထိုင်နေသလိုလို အသေကောင်တွေလဲနေသလိုလို. .

နေရာတိုင်း နေရာတိုင်း. . တစ္ဆေသရဲကောင်များက သူ့ကို ခြောက်လှန့်နေသကဲ့သို့ ထင်ပြီး. . အားကုန် လျှောက်ပြေးနေရသည်။

ထိုစဉ် သူ့ရှေ့မှာ ရပ်နေသော ဆံပင်ဖားလျားနှင့် အမျိုးသမီးတစ်ယောက်ကို တွေ့သဖြင့် ခြေလှမ်း တုန့်ကာ ရပ်လိုက်စဉ်. .

"မဖဲဝါဆိုတာနဲ့. . သေလုမြောပါး ပြေးတော့တာပဲ. . ဒါပေမယ့် ဘယ်လောက်ပြေးပြေး ငါ့လက်ကနင် မလွတ်ပါဘူး"

"ကြောက် ကြောက်ပါပြီ"





နင်နဲ့အဖော်ကတော့ သေသွားပြီ. . နင်သေဖို့ပဲ ကျန်တော့တယ်. နင်တို့ ငါ့ကိုမှ ပမာမခန့် ပြုဝန့်တယ်. .

"နောက်ကို ဘယ်တော့မှ"

ဟီး. . ဟီး. . . ဟီး. . . နင်မသေချင်သေးရင် အခု ပြေး ငါ့ရှေ့က အခုပြေး. . အမူးသမားလည်း မဖဲဝါဆိုသော သရဲမကြီးက. . ပြေးခိုင်းသဖြင့် ဘာမှစဉ်းစားမနေတော့ပဲ နောက်ကြောင်းပြန်လှည့်ကာ ထွက်ပြေးလေတော့သည်။

ဟား. . ဟား. . ဟား. . ပြေး ပြေး ငါ့ပိုင်နက်ကလွတ်အောင်ပြေး။

ရယ်မောသံကြီးက ခြောက်ချားဘွယ် ပြေးနေသော အမူးသမားနောက်မှ ကပ်ပါလာသည်။

ထို့နောက် သူ့အဖော် လဲနေသော နေရာသို့ ပြန်ရောက်စဉ် သူ၏ခြေထောက်အား မြွေဟောက်ကြီးတစ်ကောင် လှမ်းပေါက်လိုက်သည်ကို. . သိလိုက်ပြီးနောက် ဒူးညွှတ်ခွေကျသွားလေတော့သည်။

နောက်နေ့မိုးလင်းတော့. . ရွာမှ လယ်ကွင်းသို့ ထွက်လာကြသော၊ ရွာသားများလည်း. . လဲနေသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ငုတ်ကြီးပေါ် မှောက်လျက်နှင့် သေနေသော လူတစ်ယောက်နှင့်

သူ့အနီးမှာ. . မြွေကိုက်ဒဏ်ရာနှင့် သေနေသော လူတစ်ယောက်ကို တွေ့လိုက်ကြသည်။

မိုးသည်းသော ညတစ်ညမှာ သချိုင်းအတွင်း လူနှစ်ယောက်သေနေခြင်းကို. . အထူးအဆန်းသဖွယ် ရွာသားတို့ပြောဆိုနေကြတော့သည်။

သူတို့၏ မိုက်ပြစ်များကြောင့် မသေသင့်ပဲ သေရကြောင်းကိုတော့၊ ကာယကံရှင်များသာ အသိဆုံးဖြစ်ပေတော့သည်။



## ဥစ္စာမရ တရားရ

အချိန်က ည ၆ နာရီခန့်ရှိပြီ၊ မြို့လယ်ဖြစ်သဖြင့် ယောကျ်ား မိန်းမ လူကြီး လူငယ်တို့ ပျား ပန်းခတ်မျှ သွားလာလျက်ရှိကြသည်။

ထိုအချိန် လူနှစ်ယောက်တို့သည် မြို့လယ်ရှိ အိမ်ကြီးတစ်အိမ်ပေါ် သို့ တက်လာပြီးလျှင်။

"ဆရာ ဦးမြတ်အောင် တစ်ယောက် မရှိဘူးလား ခင်ဗျာ"

"ဆရာရှိတယ် ဟိုမှာ ရေနွေးကြမ်းသောက်နေတယ်"

အိမ်ပေါ်မှ လူတစ်ယောက်က ပြလိုက်သဖြင့် အိမ်ပေါ် တက်လာသူ နှစ်ယောက်ထဲမှ တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမြတ်အောင်ရှိရာသို့ သွားပြီ။

"ဆရာခင်ဗျာ. . ဆရာနဲ့ စကားအနည်းငယ် ပြောလိုပါသည်"

"ပြောပါ ပြောပါ. ဒါနဲ့နောင်ကြီးက. ဘယ်က လာခဲ့တာလဲ"

"ယင်းမာပင်ကပါ ဆရာ"

"အခုပါလာသူက. ဆရာရှိရာကို လမ်းညွှန်ပြီး လိုက်ပြတာပါ"

"အကြောင်းကိစ္စရှိတယ်ထင်တယ်. . ပွင့်ပွင့် လင်းလင်းပြောပြပါလား"

"ဒီလိုပါ ဆရာက ဥစ္စာသိုက်တွေ. ပေါ်ထုတ်တဲ့ ကိစ္စမှာ ဆရာတစ်ဆူလို့ သိရပါတယ်"

"ကျွန်တော်တို့ရွာမှာ ဆရာအတွက် သိုက်တစ် ခုကို တွေ့ရှိထားလို့. အကြောင်းများထူးနိုင်လား ဆိုပြီး လာခဲ့တာပါ"

"ဘယ်လိုသိုက်မျိုးလဲ ဘယ်လိုသိတာလဲ ပြော ပြပါလား"

"ဟုတ်ကဲ့ ပြောပြပါ့မယ်"





ယင်းမာရွာအတွင်းနေထိုင်လျက်ရှိသော အ သက်နှစ်ဆယ်ကျော်ခန့်ရှိ အသားဖြူဖြူ အဆင်းလှလှ မပန်းလှဆိုသော အမျိုးသမီးတစ်ယောက်ခြံရှေ့တွင်စိုက် ထားသော ပဲပုဇွန်၊ ပဲတောင့်ရှေအသီးများကို မနက်ရွာ ထဲမှာ ရောင်းရန် ခူးဆွတ်နေသည်။

ထိုအချိန် အသက် သုံးဆယ်နီးပါးရှိ ယောကျ်ား တစ်ယောက်သည် လွန်းရာကျော်ပုဆိုးကို ဝတ်ပြီး ထို မိန်းမပျိုအနီးသို့ ကပ်လာသည်။

မပန်းလှလည်း မိမိအနီးသို့ ယောကျ်ားသားတစ် ယောက် ကပ်လာသဖြင့် ပဲသီးများကို မခူးတော့ပဲ. . ကြောက်ကြောက်နှင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

ထိုလူသည် အိမ်အတွင်းထိ လိုက်လာပြီး အိမ် ရှေ့ကပြင်တွင် တင်ပလ္လင်ထိုင်ကာ။

"ရေတစ်ခွက်လောက် သောက်ပါရစေ"

မိန်းမပျိုလည်း အိမ်အတွင်းမှာဖြစ်သဖြင့် စိတ် အနည်းငယ် သက်သာသွားပြီး ရေခွက်ဖြင့် ရေခပ် ကာပေးလိုက်သည်။

ထို့နောက် ရေခွက်ကို ပြန်၍ပေးသဖြင့် မပန်းလှ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရေခွက်ကို လှမ်းယူလိုက်သည်။

ခေါင်းတွင်ပေါင်းထားသော သဘက်ကို ဖြင်ပတ်နေစဉ်. ထိုလူမှာ ဆံပင်နောက်တွဲ တစ်ပတ်လျှိုထုံးထားသည်ကို တွေ့လိုက်ရသည်။

ထိုလူက မပန်းလှအား "ကျေးဇူးကြီးလှပါတယ် ဒီနှမကို မောင်ကြီး စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောလိုပါသည်"

"ဟင်းရွက်ခူးနေစဉ်က ပြောပြဖို့ပြင်ပေမယ့် အိမ်ထဲဝင်လာလို့ သည်ထိလိုက်ရခြင်းဖြစ်ပါသည်"

"ပြောစရာရှိရင်လဲ ပြေပါရှင်"

"အခြားစကားတော့ ပြောဖို့မရှိပါ နှမနှင့် မောင်ကြီးတို့ဟာ. . နောက်ဘဝက မောင်နှမတော်ခဲ့ပါသည်"

"အခု နှမ. . ဆင်းရဲနေသည်ကို. . မောင်ကြီးသိပြီး စိတ်မချမ်းသာပါ. . ဒါကြောင့် မ စ ရန် လာခဲ့ခြင်းဖြစ်ပါသည်"

ဟုပြောလျှင် မပန်းလှက "ဟုတ်ကဲ့. . ရှင်ပြောလို့သာသိရပါသည်။ ကျွန်မသည်အကြောင်းကို မသိပါ ရှင်ကကြည့်ရှုဆောင်မ မ စမည်ဆိုသဖြင့် ကျွန်မဝမ်း





သာလှပါသည်"

ထိုကဲ့သို့ မပန်းလှပြောလေလျှင်. . ထိုလူရွယ်လည်း၊ ငွေခွက်တစ်ခွက်ကို ထုတ်၍ပေးလေသည်။

"သည်ငွေခွက်ကို မြို့က ဈေးတန်းထဲမှာ ငွေလဲသော အတီးဆိုသူရှိသည်။ သူ့ထံမှာသွားပြီးလဲပါ ငွေဒင်္ဂါး ၂၅ ကျပ် ရပါလိမ့်မယ်"

အသေအချာပြောဆိုပြီးသည်နှင့်

"ကဲ နှမ. . မောင်ကြီးပြန်တော့မယ်. . မကြာမကြာ လာခဲ့မယ်"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

မပန်းလှလည်း ဝမ်းသာအားရနှင့် နံနက်ရောက်သောအခါ၊ မှာထားသည့်အတိုင်း ဈေးတွင် ငွေခွက်ကို သွားရောက်ပြီး ငွေသားနှင့်လဲနှယ်ရာ ပြောသည့်အတိုင်း ငွေ ၂၅ကျပ် ပင်ရလေသည်။

မပန်းလှလည်း ထို ၂၅ကျပ်မှ ပေးစရာအကြွေးကိုလည်းပေး အဝတ်အစားလည်း အနည်းငယ်ဝယ်လေသည်။

နောက်တစ်ရက်ခြား ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ လူရွှယ်ရောက်လာပြန်သည်။

စကားခဏမျှပြောဆိုပြီး အပြန်တွင် ငွေခွက်တစ်ခွက်ကို ပေးခဲ့ပြန်သည်။

တကိုယအခေါက်ရောက်လာပြန်တော့လည်း ငွေခွက်ကိုပေးပြန်သည်။

တပါယအကြိမ်ပေးသော ငွေခွက်ကို ငွေအသုံးမလိုသေး၍ မရောင်းသေးပဲ အိမ်မှာသိမ်းထားလေသည်။

ထိုအချိန် အမျိုးသမီး၏ ခင်ပွန်းလင်ယောကျ်ားလည်း တရပ်တကျေးမှာ သွားပြီး အလုပ်လုပ်ရာမှ အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ခါတိုင်းကဲ့သို့ပင် အိမ်ရောက်သည်နှင့်. . .

"မပန်းလှရော. . ဒို့မသွားခင်. . ယူသွားတာရော. . ငါမရှိတဲ့အချိန် မင်းယူစားထားတာရော. . အကြွေးဘယ်လောက်ရှိလဲ"

ဟု. . ဇနီးဖြစ်သူ မပန်းလှအား မေးလေသည်။

"ဘယ်သူ့ကြွေးမှ မရှိပါဘူး ကိုထူးသာ"

"ဘယ်သူ့ကြွေးမှလဲ. . ပေးစရာမရှိပါဘူး"





ထိုသို့ ဇနီးဖြစ်သူက ပြောသောအခါ ကိုထူးသာလည်း၊ အံ့ဩသွားပြီး စိတ်ထဲက. .

ဘယ်နှယ်လဲ. . ငါအလုပ်သွားစဉ်ကာလက ပိုက်ဆံဟူ၍ တစ်ပြားတစ်ချပ်မှ မပေးနိုင်။ ခါတိုင်း ငါခရီးထွက်ပြီ ဆိုမှဖြင့် ကျွန်မလင်ပြန်လာ မှပေးမယ်ဆိုပြီး။

အကြွေးယူစား စားသောက်ထားကာ ခါတိုင်းငါပြန်လာမှ ဘယ်သူ့ဆီက ဘယ်လောက်ယူထားသည်၊ ဘယ်သူ့ဆီမှာ ဘယ်လောက်အကြွေးတင်ထားသည်၊ အားလုံးဘယ်လောက်ပေးရမယ် အစရှိသဖြင့် ငါ့ကိုပြောပြ၍ ငါ့မှာပါလာသော ငွေများနှင့် ပေးဆပ်ရသည်။

ထပ်မံ ကြွေးသစ်ယူကာ စားသောက်ရသည်၊ ဘယ်အခါမှ အပိုဟူ၍ မရှိခဲ့. .

အလွန်ဆင်းရဲနေပါလျှက် ယခုငါအလုပ်သွားလုပ်နေသည်မှာလဲ ခါတိုင်းထက် ရက်အနည်းငယ်ပိုကြာခဲ့သည်။

ယခုမူ ကြွေးမြီးလဲမတင် စားသောက်နေနိုင်သည့်အပြင် အဝတ်အစားအသစ်လေးများပင် ဝတ်လျက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုလို အဝတ်အစားအသစ်များကို ဝတ်စားနေနိုင်ခြင်းမှာ ဘယ်လိုမှ သန့်သန့်ရှင်းရှင်း မရနိုင်။

ထိုကဲ့သို့ အတွေးဝင်ပြီး မိန်းမအပေါ်တွင် သက်ာမကင်းရှိခဲ့သည်။

မိန်းမဖြစ်သူအား ထိုကဲ့သို့ အဆင်ပြေနေခြင်းကို မေးရာ၊ ဇနီးဖြစ်သူကလည်း အဆင်ပြေအောင် ကြည့်ရှုပြောဆိုလေသည်။

ထိုကဲ့သို့ သက်ာမကင်းဖြစ်နေသည့်ရက်မှာပင်၊ ဇနီးဖြစ်သူက ခေါင်းဖြီး ပန်းပန်ကာ အဝတ်အသစ်နှင့် ကြွကြွရွရွလေးနေသောအခါ ပို၍ပင်၊ သက်ာမကင်းဖြစ်ကာ ကြိတ်၍မနေနိုင် ဖြစ်လာသည့်အတွက်။

"နှင့်ကို ဘယ်လင်ငယ်က ထောက်ပန့်ပေးနေလို့ အခုလို အဆင်ပြေနေရတာလဲ။ နင် အခုလိုနေနိုင်အောင် မကောင်းကြံနေတာ၊ ငါသိတယ်"

ကိုထူးသာတစ်ယောက် မခံမရပ်နိုင်ဖြစ်ပြီး ဆူညံပူညံ လုပ်တော့မှ မပန်းလှလည်း။

"ရှင် မထင်မလွဲပါနဲ့ နားထောင် ကျွန်မပြောပြမယ်"





"ဟိုဘဝက၊ မောင်နှမတော်ခဲ့ဘူးတဲ့၊ ဘဝခြားနေတဲ့ မောင်ကြီးက လာပြီးပေးကမ်း မ စ လို့ အခုလိုသုံးစွဲနေရတာပါ"

ပဲသီးများဆူးနေစဉ် ရောက်လာပြီး ငွေခွက်ကို ပေးသွားပါတယ်။ နောက်ထပ်နှစ်ခေါက်လာပြီး လာတိုင်း ငွေ ခွက်တစ်ခွက်စီ ပေးသွားပါတယ်။

အဲဒီငွေခွက်ကို ရောင်းတာ ၂၅ကျပ်ရပါတယ်။ နှစ်ကြိမ်ရောင်းရငွေနဲ့ အကြွေးဆပ်ပြီး အဝတ်အစား ဝယ်တာပါ။

"အခုငွေအသုံးမလိုသေးလို့ မရောင်းရသေးတဲ့ ငွေခွက်တစ်ခွက်ရှိပါသေးတယ်"

မပန်းလှလည်း၊ စုံစေ့အောင် လင်ဖြစ်သူ ကိုထူးသာအား ရှင်းပြလိုက်ပြီး သိမ်းထားသော ငွေခွက်ကို ယူ၍ ပြလိုက်သည်။

"ကောင်းပြီး. . မင်းရဲ့မောင်ကြီးဆိုသူကို ငါတွေ့ချင်တယ်၊ ငါရှိတဲ့အခါ လာပြီး စကားပြောပါစေ"

ထိုသို့ပြောဆိုတိုင်ပင်ထားပြီး နောက်ရက်၊ လွှ ရွယ်ရောက်အလာတွင်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးကို ကျွန်မခင်ပွန်းဖြစ်သူက တွေ့လို ပါသည်၊ အတွေ့ခံပါ"

ဟု ပြောသောအခါ လူရွယ်ကလည်း -

"မောင်ကြီးလာခဲ့ပါ့မယ် သို့ပေမယ့် နှမယောက်ျားက မောင်ကြီးကိုမြင်ရမယ်မဟုတ်။ စကားပြောသံကိုသာ ကြားနိုင်လိမ့်မယ်. . မနက်ဖြန်နေ့ခင်းအချိန် မောင်ကြီးလာခဲ့မယ်"

ထိုကဲ့သို့ ပြောဆိုကာပြန်သွားတော့သည်။ မပန်းလှလည်း ကိုထူးသာအား မနက်ဖြန်နေ့ခင်းလာမည် ဟု ပြောသွားကြောင်း ပြန်ပြောပြလေသည်။

သို့ဖြင့် ကိုထူးသာလည်း အပြင်မသွားပဲ လူစိမ်းဧည့်သည်အလာကို စောင့်နေလေသည်။

နေ့ခင်းရောက်သည်နှင့် မပန်းလှက. .

"ဟော မောင်ကြီးလာပါပြီရှင် မီးဖိုခန်းထဲက နေပြီး နားထောင်ပေါ့။ ကျွန်မတို့က အိမ်ရှေ့ခန်းမှာ စကားထိုင် ပြောမယ်"

ကိုထူးသာလည်း မပန်းလှမှာသည့် အတိုင်းမီးဖိုခန်းအတွင်းမှ နေ၍ အိမ်ရှေ့ခန်းမှာထိုင်၍ ပြောနေကြ





သော စကားသံများကို နားစွင့်နေလေသည်။

အတွင်းမှ ချောင်းကြည့်ရာ မိမိဇနီးဖြစ်သူ မပန်းလှကိုသာမြင်ရပြီး ဧည့်သည်လူစိမ်းဖြစ်သူကိုမမြင်ရ။

နှစ်ယောက်သား စကားပြောနေသံကို ကြားနေရသည်။ သဲသဲကွဲကွဲတော့ မကြားရ။ မကြာခင် ဧည့်သည် ယောက်ျားပြန်သွားသဖြင့် ကိုထူးသာက ဇနီးဖြစ်သူ မပန်းလှအား "မင်းတယ်ညံ့တာပဲ မောင်ကြီးဘယ်မှာနေလဲ နှမလိုက်ကြည့်ချင်တယ်၊ ခေါ်လို့ရရင်၊ ခေါ်ပါလား လို့ ပြောလိုက်ပါလား"

"ရှင်က ပြန်သွားမှပြောတယ် စောစောကသာ သင်ပေးထားရင် ကျွန်မပြောလိုက်မှာပေါ့"

"အေး နောက်တစ်ခါလာရင် ငါမှာတဲ့ အတိုင်း ပြော ဟုတ်လား"

သို့ဖြင့် နောက်နှစ်ရက်ခန့်ကြာတော့ တိုဧည့်သည်လည်း ရောက်လာပြန်သည်။

မပန်းလှလည်း ယောက်ျားမှာသည့်အတိုင်း ပြောပြရာ။

"မောင်ကြီး နှမကိုခေါ်သွားပြီး ပြပါ့မယ် မန္တ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတော့ လိုက်လို့ရမှာ မဟုတ်ဘူး”

“နှမ ဘယ်ကိုလာရမှာလဲ၊ မောင်ကြီးကို ဘယ်လိုတွေ့နိုင်မှာလဲ”

ထိုလူရွှယ်က မပန်းလှအား. .

“ရွာရဲ့အရှေ့ဘက် ယင်းတိုက်ပင်ကြီးရှိတဲ့နေရာကိုလာခဲ့ပါ. . အပင်ကြီးအောက်ကိုရောက်ရင် နှမခေါ်လိုက်တာနဲ့ မောင်ကြီးရောက်လာခဲ့ပါ့မယ်”

ထိုအကြောင်းကို ယောကျ်ားဖြစ်သူ ကိုထူးသာအား ပြန်ပြောပြလေလျှင်“ကောင်းပြီ. . မနက်ဖြန် ငါပါလိုက်ခဲ့မယ်”နောက်နေ့ရောက်သောအခါ မပန်းလှနှင့် ကိုထူးသာတို့လည်း ရွာအရှေ့ပိုင်းတွင် ပေါက်နေသော ယင်းတိုက်ပင်ကြီးအောက်သို့ ရောက်သောအခါ ။

“မောင်ကြီးရေ. . မောင်ကြီးရေ. .”

ဟုခေါ်လိုက်လေလျှင် ချက်ချင်းပင်

ဟော မောင်ကြီးလာပြီ

“နှမရဲ့ယောကျ်ားလိုက်လို့မဖြစ်ဘူး သူ့ကို ဒီသစ်ပင်အောက်မှာပဲ နေခဲ့ခိုင်းလိုက်”

“ကိုထူးသာ ရှင် သည်သစ်ပင်အောက်က စောင့်





နေရစ်. . ကျွန်မသွားပြီးကြည့်လိုက်အုံးမယ်”

မပန်းလှသည် လူရွှယ်ထွက်သွားရာ ယင်တိုက်ပင်ကြီးနှင့် မနီးမဝေး ကိုင်တောစပ်လေးနားသို့ လိုက်သွားခဲ့သည်။

တောစပ်လေး အလွန်တွင် မထင်မှတ်ဘွယ်ရာ လှပသော တိုက်ကြီးတစ်လုံးကို တွေ့လိုက်သည်။

ထိုတိုက်ကြီးထဲသို့ မောင်ကြီးဆိုသူက ခေါ်သွားသဖြင့် လိုက်သွားခဲ့သည်။

တိုက်ထဲတွင် အခန်းပေါင်းများစွာရှိသည်။ ဧည့်ခန်းကြီးတစ်ခုအတွင်းသို့ အရောက် ခေါင်းပေါင်းဖြူပေါင်းထားသော လူကြီးလေးယောက် အမြင့်မှာ ထိုင်နေသော ဝဝဖိုင့်ဖိုင့် ဦးသူတော်ကြီး တစ်ယောက်၊ အလွန်လှပသော မိန်းကလေးများ၊ ဓားထမ်း၍စောင့်နေကြသူများကို တွေ့ရသည်။

တစ်နေရာရှိ အခန်းသုံးလေးခန်းတွင်း၌ ရွှေ ငွေ ကျောက်သံ ပတ္တမြားများ ရွှေအသုံးအဆောင် ပစ္စည်းများ အပုံလိုက်ထည့်ထားသည်ကို မပန်းလှ မြင်ခဲ့ရသည်။

ထိုအခါ မပန်းလှက မောင်ကြီးဖြစ်သူအား



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး ယူလို့ရရင်၊ တစ်ခုလောက် ယူပေးပါလား"

"မောင်ကြီးက တန်ဖိုးရှိပစ္စည်းများကို ယူမပေးနိုင်၊ နှမလိုချင်ယူပါလား"

"မောင်ကြီးယူပေးနိုင်တာက ဒီအခန်းတွေထဲမှာရှိတဲ့ ရွှေငွေပစ္စည်းတွေ မဟုတ်ဘူး၊ ကိုယ်ပိုင် အသုံးအဆောင်ထဲက ငွေထယ်ပစ္စည်းပဲ ယူပေးနိုင်တယ်"

"ကျွန်မက အပြင်လူ ဘယ်မှာယူဝံ့ပါ့မလဲ မရတဲ့အတူတူ . . မယူပဲပြန်တော့မယ်"

ထိုသို့ပြောလိုက်သည်နှင့် ယင်းတိုက်ပင်ကြီးအောက်သို့ ရောက်သွားသည်။

မပန်းလှလည်း သိုက်ထဲတွင် တွေ့ခဲ့သမျှ အလုံးစုံ၊ ကိုထူးသာအား ပြန်ပြောပြလေသည်။

"ကိုင်းတောအလွန်မှာ တိုက်ကြီးတစ်လုံးရှိတယ် အဲဒီအထဲမှာ ရတနာတွေက မရေမတွက်နိုင်အောင် ရှိတယ် အကြီးအကဲကတော့ ဦးသူတော်ကြီးပဲ"

"ရွှေငွေရတနာ မယူပေးနိုင်ဘူးဆိုတဲ့ မင်းရဲ့ အစ်ကိုတော်က သိုက်ထဲက အမှုထမ်းတစ်ယောက်ပဲ ဖြစ်မယ်





ဒါကြောင့် သူပိုင်တဲ့ ငွေထည်ပစ္စည်းကို ယူလာပေးတာ"

"ကဲ ဒီတစ်ခါ . . မင်းရဲ့မောင်ကြီးလာရင် ဒီစကား တစ်ခွန်းကို မေးကြည့်စမ်း ဟုတ်လား"

"ဘယ်လိုမေးရမှာလဲ"

"အဲဒီသိုက်ကို နိုင်တဲ့ ဆရာသမားများနဲ့ သိုက်ဖေါ်ရင်. ယူလို့ရလားလို့ မေးကြည့်စမ်း"

မကြာခင် အစ်ကိုတော်သူ ရောက်လာပြန်ရာ မပန်းလှလည်း လင်ယောက်ျားမေးခိုင်းသည့် အတိုင်း မေးလေတော့သည်။

"အေး မင်းတို့ဆရာစွမ်းရင် လုပ်ယူကြ၊ မောင်ကြီးကတော့ ဘာ အနှောင့်အယှက်မှ ဝင်မပေးဘူး"

ထိုသို့ ပြောပြီး စကားအချို့ပြောကာ ပြန်သွားလေလျှင် မပန်းလှလည်း ကိုထူးသာအား အလုံးစုံပြန်ပြောပြလေသည်။

ကိုထူးသာလည်း ထိုအချိန်မှစပြီး ဆရာသမားများစွာ လှည့်လည်ရှာဖွေရာ မိတ်ဆွေဖြစ်သူ ကိုလှထွန်း၏ လမ်းညွှန်မှုနှင့် ဆရာဦးမြတ်အောင်နှင့် ဆုံတွေ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကိုထူးသာလည်း ဆရာဦးမြတ်အောင် သိလိုသမျှကို အစုံအလင် ပြောပြလိုက်လေတော့သည်။

ကိုထူးသာစကားဆုံးသည်နှင့် ဆရာဦးမြတ်အောင်က. .

"အင်း ကိုထူးသာတွေ့ခဲ့တဲ့ သိုက်က ဥစ္စာသိုက်ပဲ. . ဆရာ. ဤလိုမျိုး ဥစ္စာသိုက်တွေ. ဖေါ်ဘူးပါတယ်။

"ဘာမှစိုးရိမ်စရာမရှိပါဘူး။ အားလုံးစည်းစည်းလုံးလုံးရှိဘို့လိုတယ်။ သတ္တိလဲရှိရမယ်"

သိုက်ကို အောင်မြင်က ထိုက်တန်သော ဝေစုကိုပေးမည်ဟု ဆရာက ကိုထူးသာကို ပြောပါသည်။

"ဆရာနဲ့အတူ တပည့်တစ်ယောက်ပါမယ် ကိုထူးသာနဲ့ဆို သုံးယောက်ပါမယ် ဟုတ်လား"

သုံးရက်အတွင်း ခင်ဗျားတို့ ရွာကို အရောက်လာခဲ့မယ်။ ဒီကနေပြီး စီစဉ်စရာရှိတာတွေ ကြိုပြီး စီရင်ခဲ့မယ်"

ကျုပ်တို့ အခုလို သိုက်တူးဖေါ်မယ့်ကိစ္စကို ခင်ဗျား ဘယ်သူ့မှ မပြောနဲ့ ဟုတ်လား။





ဒီကိစ္စက နှုတ်လုံမှုဖြစ်မှာနော တစ်ယောက်ယောက်သိလို့ ရောက်လာခဲ့ရင် စည်းပေါက်ပြီး အားလုံးဒုက္ခရောက်သွားနိုင်တယ်။

"အဆုံးစွန်ပြောမယ် ကျုပ်တို့အသက်တွေပါ ဆုံးရှုံးသွားနိုင်တယ် ခင်ဗျား နှုတ်လုံပါစေ"

"ဟုတ်ကဲ့ ဒီကိစ္စဘယ်သူ့မှ မပြောပါဘူး နှုတ်လုံပါ့မယ်"

သို့ဖြင့် ဆရာဦးမြတ်အောင် အိမ်မှ ကိုထူးသာလည်း ပြန်လာခဲ့သည်။

ဆရာဦးမြတ်အောင်လည်း ချိန်းထားသည့်ရက်ရောက်သောအခါ ယင်းမာရွာသို့ တပည့်တစ်ယောက်နှင့်အတူ ရောက်လာခဲ့သည်။

အိမ်မှ မထွက်ခင် ဆရာက ကိုထူးသာတို့အား၊

သေသေချာချာမှတ်ထား ဥစ္စာသိုက်ထဲ ဝင်သွားခဲ့ရင် ဘာပေးပေး၊ဘာကျွေးကျွေး မစားနဲ့၊ ဘာပေးလို့မှမယူနဲ့။

"ဘယ်သူ့မျက်နှာမှလဲ အသေအချာ မကြည့်နဲ့စိတ်ထဲက သရဏဂုံ သရဏဂုံ ရွတ်ပြီးနေ။ ခင်ဗျားတို့ဆိုပ



www.burmeseclassic.com

www.burmeseclassic.com



စရာ ဘာမှမရှိဘူး"

"အဖေါ်သက်သက်ပါပဲ၊ ကျုပ်ဟာကျုပ် စီစဉ်ထားပြီးပြီ မှတ်ထားကြနော်"

"ဟုတ်ကဲ့ ဆရာ"

ညမှောင်သည်နှင့် သူတို့ ဆရာတပည့်သုံးယောက် ယင်းမာရွာမှ ယင်တိုက်ပင်ကြီးအောက်သို့ ထွက်လာကြသည်။

"ကဲ ဘာမှ မကြောက်နဲ့ ဆရာတစ်ယောက်လုံး ရှိတယ်။ ဆရာမှာထားတာကိုသာ လိုက်နာကြ ကဲ ကွမ်းတစ်ယာစီ ယာလိုက်ကြ"

ဆရာဦးမြတ်အောင် ခိုင်းသည့်အတိုင်း ကွမ်းတစ်ယာစီယာကြသည်။

ယာပြီးသော ကွမ်းယာကို ဆရာက တောင်းသဖြင့် ပေးလိုက်ကြသည်။

ဆရာလည်း ကွမ်းယာသုံးယာကို စုပေါင်းကိုင်လိုက်ပြီး ယင်းတိုက်ပင်ကြီးအောက်မှာထိုင်၍ မန်းမှုတ်နေသည်။

မန်းမှုတ်ပြီးမှ တစ်ယာစီပြန်ပေးသည်။





"ကဲ ကွမ်းယာမန်းကိုစားလိုက်ကြ။ ကွမ်းသွေးလည်းမထွေးနဲ့။ မျိုချ။ ကွမ်းယာဝါးပြီးသားကိုလဲ မထွေးနဲ့ ငုံထား"

ကျုပ်သွားရာနောက်က မကြောက်မလန့်ပဲ ကပ်လိုက်ခဲ့ကြ။ မနေရစ်ခဲ့နဲ့။ နေရစ်လို့ ဒုက္ခတွေ့ရင် ကျုပ်တာဝန်မခံဘူး။ လာလိုက်ခဲ့ကြ။

ဆရာလည်း လက်တစ်ဖက်က တစ်ထွာခန့်ရှည်သော ဆေးစီရင်ပြီး ပျားဖယောင်းတစ်တိုင် အခြားလက်တစ်ဖက်က သိမ်ဝင်သပိတ်ကွဲတွင် အင်းချထားပြီး ထိုအင်းချပ်ကို ကိုင်လျက်။

ကိုင်းတောစပ်အလွန်တွင် အင်းချပြီးသော သိမ်ဝင် သပိတ်ကွဲပေါ်၌ ဆေးဖယောင်းတိုင်ကို မီးညှိ၍ မီးထွန်းပြီး မန်းမှုတ်လိုက်ရာ။

ရှေ့လှမ်းလှမ်းမှ မီးခိုးလုံးကြီး ဖြစ်ပေါ်လာပြီး မီးခိုးများ ပျောက်သွားသည်နှင့် သိုက်တံခါးဝပေါ်လာသည်ကို အားလုံးတွေ့ကြသည်။

ထိုတံခါးမှ အထဲသို့ ဆရာဦးဆောင်၍ ဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲသို့ရောက်လျှင် မီးရောင်အောင်၍ ဆံပင် ဖားလျားချလျက် အသက်အရွယ်အားဖြင့် '၁၆'နှစ်ခန့် ရှိ အလွန်လှပ၍ ရှေးခေတ်အခါကဲ့သို့ ထိုင်းမသိမ်း အ ချိတ်ထမီ ပန်းသွေးရောင်နှင့် အကြီးအငယ်ခွဲမရအောင် အလှချင်းတူသည့် မိန်းကလေး ဆယ်ယောက်ခန့် တွေ့ လိုက်ရသည်။

ထိုမိန်းကလေးတို့က ပြုံးရွှင်သောမျက်နှာနှင့် ဆီး ကြိုနှုတ်ဆက်ကြလေသည်။

"အတွင်းသို့ကြွကြပါရှင်"

ဆရာနှင့် တပည့်နှစ်ယောက်လည်း ဆရာမှာ ထားသည့်အတိုင်း မိန်းကလေးမျက်နှာများကို မကြည့် မိရန် ကြိုးစားကြသည်။

ထိုမိန်းကလေးများကို ကျော်ခဲ့၍ အတွင်းသို့ ဆက်ဝင်ခဲ့ပြီးသောအခါ ကျောက်ဖရောင်းတိုင်ကြီးနှစ် တိုင် ထွန်းညှိလျက် ကျောက်စီသလွန်တစ်ခုပေါ်ဝယ် ဖဲကတ္တီပါ မှီအုံးကြီးကို မှီကာ ကြေးပုရပိုက်ကို ဖတ်ရှု နေသော အလွန်ကြည်ညိုဘွယ်ကောင်းသည့် ဖိုးသူ တော်ကြီးကို တွေ့လိုက်သည်။





ဖိုးသူတော်ကြီးရှေ့တွင် ခေါင်းပေါင်းဖြူလူကြီး တချို့နှင့် အမျိုးသမီးချောချောလေး နှစ်ယောက်တို့ ရှိ နေသည်။

ထိုအမျိုးသမီးလေးနှစ်ယောက်က ပုဆစ်တုတ် ထိုင်နေပြီး လက်အုပ်ချီထားသည်။ တစ်ယောက်သော အမျိုးသမီးလေးက သူတို့မသိသော စကားတချို့ကို ဦးသူတော်ကြီးအား လှမ်းပြောလိုက်ရာ

ဦးသူတော်ကြီးသည် စာကြည့်နေရာမှ လှမ်း ကြည့်လိုက်ပြီး တကာတို့ ကော်ဇောပေါ်မှာ လာထိုင် ကြကွဲ့။

"ဟဲ့ ကလေးမတွေ လဘက်ရည်ပွဲပြင်ခဲ့"

ထို့နောက် ပုရပိုက်ကို ပေါင်ပေါ်မှာတင်လျက်၊ မျက်လွှာချကာ ပုတီးကိုသာစိတ်၍ နေလေသည်။

ဆရာကြီးဦးမြတ်အောင်ကလည်း ပတ်ဝန်းကျင် ရှိလူများကို မကြည့်ပဲ ဦးသူတော်ကြီးအား စူးစိုက်ကြည့် နေခိုက် မိန်းကလေးသုံးယောက်တို့သည် ရွှေလင်ဗန်း၌ လဘက်ရည်ကရားထည့်ပြီး အကြမ်းပုဂံသုံးလုံးနှင့်အတူ ရှေ့၌ လာချသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က ရွှေပုဂံအတွင်း၌ ထန်းလျက်ခဲများ ထည့်လျက်လာချသလို ကျန်မိန်းကလေးကလည်း ရွှေပုဂံအတွင်း ပေါက်ပေါက်ဆုတ်များထည့်လျက် ဆရာတပည့်သုံးယောက်ရှေ့သို့လာ၍ ချပေးလေသည်။

ထို့နောက် ဦးသူတော်ကြီးလည်း မော့၍ တည်ကြည်သော မျက်နှာနှင့်။

"တကာတို့ မောလာကြပြန်တူရဲ့၊ သောက်ကြ၊ စားကြ၊ စေတနာနဲ့ ကိုက်ကျွေးတာကွဲ့၊ ဘာမှမကြောက်ကြနဲ့"

သိုက်ဆရာဦးမြတ်အောင်က "ကောင်းပါပြီးဘုရား တပည့်တော်တို့ ညစာစားခဲ့တာ မကြာသေးပါဘူးဘုရား"

ထိုအခါ ဦးသူတော်ကြီးက. .

"စားပြီးသောက်ပြီးပြီ ဆိုရင်လည်း တရားစကားလေးတော့ အချိန်ပေးပြီး နာယူကြဦးကွဲ့

"မြတ်စွာဘုရားရဲ့တရားဒေသနာတော်တွေကို ကြားနာရခဲ့တယ်။ ဒကာတို့ ကြုံကြိုက်တုန်း ဦးသူတော်





ဟောတာ နာယူသွားအုံး။ နောက်ကို နာချင်ပေမယ့် ကြုံချင်မှ ကြုံမှာ"

ထိုသို့ပြောပြီး တရားကိုစဟောလေသည်၊ ဆရာနှင့်တပည့်တို့မှာ ဝပ်တွားကာ တရားဒေသနာကို နာလျက်နေကြရာ တခါတရံ လောဘ ရှေ့ထား မှားသည့် တရားများလည်းပါသည်။

တခါတခါ ဒါနပြုခြင်းများ၊ အကျိုးတရားများ အကြောင်းလည်းပါသည်။ သူတပါးလှူတန်းထားသည့် ပစ္စည်းဥစ္စာတို့ကို လိုချင်တပ်မက်ကာ ယူငင်သုံးစွဲက၊ အပါယ်ငရဲသို့ လားမည့်အကြောင်းလည်းပါသေးသည်။

ဦးသူတော်ကြီးဟောကြားသည့် တရားတော်များကို ကြည်ညိုစွာနှင့်ပင် မလှုပ်မရှားပဲ အားလုံးနာယူ၍ နေကြသည်မှာ တိုက်ကြီးအတွင်း၊ မီးများလင်းထိန်အောင် ထွန်းထားသဖြင့် အချိန်မည်မျှကြာသွားသည်ကိုပင် မမှန်းဆနိုင်။

"ထိုသို့ ဟောပြောနေရာမှ တရားချသွားပြီး ဦးသူတော်ကြီးက တကာတို့ ဟိုဘက်အခန်းတွေကို ကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြည့်လိုက်သော အခန်းများတွင် ပြောင်လက် လှသော ကျောက်မျက်ရွဲများအပြည့် လှည်း အစီးပေါင်းများစွာ တိုက်၍မကုန်နိုင်လောက် ရွှေ ငွေ ရတနာများစွာကို မြင်ကြရလေသည်။

"တကာတို့လဲ၊ သဒ္ဓါတရားရှိပါက နောင်ပွင့်မယ့် ဘုရားကို ရည်စူးပြီး နဲ့များမဆို စေတနာသုံးတန်ထား လို့ လှူဒါန်းသွားကြပါအုံး။

သာယာနာပျော်ဘွယ် အသံနှင့် ပြောပြီးအလှူ ခံလေတော့သည်။

ထိုအခါအနားတွင် ထိုင်နေသော ရေနွေးလာ ချပေးသည့် မိန်းမလှလေးက ငွေဖလားကြီးတစ်လုံးကို မ၍ ဆရာတပည့်သုံးယောက်ထံ့ အလှူလာခံသည်။

ဆရာကြီးထံမှစပြီး တပည့်နှစ်ယောက်လည်း ပါသမျှထုတ်ကာ ဖလားထဲသို့ ထည့်လှူလိုက်လေသည်။

ထို့နောက် ဦးသူတော်အား ဝက်ဖြည့်လိုက်ပြီး၊ တိုက်အတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

ထိုကဲ့သို့ ထွက်လာရာ တိုက်ဝ၌ သူငယ်မတစ် ယောက်က စောင့်ပြီး ရွှေလင်ဗန်းထဲမှာ ဆေးပေါ့လိပ်





သုံးလိပ်ကိုထည့်ပြီး။

"အိမ်ပြန်လက်ဆောင် ယူသွားကြပါရှင်"

မိန်းကလေးက ပြုံးရွှင်စွာ ပြောသည်နှင့် ဆရာ ကြီးနှင့်ပါသူ တပည့်က မယူပဲထွက်သွားသော်လည်း ကို ထူးသာက ဆေးပေါ့လိပ် တစ်လိပ်ကို ယူလိုက်လေ သည်။

ဆရာတို့မသိအောင် ခါးကြားထိုးခဲ့ပြီး တိုက်အ ပြင်ဘက်ရောက်မှ ဆေးပေါ့လိပ်ကို အသာအယာယူ ကြည့်လိုက်ရာ။

ဆေးပေါ့လိပ်၌ အစီခံမပါ ဆေးဗလာနှင့် ဖက် လိပ်ဟောင်းလောင်းဖြစ်နေသည်ကို တွေ့လိုက်သော အခါ၊ အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

"ဘယ်လိုလဲ ကိုထူးသာ ဥစ္စာစောင့်တွေရဲ့လှည့် စားတာကို ခံလိုက်ရပြီးမဟုတ်လား"

"ဟုတ်ကဲ့ဆရာဘယ်လိုသိလဲ"

"အစတည်းက ကျုပ်ပြောထားတာပဲ၊ ဘယ်သူ ဘာပေးပေး မယူရဘူးလို့ ပြောထားတယ် မဟုတ်လား"

"အခုတော့ သိုက်သွားတူးတာ ရွှေ ငွေ ရတနာ



www.burmeseclassic.com

www.burmeseclassic.com



မရတဲ့အပြင်၊ ပါသမျှပိုက်ဆံလေးလဲ လှူခဲ့ရပြီ"

ထို့နောက် ဆရာဦးမြတ်အောင်တို့ မြို့ပြန်ရန် လမ်းစရိတ်မရှိသဖြင့်၊ ကိုထူးသာလည်း ဇနီးဖြစ်သူ မရောင်းပဲထားသော ငွေခွက်ကို ရောင်းချပြီး လမ်းစရိတ် ပေးလိုက်ရလေတော့သည်။

ကိုထူးသာလည်းသိုက်တူးရန် ဆရာများနှင့် ကြံစည်ခဲ့သော်လည်း သိုက်အတွင်းမှ ဘာတစ်ခုမှ မရခဲ့။

သို့ကြောင့်ပင် ဇနီးဖြစ်သူ၏ အရင်ဘဝက မောင်နှမတော်သူ၏ ကူညီထောက်ပန့်မှုအနည်းငယ်နှင့် သူကိုယ်တိုင် လုပ်ကိုင်ရှာဖွေရရှိသော လုပ်အားခငွေနှင့်ပင် လုံလောက်အောင် လောဘကိုသတ်ကာ နေခဲ့ရလေတော့သည်။



## အချိန်မတော် လာပင့်တဲ့ အသုဘ

တနေ့သော ညနေ နေဝင်ရီတရော မီးထွန်းချိန် အသက်သုံးဆယ်အရွယ် လူတစ်ယောက်နှင့် အသက်ငါးဆယ်ခန့်ရှိ လူတစ်ယောက်တို့ ဘုန်းကြီးကျောင်းပေါ် တက်လာပြီး ဘုန်းတော်ကြီးအား ဝတ်ချကာ နေကြလေသည်။

ထိုအခါ ဘုန်းတော်ကြီးက ရှေ့၌ထိုင်နေသော တကာနှစ်ယောက်ကို အကျိုးအကြောင်းမေးလိုက်သည်။

"တကာတို့ ဘယ်အရပ်က ဘာကိစ္စလာခဲ့တာလဲကွဲ့"

ဘုန်းကြီးမေးလိုက်သောအခါ တကာနှစ်ယောက်အနက် အသက်အကြီးဆုံး လူက ဘုန်းကြီးအား



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားလေသည်။

"တပည့်တော်တို့က တရပ်တကျေးမှ ခရီးသွားများ ဖြစ်ကြပါသည် ဘုရား"

"အထက် အညာကနေ အောက်ပြည်အောက်ရွာမှာ အလုပ်အကိုင်ရှာဖွေလုပ်ကြရန် ထွက်လာခဲ့ကြခြင်းဖြစ်ပါသည် ဘုရား"

"တပည့်တော်တို့ မိသားစု ငါးစု လှည်းငါးစီးနှင့် ခရီးထွက်လာကြရာမှ ဒီရွာမရောက်ခင် ပါလာသော ကလေးလေးတစ်ယောက် နာမကျန်းဖြစ်ပြီး ဆုံးသွားခဲ့ပါတယ် ဘုရား"

"တပည့်တော်တို့မှာလည်း အသိအကျွမ်းမရှိသည့်အတွက် ယခုညတွင်းချင်းပင် သင်္ဂြိုလ်ခြင်းကိစ္စကို ပြီးမြောက်အောင်ဆောင်ရွက်ချင်ပါသည် ဘုရား"

"အရှင်ဘုရား၏ ကျောင်းအနီးရှိ သုသာန်မှာ ကလေးအလောင်းကို ထားရပါသည် အရှင်ဘုရား အသုဘရှုကြွရောက်ပြီး တရားချီးမြှင့်ပေးပါရန် လာရောက်လျှောက်ထားခြင်းဖြစ်ပါသည် ဘုရား"

ထိုသို့ အကျိုးအကြောင်းလျှောက်ညီစွာ လျှောက်





ထားလေသဖြင့် ဘုန်းတော်ကြီးလည်း သနားဂရုဏာဖြစ်သွားလေသည်။

"အော် ဖြစ်မှ ဖြစ်ရလေတယ်ကွယ်"

"တကာကြီးတို့ဖြစ်ချင်တဲ့ ဆန္ဒပြည့်ဝအောင် ဘုန်းကြီးအခုပဲ လိုက်ခဲ့ပါ့မယ်"

ထိုကဲ့သို့ ပြောပြီး ဘုန်းတော်ကြီးလည်း သင်္ကန်းကို ပြင်ရုံ၍ ယပ်တောင်ကိုယူကာ လာပင့်သူ တကာနှစ်ယောက်နှင့်အတူ လိုက်သွားလေသည်။

တကာနှစ်ယောက်က အပူဇောဆိုက်၍ အတူပါလာသော ဘုန်းကြီးကိုပင် စောင့်မခေါ်နိုင်ပဲ ရှေ့မှ သုတ်သုန်နှင့် ထွက်သွားကြလေသည်။

အသက် '၆၀'ကျော်ပြီဖြစ်သော ဘုန်းကြီးလည်း စမ်းတဝါးဝါးနှင့် နောက်မှာလိုက်ခဲ့ရသည်။

မကြာခင် သင်္ချိုင်းအတွင်းသို့ ရောက်ခဲ့သည် သင်္ချိုင်းအလယ်တွင် ဇရပ်အို တဆောင်ရှိနေသည်။

တကာနှစ်ယောက်တို့၏ ပင့်လျှောက်ချက်ကြောင့် မငြင်းဆန်ပဲ လိုက်ပါသွားသော ဘုန်းတော်ကြီးသည် သုသာန်သို့ရောက်၍ ဟိုဟိုသည်သည်သို့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ လှည်းငါးစီးကို နွားမဖြုတ်ပဲ လှည်းမှာကောက် လျက်အတိုင်း မြင်ကြရသည်။

ဇရပ်အိုအတွင်း မိန်းမယောက်ျားတို့သည် ငိုလျက်ရှိနေသည်ကို တွေ့ရသည်။

သူတို့အားလုံး၏အလယ်တွင် အသုဘကောင်လေးကို ပုဆိုးဟောင်းတစ်ထည်ခင်လျက်အပေါ်မှ ပုဆိုးဟောင်းတစ်ထည် ဖုံးအုပ်ထားသည်ကို တွေ့ရသည်။

ဘုန်းကြီးလည်း အသုဘကောင်လေး၏ ခေါင်းရင်းဘက်တွင် ထိုင်လိုက်သည်။

ဘုန်းကြီးလာပင့်သော လူကြီးက ဘုန်းကြီး၏ ရှေ့နားတွင် ထိုင်လိုက်ကာ။

'တပည့်တော်တို့မှာ ခရီးသွားများဖြစ်ပါသည်။ သို့ကြောင့် အရှင်ဘုရားကို လှူစရာငွေကြေး ဝတ္ထုအလှူတကူမရှိပါသဖြင့် ဟိုမှာချည်ထားသော နွားပေါက်ကလေးကိုသာ လှူဘွယ်ဝတ္ထုအဖြစ် လက်ခံတော်မူပါဘုရား"

ထိုကဲ့သို့လျှောက်ထားလေလျှင် ဘုန်းတော်ကြီးကလည်း။





"အေး အေး လှူလိုက်ပြီဆိုရင်လည်း တကာတို့ ကုသိုလ်ရဘို့အတွက် ဘုန်းကြီးလက်ခံရတာပေါ့"

အရှင်ဘုရားဆီ နွားကလေးဆွဲခဲ့ရမလားဘုရား"

"အဲဒီမှာပဲချည်ထားလိုက်ပါ ဘုန်းကြီးပြန်ကြွမှ တကာတစ်ယောက်ကျောင်းကိုသာ လိုက်ပို့ပေးပါ"

အသုဘကောင်လေးနှင့် ဘုန်းကြီးကြားတွင် မီးခွက်တစ်ခုထွန်းထားသဖြင့် အားလုံးကိုထင်ရှားစွာ မြင်နေရလေသည်။

ထို့နောက် အားလုံးလှုပ်ရှားမှု မရှိတော့မှ ဘုန်းတော်ကြီးကလည်း မျက်လွှာကိုချ။ ယပ်တောင်ကို ကိုင်လျှက် -

"ကိုင်း ကန်တော့ကြ၊ ကန်တော့ကြ"

ဘုန်းတော်ကြီးက တရားစရန် အသုဘရှင်နှင့် ခရီးသွားကို ကန်တော့ခိုင်းလိုက်သည်။

ဘုန်းကြီးက ထိုသို့ကန်တော့ခိုင်းသော်လည်း ဘာသံမှ မကြားသည်နှင့် ဘုန်းတော်ကြီး၏စိတ်တွင် ဒကာဒကာမတွေ အသံတိုး၍ ကြားဟန်မတူဟု အတွေးဝင်ကာ အသံကိုမြှင့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ကြ . . ကန်တော့ကြ"

ထပ်မံ၍ ပြောပြန်လေသည်။ သို့သော် လှုပ်ရှားမှု မကြားရ။ ငြိမ်ချက်သားကောင်းနေသည်။

ထိုအခါ ဘုန်းတော်ကြီးမှာ ကြက်သီးတဖြန်းဖြန်းထပြီး ခေါင်းနဘမ်းကြီး၍လာသည်နှင့် ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ မှောင်မဲထက်လန့်ဖွယ်သာ ဖြစ်နေသောကြောင့် ယပ်တောင်ကို ကွယ်ထားရာမှ ခေါင်းမော့၍ ကြည့်လိုက်သောအခါ မီးခွက်နှင့် အသေကောင်လေးမှတပါး -

လှည်းငါးစီးနှင့် လူဟူ၍ တစ်ယောက်မှ မရှိတော့သည်ကို တွေ့လိုက်ရသည်။

"ဟာ ဘယ်လိုဖြစ်တာလဲ"

ထိုမျှသာပြောပြီး ယပ်ကိုဆွဲကာ ဇရပ်ကြီးပေါ်မှ ကသောကမျော ကျောင်းသို့ ပြေးလွှားခဲ့လေတော့သည်။

အသက်ကြီးပေမယ့် ကြောက်အားလန့်အား ပြေးလာသော ဘုန်းတော်ကြီးသည် ကျောင်းသို့ရောက်သောအခါ မျက်စိများ ပြာလာအောင် မောပန်းနေသာ



BURMESE CLASSIC .com



ဖြင့် ကျောင်းတိုင်ကိုမှီကာ ခဏမျှ အမောဖြေနေလိုက်သည်။

အမောပြေမှ ကျောင်းသားတစ်ယောက်ကို ခေါ်လိုက်ကာ ရေခပ်ခိုင်းပြီး ရေသောက်ရသည်။

တော်တော်လေးကြာ အမောပြေမှ မိမိလက်တွင် စွဲမြဲစွာ ကိုင်ထားသော ယပ်တောင်ကို မြင်လိုက်ရာ ယပ်တောင်မှာ အရွက်မရှိတော့ပဲ အရိုးများသာ ရှိနေသည်ကို တွေ့ရသည်။

တစ်ညလုံး ထိုအဖြစ်ကို တွေးလိုက်မိတိုင်း ထိတ်လန့်ချောက်ချားနေမိသည်။

ဘုန်းတော်ကြီးဖြစ်သော်လည်း တရားရ၊ တရားပေါက်နေသည့် ကိုယ်တော်မဟုတ်သေးသဖြင့် ကြောက်စရာရှိလျှင် ကြောက်မိသည်။

အရုဏ်ကျင်း၍ အလင်းသို့ရောက်လာအခါ ညက လှူခဲ့သော နွားကလေးကို သတိရသည်နှင့် စိတ်ကလည်း မကျေမနပ်ဖြစ်လာသည့်အတွက် သုသာန်သို့ သွားရောက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် တစ်ပါးတည်း သုသာန်သို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သုသာန်သို့သွားရာ လမ်းတစ်လျှောက်တွင် ယပ်တောင်နှင့် သစ်ပင်တို့ငြိရာ စုတ်ပြတ်ကျန်ခဲ့သော ယပ်တောင်မှ အရွက်များကို တွေ့ရသဖြင့် ပြုံးလိုက်မိသည်။

သုသာန်အတွင်းသို့ ရောက်သောအခါ သစ်ပင်မှာ ချည်ထားသည်ဆိုသော နွားလေးကိုကြည့်လိုက်သည်။ နွားပေါက်လေးကို မတွေ့ရဘဲ ထန်းလက်ဖက်အကြောနှင့်ထိုးထားသော နွားရုပ်လေးကို နွယ်ကြိုးနှင့် သစ်ပင်မှာ ချည်ထားသည်ကို တွေ့ရသည်။

အသုဘကောင်လေးနေရာ၌ ပုတ်သင်ညိုလေး တစ်ကောင် ဖြစ်နေသည်ကို တွေ့ရသည်။

မီးခွက်ထွန်းထားသော နေရာမှာ ပိုးစိမ်းဖြူအသေကောင်လေး ကပ်ထားသည်ကို တွေ့လိုက်သည်။

သို့ကြောင့် ဘုန်းကြီးလည်း အရာရာကို ကြည့်ပြီး ကောက်ချက်ချလိုက်လေသည်။

"အင်း ညကဟာတွေက လက်စသတ်တော့ ကျတ်တွေပဲ"

"နောက်ကို အချိန်မတော် လာပင့်ရင် ဘယ်





လောက်အရေးကြီးကြီး မလိုက်တော့ဘူး"

ဟု သံမိဋ္ဌာန်ချပြီး ကျောင်းသို့ ပြန်ကြွလာခဲ့တော့သည်။

**တေနိုမင်း**



www.burmeseclassic.com

www.burmeseclassic.com



# ပျော်ပွဲစားရောက်လာသော
# မဗဲဒါ
# နှင့်
# ဘုန်းကြီးတစ္ဆေ

BURMESE CLASSIC .com

ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
☎ ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

www.burmeseclassic.com